www.burmeseclassic.com

# ကြည်နုခေတ်ါ

ဟိုး အရင်ကလို




www.burmeseclassic.com

www.burmeseclassic.com

# ကြည်နုခေတ်

# ဟိုး....အရင်ကလို

www.burmeseclassic.com

www.burmeseclassic.com



ဒါ...မောင်ပေးတဲ့အချစ်ပဲလား

ခါးလိုက်တာ မောင်ရယ်...

ရင်ခွင်တစ်ခုလုံး လှိုင်းတွေထန်၊ လေတွေကြမ်းပြီး အလွမ်းမုန်တိုင်း သင့်စေတာ အချစ်တဲ့လား...

ခါးမှန်းသိပေမယ့် မျိုချခဲ့မိပါပြီ။

အချစ်ဆိုတာ လောင်းကစားဝိုင်းတစ်ခုထဲ ရောက်နေရသလိုပါပဲ။ ရှုံးနေမှန်းသိသိနဲ့ ပြန်နိုင်လေမလားဆိုတဲ့ လောဘစိတ်ကြောင့် ဘယ်တော့မှ နှုတ်ထွက်ဖို့ စဉ်းစားမှာ မဟုတ်ပါဘူး...

ဒါကို...ဘယ်သူတွေကများ မိုက်မဲလှချည်ရဲ့လို့ စွပ်စွဲကြဦးမှာလဲ...

အချစ်ကို ဝင့်ကြွေးတစ်ခုလို အမိပ္ပာယ်သတ်မှတ်ဖို့တော့ သိပ်ကိုစောလွန်းပါတယ်မောင်ရယ်...

နေရောင်နီ

ရွှေပဒေသာစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ကိုယ် ဒီနေ့ပဲ နယ်က ပြန်ရောက်တာ မေစုမွန်"

သူမ သွားမည့်လမ်းတည့်တည့်မှာ ရှေ့ကပိတ်ရပ်ရင်း ပြောလိုက်သောစကားကြောင့် မေစုမွန်က မျက်လုံးလေးဝိုင်းရင်း တအံ့တသြနှင့် မော့ကြည့်လာသည်။

သူမက လက်ပိုက်ရင်း ခေါင်းကိုနည်းနည်းမော့လိုက်၏။ Sky blue ဂျင်းနံဘောင်းဘီနှင့် တီရှပ်ပွပွကြီးကို ဝတ်ထားသော သူမပုံစံက မျက်နှာမှာ ဘာမှလိမ်းခြယ်မထားတာမို့ ယောကျ်ားလျာလိုလိုဘာလိုလို။

ဒါပေမဲ့ ပခုံးပေါ်မှာ ပျော့နွဲ့ဖြာကျနေသည့် အညိုရောင်



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းတွန့်ဆံပင်တွေကြောင့် ခပ်လှလှမိန်းမတစ်ယောက်မှန်း အဝေးက ကြည့်ရုံနှင့် မြင်သာပါသည်။

"မင်း ကိုယ့်ကို လုံးဝမသိဘူးထင်တယ်"

မေစုမွန်က ဖဝေဖဝါပုံစံလေးနှင့် ခေါင်းကိုခပ်သွက်သွက်ခါသည်။ ထိုအမူအရာလေးက လုံးဝအပြစ်ကင်းလွန်းလှတာမို့ သူမရင်ထဲ တစ်မျိုးတော့ ဖြစ်သွားရသည်။

"အင်း. . . ဒါဖြစ်သင့်ပါတယ်။ တစ်ခါမှမတွေ့ဖူးတဲ့လူတစ်ယောက်ကို မသိဘူးဆိုတာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ကိစ္စပဲ။ ဟုတ်တယ်ဟုတ်"

"ဟုတ်. . . ဟုတ်ကဲ့၊ ဒါပေမဲ့ ဟို အလုပ်က. . ."

"မေစုမွန်က Supermarket ကြီးတစ်ခုမှာ အလုပ်လုပ်တယ်လေ။ ဒါလည်း ကိုယ်သိပြီးပါပြီ။ အလုပ်စဝင်ရမှာ ကိုးနာရီ၊ အခု ရှစ်နာရီလေးဆယ့်ငါး ရှိပြီ။ ကားစီးရမှာ ဒီကနေ အနည်းဆုံး ခုနစ်မိနစ်ကျော်လောက် ကြာမယ်၊ ကားပေါ်ကဆင်းပြီး လမ်းလျှောက်တာ ငါးမိနစ်၊ အချိန်က ကွက်တိဖြစ်နေပြီ။ ဒီတော့ မင်းနောက်ကျမှာ စိုးရိမ်တယ်ပေါ့"

သူမစကားကြောင့် မေစုမွန် ကပျာကယာ ခေါင်းညိတ်ရှာသည်။





"သိပ်တော့မစိုးရိမ်ပါနဲ့၊ ဒီနေ့ မေစုမွန် အလုပ်နောက်ကျစရာအကြောင်းမရှိတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ ကိုယ်နဲ့ တစ်နေကုန်နီးပါး စကားပြောရမှာမို့"

"ရှင်!. . ."

"Please. . . ဒီတစ်နေ့တည်းပါ၊ အရမ်းအရေးကြီးတဲ့ ကိစ္စ ပြောမှာမို့ပါ"

"ဟို. . . မဖြစ်ဘူးထင်တယ် အစ်မ၊ မနက်ဖြန် မေလေး Off ရက်၊ ဒီနေ့ အလုပ်သွားမှဖြစ်မှာ။ အဲဒါ"

"ဖြစ်တယ်မဖြစ်ဘူးဆိုတာ ကိုယ်က သတ်မှတ်ပေးရတာတွေပါ မေစုမွန်ရယ်"

"အဲဒါတော့ မေလေး မသိဘူး၊ အစ်မပြောနေတာတွေလည်း နားမလည်ဘူး။ ဟို. . . ဟိုမှာ ကားလာနေပြီ၊ သွားတော့မယ်နော်"

မေစုမွန်က ခပ်လှမ်းလှမ်းမှာ လာနေသော မီနီဘတ်စ်တစ်စီးကိုညွှန်ပြပြီး သူမရှေ့မှ ကွေ့ပတ်ရင်း ကားပေါ်လှစ်ခနဲ ပြေးတက်သွားသည်။

ဒီလိုလုပ်လို့ ဘယ်ရမလဲ. . .

သူမလည်း မေစုမွန်တက်မည့်ကားပေါ်သို့ ဒရောသော



www.burmeseclassic.com

www.burmeseclassic.com



ပါး ပြေးတက်လိုက်သွားသည်။ ကားက မနက်ပိုင်းရုံးချိန်မို့ ခြေထောက်ချဖို့ပင် မလွယ်လောက်အောင် ပြွတ်သိပ်ကျပ်ညပ်နေသည်။

ထိုအခြေအနေမှာပင် အသက်အောင့်တိုးရင်း မေစုမွန်အနားကို တိုးကပ်သွားလိုက်သည်။

"ဘယ်သွားမှာလဲ အစ်မ"

"ရော့, လှည်းတန်း နှစ်ယောက်"

မေစုမွန်က ထမင်းချိုင့်ထည့်ထားသည့်ခြင်းထဲမှ အကြွေရှာနေစဉ် သူမက ဂျင်းန်ဘောင်းဘီအိတ်ထဲမှ အလွယ်ဆွဲထုတ်လိုက်နိုင်သည့် နှစ်ရာတန်တစ်ရွက်ကို လှမ်းပေးရင်း. . .

"ကားကလည်း ကျပ်လိုက်တာ၊ ဒါပေမဲ့ မတတ်နိုင်ဘူး မေစုမွန်ရဲ့။ ကားကျပ်တာတွေ အလုပ်နောက်ကျမှာတွေထက် အရေးကြီးတဲ့ကိစ္စပြောချင်လို့ တကူးတက လာတွေ့ရတာ ဘာလို့ထွက်ပြေးရတာလဲ"

သူမအသံက အတော်လေး ကျယ်နေတာမို့ ကားပေါ်က လူတွေက ဘာပါလိမ့်ဟူသောအကြည့်နှင့် ဝိုင်းကြည့်ကြလေသည်။ ထိုသို့ဝိုင်းကြည့်ကြသည်ကို သူမက ဂရုမစိုက်ပေမယ့် မေစုမွန်ကတော့ ရှက်ရွံ့အနေခက်ဟန်နှင့် ခေါင်းငုံ့ထားလေသည်။





"တကယ်တော့ ကိုယ် မင်းကိုလာတွေ့ဖို့ ကြိုးစားနေတာ တစ်နှစ်နီးပါးကို ရှိနေပြီ။ အခုမှပဲ အောင်မြင်တော့တယ်။ ဟင်း . . ."

ပြောရင်း သက်ပြင်းကို အားပါးတရကြီး ချပစ်လိုက်တော့ မေစုမွန်က အထိတ်တလန့်မော့ကြည့်၏။

ရုတ်တရက် ကားက မှတ်တိုင်မှာ တခြားကားကိုကျော်ပြီး ရပ်လိုက်တာမို့ အိတ်တစ်ဖက်၊ ခြင်းတောင်းတစ်ဖက်နှင့် ရှေ့တန်းကို မမီမကမ်းလှမ်းဆွဲထားရသော မေစုမွန်ခန္ဓာကိုယ်လေးက တစ်ဖက်ကို ယိုင်ထွက်သွားသည်။

"အို! . . . အမေ့"

"ဟင်းဟင်း. . . ကိုယ်ဆွဲထားလိုက်တာပါ မေစုမွန်ရဲ့။ အမေ မဟုတ်ပါဘူး"

"ဟုတ်. . . ကျေးဇူးပဲနော်"

မေစုမွန်က သူ့ကိုနားမလည်သလို အရှုံးကြည့်ကြည့်ပြီး ကျေးဇူးတင်စကားဆိုသည်။

"ရပါတယ်၊ ဒီနေ့ကစပြီး ကိုယ်နဲ့မင်း မိတ်ဆွေတွေဖြစ်သွားကြပြီ။ သူငယ်ချင်းမဟုတ်တဲ့ မိတ်ဆွေတွေပေါ့။ ရင်းနှီးပွင့်လင်းကြမယ်၊ မခင်မင်တာ ကိစ္စမရှိဘူး. . . တစ်ယောက်နဲ့တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် စိတ်ဝင်စားမှုအပြည့်အဝရှိရမယ်။ အဲလိုပေါ့"

သူမစကားအဆုံး မေစုမွန်က ကယောင်ကတမ်းပုံစံနှင့် ခေါင်းညိတ်ပြီးမှ စိတ်ရှုပ်သလို မျက်ခုံးတွန့်သွားသည်။

ထူထဲနက်မှောင်ပြီး သွယ်တန်းသော မျက်ခုံးလေးနှစ်ဖက်ကို စုကျုံ့လိုက်တော့ မေစုမွန်ရဲ့မျက်နှာရှင်းရှင်းလေးက ပိုပြီး ချစ်ဖို့ကောင်းသွားတာကို သူမ အကြွင်းမဲ့လက်ခံပါ၏။ ကားပေါ်မှာ သူမတို့နှစ်ယောက်တည်း ပါလာသလို စကားကို အော်ကြီးဟစ်ကျယ် ပြောလာသည့်သူမက ဘယ်လိုမှမဖြစ်ဘဲ သူမစကားတွေကို နားထောင်ပေးနေရသည့် မေစုမွန်ကတော့ ကားပေါ်မှလူတွေကို လွန်စွာ ရှက်ရွံ့အားနာလျက်ရှိလေသည်။

လှည်းတန်းမှတ်တိုင်ကိုရောက်တော့ အချုပ်အနှောင်မှ လွတ်သွားသလို မေစုမွန်က ကားပေါ်မှ ခပ်သုတ်သုတ်ဆင်းပြေးသည်။ သူမကလည်း နောက်မှ ထပ်ချပ်မကွာ။

NY Fashion ဆိုင်ရှေ့ရောက်တော့ မေစုမွန်က သူမကို တစ်ချက်လှည့်ကြည့်သည်။

တီရှပ်ကွက်ကျဲပွပွကို ရှေ့က အဖျားစနှစ်ခု စုချည်ထားသည့်သူမက ဂျင်းနိဗောင်းဘီရဲ့ ဘေးအိတ်နှစ်ဖက်ထဲ လက်နှိုက်ရင်း စတိုင်လ်ကျစွာ လိုက်ပါလာ၏ မေစုမွန်က ခြင်းတောင်း





ထဲမှ ခေါက်ထီးလေးကို ဖွင့်ဆောင်းသင့်မဆောင်းသင့် ချီတုံချတုံဖြစ်နေချိန် သူမကတော့ ဦးထုပ်မပါ ထီးမပါ ဆံပင်ညိုညိုတွေ တလွင့်လွင့်နှင့် အင်မတန်လှပ စမတ်ကျစွာ လျှောက်လာလေ၏။

"ဘယ်. . . ဘယ်အထိ လိုက်လာဦးမှာလဲဟင်"

မေစုမွန်ရဲ့မေးခွန်းကြောင့် သူမက ခေါင်းမော့ရင်း ဟက်ခနဲရယ်လိုက်မိသည်။ ဟိုဒီသွားလာနေသည့်လူတွေထဲ သူမအရပ်မားမားကြီးနှင့် ကွေ့ပတ်ကျော်တက်လျက် မေစုမွန်နောက်ကို တကောက်ကောက်လျှောက်လိုက်နေပုံက ယောကျ်ားလေးတစ်ယောက် ရည်းစားနောက် လိုက်သလိုဖြစ်နေတာမို့ ကိုယ့်အဖြစ်ကို သဘောကျသွား၏။

"မေစုမွန်နဲ့စကားပြောခွင့်ရတဲ့အထိ ကိုယ် လိုက်နေဦးမှာပေါ့။ မင်းသွားမှာ ဌာနဆိုင်ရာရုံးခန်းမှမဟုတ်တာ။ အများသူငါ သွားလာလို့ရတဲ့ Shopping Centre ပဲဟာ"

မေစုမွန်က ခေါင်းကုတ်တော့မယောင် လက်ရွယ်ပြီးမှ ဆံပင်တွေ ပွကုန်မှာစိုးသောကြောင့် ထင်သည်။ ကျွတ်ခနဲ ခပ်တိုးတိုးလေး စုပ်သတ်ရင်း. . .

"ဟို့, အစ်မ အရမ်းပြောချင်နေတယ်ဆိုတာ ဘာလဲ



www.burmeseclassic.com

www.burmeseclassic.com



ဟင်။ ဒီနေ့တော့ ဘယ်လိုမှမဖြစ်လို့ပါ။ မနက်မှတွေ့ရအောင်နော်''

မေစုမွန်စကားကြောင့် သူမ မျက်ခုံးပင့်ရင်း လက်ဖျစ်တစ်ချက်တီးကာ. . .

''အိုကေ! မင်းကတိအတိုင်း တည်ပါစေနော်။ မနက်ဖြန် ကိုးနာရီတိတိမှာ မင်းတို့လမ်းထိပ်က အအေးဆိုင်မှာ ကိုယ်လာစောင့်နေမယ်။ ကဲ. . . သွားပြီနော်၊ See you...''

ပြောပြီး သူမက ချာခနဲ လှည့်ထွက်သွားတော့သည်။ Country Shirt လို အကျီပွကြီးဝတ်ထားပေမယ့် ဂျင်းနံ့ပင်ခပ်ကျပ်ကျပ်ကြောင့် သူမရဲ့ခန္ဓာကိုယ်အလှမှာ အတော်လေး လှပပါသည်။

ငါးပေနှစ်သာရှိသော မေလေး၏အရပ်ထက် သူမက ခေါင်းတစ်လုံးစာမြင့်ပြီး စတိုင်လ်က နိုင်ငံခြားမင်းသမီးပုံပေါက်ကာ မေလေးနားမလည်နိုင်သောစကားတွေချည်း ပြောသွားသည့် သူမကျောပြင်ကို တအံ့တသြကြီး ရပ်ကြည့်ငေးမောနေမိသည်။

''ဟဲ့. . . မေလေး ဘာလုပ်နေတာလဲ။ လူတွေမမြင်ဖူးလို့ လိုက်ကြည့်နေတာလား။ နာရီလည်း ပြန်ကြည့်ဦး''

အလုပ်အမြဲနောက်ကျပြီး အမြဲလို သုတ်သုတ်ပျာပျာဖြစ်





နေသောအိအိကို စကားကြောင့် မေလေး တွန့်ခနဲဖြစ်သွားရသည်။

''ဟုတ်သားပဲ''

''နင်ကတော့ ဖြစ်ရမယ်၊ ဒါနဲ့ အခု ဘယ်သူ့ကိုကြည့်နေတာလဲ။ မဟုတ်မှလွဲရော၊ ဒီနေ့ ချစ်သူလိုက်ပို့တာထင်တယ်။ ဒါကြောင့် ကားမှတ်တိုင်ကို သမင်လည်ပြန် လိုက်ကြည့်နေတာမှတ်လား''

ရှုပ်ယှက်ခတ်သွားလာနေသောလူတွေကို တိမ်းငဲ့ရှောင်ရှားရင်း အိအိကိုက မေလေးကို ထင်မြင်ချက်ပေးနေသည်။

''မဟုတ်တာမှ လုံးဝကိုလွဲတာ မအိရေ၊ ဒီမနက် ချစ်သူ လိုက်ပို့တာမဟုတ်ဘူး။ ဘယ်ကမှန်းမသိတဲ့လူတစ်ယောက် လိုက်လာတာ, ဖွတ်အတင်းပဲ။ မနည်းတောင်းပန်ပြီး ပြန်လွှတ်လိုက်ရတယ်။ ငါသိလည်းမသိဘူး၊ သူက ငါ့ကိုတွေ့ဖို့ကြိုးစားနေတာ တစ်နှစ်ကျော်ပြီတဲ့။ သူ့ပုံစံက ခပ်မိုက်မိုက် အလန်းစားပဲ။ ဒါပေမဲ့ အူကြောင်ကြောင်နဲ့ စိတ်ရှုပ်စရာပါဟယ်။ မနက်ဖြန် လမ်းထိပ်က အအေးဆိုင်မှာ လာစောင့်နေဦးမှာတဲ့''

''ဟယ်! ကြည့်စမ်း၊ ဒီမိန်းမ သိပ်ကိုစန်းပွင့်နေတာပါလား။ ကြည့်လုပ်နော်၊ ရှင့်လူက သဝန်တိုတာ ကြောက်စရာလန့်စရာကြီး။ ဇာတ်လမ်းကတော့ အဖြစ်မခံပါနဲ့ဟယ်။ မနက်ဖြန်



www.burmeseclassic.com

www.burmeseclassic.com



ရှင် သူ့ကိုသွားတွေ့ဦးမှာလား"

"အင်းပေါ့"

"သူက ချောလား၊ လက်ရှိချစ်သူထက် ပိုမိုက်လား"

"အာ! ဘာတွေလျှောက်ပြောနေတာလဲ၊ ဒီမနက် ငါ့နောက်ကို လိုက်လာတယ်ဆိုတာ ကောင်မလေးတစ်ယောက်ဟ"

"ဟင်. . . ကောင်မလေးက နင့်နောက် လိုက်လာတယ်၊ စိတ်ညစ်စရာ။ ယောကျ်ားလျာကြီးပေါ့. . . ဟုတ်လား"

"ယောကျ်ားလျာမဟုတ်ပါဘူးဟယ်၊ မိန်းမစစ်စစ်ကြီးပါ"

"မိန်းမစစ်စစ်ဆို နင့်နောက် ဘာသဘောနဲ့ လိုက်မှာလဲ။ အဓိပ္ပာယ်မရှိ"

"သူကတော့ အတည်ပေါက်ကြီးဟဲ့၊ အရေးတကြီးကိစ္စပြောမှာတဲ့။ ပြီးတော့ ငါ့အကြောင်းတွေ အကုန်သိနေတယ်။ ငါ သူ့ကို တစ်ခါမှမမြင်ဖူးဘဲ၊ သူက ငါ့ကိုမြင်တာနဲ့ တန်းခနဲသိပြီး ငါဘာလုပ်တယ်, ဘယ်မှာနေတယ်ဆိုတာတွေ သိနေတာ အံ့သြဖို့မကောင်းဘူးလား"

"မကောင်းပါဘူး၊ နင်ဘာလုပ်တယ်, ဘယ်မှာနေတယ်ဆိုတာ အလွယ်တကူစုံစမ်းနိုင်တာပဲဟာ"





"ဒါဆို ငါက သူ့ကို ဘာလို့မသိရတာလဲ၊ ခုမှ မိုးပေါ်က ဘွားခနဲကျလာသလို အထူးအဆန်းကြီး ဆုံလိုက်ရတာ"

"ငါကတော့ မိန်းမချင်း စိတ်မဝင်စားပါဘူး"

"ငါကကော စိတ်ဝင်စားနေလို့လား၊ သူ့ရဲ့အပြောအဆို အပြုအမူတွေကတော့ တကယ်စိတ်ဝင်စားဖို့ကောင်းတာဟဲ့။ သူပြောမယ့်ကိစ္စကိုလည်း ငါစိတ်ဝင်စားတယ်။ ပြီးတော့ သူက ငါကြိုက်တဲ့ နိုင်ငံခြားမင်းသမီးနဲ့တူတယ်, သိလား။ ဒီဖိုင်းက အရမ်းလန်းတာ"

မေလေးက စကားပြောလျှင် ပိုင်ပိုင်နိုင်နိုင်လေသံမျိုးနှင့် ဘာကိုမှဂရုမစိုက်လေဟန် ဆိုတတ်ကာ ရဲရင့်ပြတ်သားသော စတိုင်လ်မျိုးရှိသည့်သူမကို စတွေ့ပြီး ရေယ်ချင်သလို၊ စိတ်ညစ်သလိုဖြစ်နေသည့်ကြားမှ စိတ်ဝင်စား အားကျမိသေး၏။

မည်သို့ဆိုစေ၊ မည်သူဖြစ်စေ မေလေးစိတ်ထဲမှာ အမှတ်တရဖြစ်သွားတာတော့ အမှန်ပင်။

ထိုစဉ်က ရိုးရှင်းအေးချမ်းသော မေ့စုမွန်ဘဝထဲကို လျှို့ဝှက်ဆန်းကြယ် ပဟေဠိတွေ၊ သံသယတွေ သူမ သယ်ဆောင်လာလိမ့်မည်ဟု မထင်မိတာလည်း အမှန်ဖြစ်ပါသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ရေချိုးအဝတ်အစားလဲပြီး နာရီကိုကြည့်လိုက်တော့ ရှစ်နာရီခွဲပြီးပြီမို့ မေလေး သူမနှင့်ချိန်းထားသော အအေးဆိုင်သို့ သွားရန် ဆုံးဖြတ်လိုက်သည်။

ဘာမှန်းမသိ၊ ဘယ်သူမှန်းမသိရဘဲ သွားတွေ့ရမှာက အတော်လေး အူကြောင်ကြောင်နိုင်သောအလုပ်ဆိုပေမယ့် စိတ်ဝင်စားဖို့တော့ ကောင်းပါသည်။

မေလေးတို့နေတာ တိုက်ခန်းတစ်ခုမှာဖြစ်ပြီး လေးလွှာမြောက်မှာမို့ အောက်ကိုဆင်းဖို့ အတော်လေး အချိန်ပေးရလေသည်။ မေလေး အောက်ထပ်သို့ ရောက်ရောက်ချင်းပဲ ဖုန်းခေါ်



www.burmeseclassic.com

www.burmeseclassic.com



ပေးသည့်အိမ်က ကောင်မလေးနှင့်တန်းတိုးသည်။

"ဟော! မမေလေးနဲ့တွေ့တာ အတော်ပဲ၊ ဖုန်းလာနေတယ်"

"ဟုတ်လား. . . ဘယ်သူ့ဆီကလဲ"

"ဘယ်သူဖြစ်ရမှာလဲ၊ မမေလေး အလုပ်နားရက် ဖုန်းဆက်တာ ဘယ်နှယောက်ရှိလို့လဲ"

ထိုကောင်မလေးစကားကြောင့် မေလေးက ရှက်အမ်းအမ်းလေးပြုံးရင်း. . .

"သူငယ်ချင်းတွေ ဆက်တာလားလို့ မေးတာပါဟယ်။ ဒါနဲ့ သူခေါ်မှာလား"

"ဟင့်အင်း. . . မေလေး ပြန်ခေါ်တဲ့"

မေလေး ခေါင်းညိတ်လိုက်ပေမယ့် စိတ်ထဲတော့ နည်းနည်းမျက်သွားရသည်။

မောင်က အမြဲတမ်း ဒီလိုပါပဲ။ ဖုန်းဆက်တာတောင် သူ့ဘက်က ခပ်ကျောကျောရယ်လေ။ မေလေးကတော့ မောင့်ဆီက ဖုန်းခေါ်သံလေးနဲ့ 'မေလေးလားဟင်'ဆိုတဲ့ တိုးရှုရှအသံလေးကို မက်မောလိုက်ရတာ။

ခုတော့ မေလေးက ပြန်ခေါ်ရမယ်တဲ့။





"အင်း,ခေါ်လိုက်မယ်လေ။ သူစောင့်နေမှာ မှတ်လား"

"ဟုတ်တယ်၊ မြန်မြန်ခေါ်လိုက်ဦး။ ဆယ်မိနစ်ကျော်ရင် မစောင့်ဘူးတဲ့"

"အေးပါဟာ"

မေလေး ဖုန်းရှိရာအိမ်သို့ အပြေးတစ်ပိုင်းလေး သွားလိုက်မိသည်။ နောက်ကျလျှင် ယောကျ်ားလေးတန်မဲ့ မောင်က ရွှေစိတ်တော် ကောက်ပေဦးမည်။

တော်သေးရဲ့. . .

ဖုန်းနားမှာ လူရှင်းနေလို့။

စာကျက်ရာမှာ မှတ်ဉာဏ်မကောင်းသည့် မေလေးက မောင့်ရဲ့အိမ်ဖုန်း၊ အလုပ်က ဖုန်း၊ သင်တန်းက ဖုန်းနံပါတ်တွေကို ကောင်းစွာမှတ်မိပါသည်။

"ဟဲလို"

"ဟဲလို. . . ဘယ်သူလဲမသိဘူး"

မောင့်ရဲ့ဖဝေဖဝါမေးသံလေးကြောင့် ကိုယ့်ရည်းစားရဲ့ အသံတောင် ကိုယ်မမှတ်မိဘူးလားလို့ စိတ်ဆိုးရမည့်အစား မေလေး ရယ်ချင်သွားမိ၏။

"ဘယ်သူဖြစ်ရမှာလဲ မောင်ရဲ့၊ မေလေး ခေါ်နေတာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



မမှတ်မိဘူးလား. . . ဒီအသံကို"

ရန်တွေ့တာမဟုတ်မှန်း သိသာစွာ မေလေးအသံက မူနွဲ့နေတာမို့ မောင်က ခပ်တိုးတိုးရယ်သည်။

"မမှတ်မိစရာလားကွာ၊ မေလေးမှန်း သေချာအောင် ပြောတာပါ"

"ပြီးရော၊ ဒါဆို ဘာကိစ္စလဲ, ပြော"

"ဟာ! ဒီနေ့ မေလေး Off လေ၊ တစ်နေရာမှာ တွေ့ရအောင်"

"အဲဒါမှ ဒုက္ခပဲ"

"ဘာဖြစ်လို့လဲ"

"မေလေး, တစ်ယောက်နဲ့တွေ့ဖို့ ချိန်းထားတယ်"

"ဘယ်က တစ်ယောက်လဲ"

မောင့်အသံက မာဆတ်ဆတ် ပြတ်တောင်းတောင်းနှင့် ခပ်ပြင်းပြင်းအသက်ရှူသံပါ ပါလာသည်။ ဒီတော့ မေလေးကလည်း ကပျာကယာ ဖြေရှင်းချက်ထုတ်ရတော့၏။

"အစ်မတစ်ယောက်ပါ မောင်ရယ်၊ မနေ့က နယ်ကပြန်ရောက်တာ အလုပ်ကိစ္စစကားပြောချင်လို့တဲ့။ အဲဒါ. . ."

"ရှုပ်တယ်ကွာ၊ တစ်ပတ်လုံးမှ တစ်ရက်တည်းတွေ့ရ





တာကို။ မေလေးမှာ နယ်က အစ်မတွေ ဘာတွေရှိတာ မောင်မကြားဖူးပါဘူး။ ခုမှ ဘယ်ကဘယ်လို. . . အဲဒါ ထားလိုက်။ နောက်နေ့မှ တွေ့လို့မရဘူးလား"

"ဪ, မောင်ကလည်း၊ သူလည်း မေလေးအလုပ်နားရက်မို့ လာတွေ့ရတာပဲဟာ။ မောင်က သဘောကောင်းပါတယ်ကွယ်၊ နောက်တစ်ပတ်မှ တွေ့မယ်နော်။ ဒီရက်ထဲ ဖုန်းထဲကပဲ လွမ်းကြတာပေါ့"

"သွားပါပြီကွာ. . . မေလေ့းနဲ့ အပြင်ထွက်မယ်ဆိုပြီး အစောကြီး အိပ်ရာထ ရေမိုးချိုး အပြတ်ရှိုင်းထားတာ အကုန်အောက်သွားပြီ။ ကဲ,ပြော. . . ဒီနေ့ မောင် ဘယ်လိုနေရမှာလဲ"

မေလေး ပီတိဖြစ်စွာ ပြုံးမိပြန်သည်။

အဲလို ထိတ့ာတတ်တဲ့ မောင့်စကားတွေလောက် မေလေးနှလုံးသားကို အရည်ပျော်စေနိုင်တာ လောကမှာ ဘာမျှမရှိတော့ဘူးထင်သည်။

မောင်မို့ ပြောတတ်လွန်းသည်။

တကယ်လည်း မောင့်အတွက် ဒီနေ့ တစ်စုံတစ်ရာ လိုအပ်နေမှန်း သိသာစွာ လစ်ဟာနေမှာဖြစ်သလို မေလေးကိုယ်တိုင် လွမ်းနေရဦးမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်လုံးမှ တစ်ရက်တည်း တွေ့ရတာကို။

အလုပ်ဆင်းချိန် မောင် လာကြိုမယ်ဆိုတော့လည်း ညကိုးနာရီကျော်မှ လာမကြိုနိုင်းရက်ပြန်။

အစက အလုပ်တစ်ခုတည်းမှာ အတူတူဆိုတော့ နေ့တိုင်း တစ်နေကုန်တွေ့နေရပြီး ခုလို တကူးတက ဖုန်းဆက်၊ အပြင်ထွက်တွေ့ရသည့်ဒုက္ခကြီးကို မေလေး စိတ်ညစ်လှပြီ။

အဲဒါတွေကြောင့် မောင်နဲ့အတူတူနေချင်ပါသည်ဟု ဆိုလျှင် လွန်အံ့မထင်။

"ဟော့!. . . ဘာတွေစဉ်းစားပြီး တိတ်ဆိတ်သွားတာလဲ၊ မောင့်ကို တစ်ခုခုပြန်ပြောဦးလေ"

"အင်း. . . မေလေး လွမ်းနေတာ"

"တကယ်ကြီးလား"

"တကယ်ပြောနေတာ၊ မောင့်ကိုလွမ်းတယ်။ ပြီးတော့ အားနာတယ်။ မေလေးလည်း တွေ့ချင်ပါတယ် မောင်ရယ်၊ ဘယ်လိုမှမဖြစ်လို့"

"ကဲပါ. . . အဲဒါဆို နောက်နေ့ အလုပ်ကအပြန် မောင် လာကြိုမယ်။ ဖယ်ရီမစီးနဲ့နော်၊ ဒါပဲ, သိလား"

"မောင်. . . ခဏလေး"





"ပြော, ဘာလဲ"

"စာအုပ်ထဲမှာ ဒီနေ့ မေလေးနဲ့ဖုန်းပြောတဲ့အကြောင်း ရေးထားပေး။ မနက်ဖြန် ယူလာပြနော်"

"အိုကေ! မောင် အခုပဲ ရေးတော့မှာ၊ စိတ်ချ"

"ကျေးဇူးပဲ မောင်"

စကားအဆုံး မောင်က ဦးစွာ ဖုန်းချသွားသည်။ တတူတူမြည်သံလေး ထွက်ပေါ်လာတာ စက္ကန့်အတော်ကြာ နားထောင်ပြီးမှ စကားပြောခွက်ကို ပုခက်ပေါ် ပြန်တင်လိုက်သည်။

အသံလေး ကြားရပြန်တော့ လူကိုယ်တိုင် ပြေးတွေ့ချင်ပြန်ရော။ လွန်တယ်လို့ ဘယ်သူအပြစ်တင်မလဲကွယ်။

"ဘယ်လောက်လဲဟင်"

"နှစ်ရာ. . . မမလေး"

မေလေး ပိုက်ဆံအိတ်ထဲက နှစ်ရာတန်တစ်ရွက် ထုတ်ပြီး လှမ်းပေးတော့ ဖုန်းဆိုင်က ကောင်မလေးက ရယ်ကျဲကျဲ မျက်နှာလေးနှင့်. . .

"မမလေးမျက်နှာလေးက ဖုန်းပြောပြီးရင် တော်တော် လှလာတယ်,သိလား။ စကားပြောတုန်းကလည်း ပြုံးနေတာပဲ နော်။ ဟိုက ဘာတွေပြောလို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းဟင်း. . . ဒီလိုပါပဲ၊ ဘာဘာညာညာပေါ့"

"အဲဒီဘာဘာညာညာဆိုတာ ပြောလို့ကောင်းလားဟင်"

ကြဲကြဲဖန်ဖန်မေးတတ်လွန်းသော ထိုကောင်မလေးကို မေလေး တစ်ချက်ရယ်ပြရင်း. . .

"ဩော်, ညီမရယ်၊ ပြောကောင်းတယ်ရယ်တော့မဟုတ်ဘူးပေါ့။ ဒီလိုပဲ ပြောကြတာ"

"ဒါဆို နားထောင်လို့တော့ ကောင်းမှာပေါ့နော်"

"အင်း, သွားဦးမယ်နော်၊ ဟိုမှာ စောင့်နေတဲ့သူ ရှိသေးတယ်"

စကားမြန်မြန်ဖြတ်ပြီး လှည့်ထွက်လာခဲ့သည်။

တော်တော်စပ်စုတဲ့ကောင်မလေး၊ သူ့ပုံစံကြည့်တော့ ရည်းစားရှိပြီးသားလိုလိုဘာလိုလိုနဲ့ သူများ လိုက်မေးနေတယ်။ မေလေး စိတ်အချဉ်ပေါက်စွာ တွေးမိရင်း လှည့်ထွက်လာခိုက်,

"အစ်မ. . . မမေလေး"

ဟူသောခေါ်သံကြောင့် လှည့်ကြည့်တော့ ဖုန်းခွက်ကို ကိုင်မြှောက်ပြရင်း လက်ယပ်လှမ်းခေါ်နေတာ တွေ့ရတာမို့ ပြန်လှည့်ခဲ့ရသည်။

"မမေလေး. . . ဖုန်းတဲ့"





မေလေး ဘာမှပြောမနေတော့ဘဲ သူမလက်ထဲကဖုန်းခွက်ကို လှမ်းယူလိုက်သည်။

"ကဲ, ဘာပြောမှာလဲ မောင်"

"ကိုယ်ပါ မေစုမွန်၊ မောင်မဟုတ်ပါဘူး"

"ရှင်!"

မေလေး မျက်လုံးလေး ပိုင်းခနဲဖြစ်သွားရသည်။ ဒီမိန်းမ မေလေး ဖုန်းနံပါတ်ကို သိနေရပြန်ပြီ။

"ကိုးနာရီထိုးပြီးလို့ ဆယ်မိနစ်တိတိရှိမှ ကိုယ် ဖုန်းဆက်လိုက်တာ မေစုမွန်။ မင်းကောင်လေးနဲ့ ဖုန်းပြောလို့ပြီးရင် ကိုယ့်ဆီကို လာခဲ့တော့"

မြတ်စွာဘုရား. . .

အတော့်လေး ပိုင်စိုးပိုင်နင်းဆန်သော မိန်းမပါလားဟု မေလေး စိတ်ထဲက ကျိတ်ပြီး ရေရွတ်လိုက်မိတော့၏။

"ဟို, မေလေးဖုန်းနံပါတ် ဘယ်က ရတာလဲဟင်"

"မင်းနေတဲ့နေရာနဲ့ အနီးဆုံးက ဖုန်းကိုဆက်တာပဲ။ ဘာခက်တာမှတ်လို့။ ကဲ. . . အခု ကိုယ် အအေးဆိုင်မှာ ပြန်ထိုင်တော့မယ်နော်။ ကိုယ်လည်း PCO ဖုန်းနဲ့ဆက်တာ၊ မင်းကိုစောင့်ရင်း သောက်တာ သံပုရာရည်နှစ်ခွက် ကုန်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်ရာတွေပြောပြီး ဖုန်းချသွားတော့ မေလေး အူလည်လည်နှင့် ဖုန်းချလိုက်ရသည်။

"ဒီတစ်ခါတော့ မမေလေးမျက်နှာက မအီမလည်နဲ့ ဟိုက ဘာတွေပြောသွားလို့လဲ"

"ကဲပါဟယ်. . . စပ်စုလိုက်တာ၊ ဘယ်လောက်ပေးရမလဲ ပြော"

"ဟဲဟဲ. . . တစ်ရာပဲ ပေးတော့"

"ရော့. . . ကားခပေးဖို့ထားတဲ့အကြွေတွေ ကုန်ပြီ"

နှုတ်က တိုးတိုးရေရွတ်ပြီး မေလေး အပြေးတစ်ပိုင်းနှင့် လှည့်ထွက်လာခဲ့သည်။ ဒီတစ်ခါတော့ ဘယ်ကဖုန်းမှ မလာလောက်ဘူးထင်ပါရဲ့။

"မမေလေး"

"ဟင်"

မေလေး နောက်ကို တွန့်ခနဲလှည့်ကြည့်ရပြန်သည်။

"ဟို၊ ဘယ်သွားမှာလဲ၊ ဖုန်းလာရင် ပြောလို့ရအောင်"

အမယ်လေးနော်၊ ခုမှ တာဝန်တွေ သိတတ်နေလိုက်တာ။

"ဒီလမ်းထိပ် အအေးဆိုင်သွားမှာ"





မေလေး ခပ်ဆတ်ဆတ်ပြန်အော်ပြီး ထိုအိမ်နဲ့ဝေးရာသို့ မြန်နိုင်သမျှမြန်အောင် လျှောက်လာခဲ့သည်။

အအေးဆိုင်နားရောက်တော့ မေလေးလာမည့်လမ်းကို ကျောခိုင်းထိုင်နေသည့်သူမကို တွေ့လိုက်ရသည်။ အဖြူဆွတ်ဆွတ်ဘောင်းဘီနှင့် ကော်ဖီရောင် ရှပ်လက်ရှည်ကို တံတောင်ဆစ်နားအထိ ခေါက်တင်ဝတ်ထားသော သူမပုံစံက အဝေးက မြင်ရုံနှင့်ပင် ထင်းခနဲမြင်သာအောင် တောက်ပနေလေသည်။

"မေလေး နည်းနည်းနောက်ကျသွားတယ်၊ ဒီကိုထွက်လာတာ ဖုန်းလာတယ်ဆိုတာနဲ့"

"ရပါပြီ၊ အဲဒါ ကိုယ်သိပြီးသားတွေပဲဟာ။ လေကုန်ခံ ရှင်းမနေပါနဲ့တော့။ ကဲ၊ ဘာသောက်မလဲ"

"ကြံရည်ပဲ သောက်မယ်"

မေလေးစကားအဆုံး သူမက ဖျပ်ခနဲမျက်မှောင်ကြုတ်ပြီး ခြောက်ကပ်အက်ကွဲသောလေသံနှင့် ရယ်လိုက်ကာ. . .

"ကြံရည်. . . ကြံရည်သောက်ရင် ကျန်ရစ်ဖြစ်တတ်တယ်နော်. . . ဟီးဟီး"

မေလေး သူမကို မျက်မှောင်တွန့်ပြီး ကြည့်လိုက်မိ၏။ ဘယ်လိုပါလိမ့်. . .



www.burmeseclassic.com

www.burmeseclassic.com



လာတွေ့မိတာ မှားများမှားသွားပြီလားဟု စိတ်ထဲ သံသယ ဒွိဟတွေပင် ဝင်လာရတော့သည်။

ဒီမိန်းမဟာ စိတ်မှမှန်ရဲ့လားမသိ။ အူကြောင်ကြောင် ပေါချာချာနှင့်။ တစ်ခါတစ်ခါ ထပြောသည့်စကားတွေက တစ်စက်လေးမှ အမြီးအမောက်မတည့်။

"အလကားစတာပါ၊ ကိုယ်ကတော့ ကြဲရည်မသောက်ဘူး. . .ညှီလို့၊ ကြဲရည် ဘုရားလှူပြီး ဆုတောင်းရင် အကြဲအစည် အောင်တယ်တဲ့။ ကြားဖူးလား"

"မကြားဖူးဘူး"

"ဒါဆို ကိုယ့်နာမည်ရော သိလား"

"မသိဘူး"

"ဘာလို့မမေးခဲ့တာလဲ"

"မေ့သွားတာ"

"ဩော်"

သူမက 'ဩော်'ဟု တစ်ခွန်းတည်း အာမေဋိတ်ပြုပြီး ခေါင်းညိတ်သည်။

"ကိုယ့်နာမည် နေရောင်နီ၊ မင်းထက် တစ်နှစ်ကျော် နှစ်နှစ်နီးပါး ငယ်တယ်"





ဒါကြောင့် ဒီလောက် ရှိသေလေးစာနေတာပေါ့လေဟု စိတ်ထဲမှ အငေါ်တူးပြီး တွေးမိသည်။

"မေလေးအသက်ကို သိလို့လား"

"မွေးသက္ကရာဇ်နဲ့ မှတ်ပုံတင်နံပါတ် အတိအကျသိပြီးပြီ"

"နေရောင်နီက သိပ်ကိုထူးဆန်းတဲ့ မိန်းကလေးတစ်ယောက်ပဲ။ ဒါပေမဲ့ မေလေး လုံးဝမသိခဲ့တာ တော်တော်အံ့သြဖို့ကောင်းတယ်"

မေလေးစကားအဆုံး သူမက ပခုံးကိုတစ်ချက်တွန့်ရင်း စတိုင်ကျကျပြုံးလေသည်။ ထိုအပြုံးမျိုးကို နိုင်ငံခြားရုပ်ရှင်မင်းသမီးအတော်များများ ပြုံးလေ့ရှိတာကို မေလေး မြင်ဖူးထားသည်။ နေရောင်နီ့အပြုံးက ထိုပုံစံအတိုင်း လိုက်တုပြီး ပြုံးမှန်း သိသာလောက်အောင် သေသပ်စမတ်ကျလှသည်။

"ဒီကိုလာဖို့အတွက် အနည်းဆုံးတော့ မင်းကောင်လေးနဲ့တွေ့ဖို့ကိစ္စ ဖျက်ခဲ့ရမှာပဲ။ အရင်းအနှီးက မသေးဘူးနော်။ ကျေးဇူးအများကြီးတင်ပါတယ်။ ကိုယ့်ကို စိတ်ထဲရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်းခေါ်ပြောနိုင်ပါတယ်။ သူငယ်ချင်းတွေကတော့ ကိုယ့်ကို ရောင်နီလို့ခေါ်ပြီး တရင်းတနှီး နင်နဲ့ငါပဲပြောကြတယ်။ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



က မေလေးထက်ငယ်တော့ မေလေးကြိုက်သလိုခေါ်ပါ။ ကိုယ်ကတော့ မင်းကြားတဲ့အတိုင်းပဲ၊ စကားပြောရင် နည်းနည်းရင့်လိုက်ရမှ ကျေနပ်တာ''

စိတ်ထဲမှ ဩချမိပေမယ့် သူမစကားကို ထောက်ခံခြင်း ငြင်းဆန်ကန့်ကွက်ခြင်းအလို့ငှာ ခေါင်းညိတ်ခေါင်းခါ မပြုမိချေ။

''အဲဒါတွေ ထားပါတော့၊ မေလေးသိချင်တာ နေရောင်နီပြောချင်တယ်ဆိုတဲ့စကားတွေပဲ'

သူမက ခေါင်းတစ်ချက် ခပ်သွက်သွက်ညိတ်ပြသည်။ ထို့နောက် မေလေးရင်ကို တစ်ဖက်ထိ ဖောက်ထွင်းစူးဝင်သွားမတတ် စူးစိုက်ကြည့်ရင်း ထင်မှတ်မထားသော စကားတစ်ခွန်းကို အေးစက်စွာပြောလိုက်လေသည်။

''မေစုမွန် အချစ်ကိုယုံလား''

''ဘာရယ်!. . .''

''အချစ်ဆိုတာကို ယုံလားလို့မေးတာ''

''အင်း. . . ယုံတယ်''

''အိုကေ! ဒါဆို မေစုမွန်, ကိုယ့်ချစ်သူကို အရမ်းချစ်မှာပေါ့နော်''

မေလေး ခေါင်းညိတ်ပြလိုက်သည်။





ဒါ သူ မေးစရာလားလို့ မကျေမနပ်ဖြစ်မိပေမယ့် ထိုစကားတွေရဲ့ဦးတည်ရာကို မေလေး စိတ်ဝင်စားမိ၏။

နေရောင်နီ့မျက်နှာက ရေခဲပြင်တစ်ခုလို အေးစက်သွားလျက် မျက်လုံးတွေက လုံးဝလှုပ်ရှားသက်ဝင်ခြင်း ကင်းမဲ့နေသည်။

ရုတ်တရက်ကြည့်လျှင် ရှေ့စားပွဲပေါ်မှ အအေးဖန်ခွက်နှင့် တစ်ရှူးဘူးကို စိုက်ကြည့်နေသည်ဟု ထင်ရပေမယ့် တကယ်တမ်း သူမမျက်လုံးတွေက ဘာကိုမှမကြည့်ဘဲ တွေဝေး ဝေဝါးနေလေသည်။

သူမကိုကြည့်ပြီး မေလေးကျောရိုးထဲပင် ခပ်စိမ့်စိမ့်ဖြစ်လာသည်အထိ ထိတ်လန့်တုန်လှုပ်သွားမိ၏။

ပုံမှန်မဟုတ်သော အကြည့်စိမ်းစိမ်းတွေ၊ စကားလုံးရင့်ရင့်တွေနှင့် နေရောင်နီဟာ ဘယ်လိုမိန်းကလေးမျိုးလဲဟု မေလေး ဘယ်လိုမှအဓိပ္ပာယ်မဖွင့်တတ်တော့ချေ။

''အဆုံးမရှိတဲ့ မိုးကောင်းကင်အောက်က ဒီလောက်ကျယ်ပြန့်လွန်းတဲ့ကမ္ဘာကြီးပေါ်မှာ ဘာကြောင့်များ ကိုယ်တို့နှစ်ယောက်က ကောင်လေးတစ်ယောက်တည်းကို အတူတူချစ်မိနေရတာလဲ မေစုမွန်''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို!"

မေလေး ကိုယ့်နား ကိုယ်ပင် မယုံနိုင်လောက်အောင် ဖြစ်သွားမိသည်။ နေရောင်နီရဲ့မျက်လုံးတွေကတော့ ပုံမှန်အတိုင်း တောက်ပလျက် တည်ငြိမ်နေဆဲပင်ဖြစ်သည်။

သူမမှာသာ ကြားလိုက်ရသောစကားအတွက် ဆောက်တည်ရာမဲ့ ဂဏှာမငြိမ်ဖြစ်လျက်။

"ဘယ်သူတွေက ဘယ်တစ်ယောက်ကို အတူတူချစ်မိတာလဲ နေရောင်နီ။ အဲ့စကားအဓိပ္ပာယ်က ဘာလဲ"

မေလေးရဲ့ အထိတ်ထိတ် အလန့်လန့်မေးခွန်းကြောင့် သူမက အေးစက်စက်အပြုံးနှင့် ပြန်စိုက်ကြည့်လေသည်။

"အဓိပ္ပာယ်က ရှင်းပါတယ်၊ မင်းနဲ့ကိုယ်ရဲ့ရည်းစားက 'လင်းထင်သူရ' ဖြစ်နေလို့ပဲလေ"

"မဖြစ်နိုင်တာ"

ထိုစကားက မေလေးနှုတ်မှ ခက်ထန်မာကြောစွာ ဆောင့်ခနဲထွက်သွားသည့်အတွက် နေရောင်နီက ပခုံးတစ်ချက်တွန့်ရင်း ခေါင်းညိတ်သည်။

"အိုကေ. . . ဖြစ်နိုင်တဲ့အကြောင်း ကိုယ်ပြောပြမယ်။ မင်း သေချာနားထောင်"





"မကြားချင်ပါဘူး, အဲဒါ ယုတ္တိမရှိဘူး။ မောင်က ကျွန်မတစ်ယောက်တည်းနဲ့ချစ်ဖူးတဲ့ ခြောက်ပစ်ကင်း သဲလဲစင်ယောက်ျားတော့ မဟုတ်ဘူး။ ဒါပေမဲ့ မောင့်မှာ နေရောင်နီဆိုတဲ့ရည်းစားတစ်ယောက် မရှိခဲ့ဘူးဆိုတာတော့ သိပ်ကိုသေချာတယ်။ မောင်တွဲဖူးသမျှ မိန်းကလေးတွေကို မေလေး သိတယ်။ အဲ့အထဲမှာ နေရောင်နီ မပါဘူး"

"သိပ်ကိုသေချာနေပါလား မေစုမွန်ရဲ့. . . မင်းတို့နှစ်ယောက် ဘယ်အတိုင်းအတာထိ ပွင့်လင်းရင်းနှီးကြတယ်ဆိုတာ ကိုယ်မသိဘူး။ ကိုယ်သိတာတစ်ခုကတော့ လင်းထင်, မင်းကို အရာအားလုံးဖွင့်မပြောဘူးဆိုတာပဲ။ အထူးသဖြင့် ကိုယ်နဲ့ဖြစ်ခဲ့တဲ့ကိစ္စတွေကို မင်းကို ဘယ်တော့မှဖွင့်ပြောမှာမဟုတ်ဘူး။ မင်းက ကိုယ်ဖွင့်ပြောမှ သိရမယ့်သူပါ"

စကားအဆုံး နေရောင်နီက ဖန်ခွက်ထဲမှ အအေးပိုက်တံကလေးကို လက်ညှိုးနှင့်တဖျတ်ဖျတ်တောက်ရင်း ခြောက်ကပ်အက်ကွဲသောအသံနှင့် တဟက်ဟက်ရယ်မောနေလေသည်။

ထိုသို့ရယ်မောနေပုံက မထီမဲ့မြင်နှင့် မြင်ပြင်းကပ်စရာကောင်းလွန်းလှသည်။

မေလေး မသိမသာအံကြိတ်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤမျှရင့်သီးစော်ကားလွန်းပြီး ကိုယ်ရေးကိုယ်တာကို ရိုင်းပျစွာ စွက်ဖက်လာသောစကားအတွက် တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်လျက် ထိုနေရာမှ သူမ ထလာသင့်သည်။

သို့သော် သူမ ထိုနေရာမှ လုံးဝမထဖြစ်ဘဲ နေရောင်နီ၏မျက်နှာကိုသာ သံလိုက်ဆွဲအားမိနေသလို တစိုက်မတ်မတ် ငေးမောနေမိ၏။

နေရောင်နီ ဘာပြောလိုက်မလဲဆိုတာကိုလည်း လွန်စွာ စိတ်ဝင်စားလှသည်။ သို့သော် မဖြစ်နိုင်မှန်းသိသိနှင့် နားမထောင်ရဲချေ။

"မေစုမွန်, သူ့ကို ဘယ်အတိုင်းအတာအထိ ယုံသလဲ"

"မေလေးကိုယ်တိုင်ကလွဲရင် လောကမှာ အယုံကြည်ဆုံးက မောင်ပဲ။ အဲဒါ နေရောင်နီ သိရဲ့လား"

"အဟင်း. . . မင်းယုံမယ်ဆို ယုံလောက်ပါတယ်လေ။ အချစ်နဲ့ လှည့်စားဖြားယောင်းခြင်းမှာ လင်းထင်သူရက Sorcerer ပဲဟာ။ ဒါပေမဲ့ မင်းဘဝတစ်ခုလုံးပုံအပ်ပြီး မယုံလိုက်ဖို့တော့ အရေးကြီးတယ်။ အဲဒါမှတ်ထားဦး"

"နင်. . ."

မေလေး တစ်ကိုယ်လုံး ပူနွေးလျက် ဆတ်ဆတ်တုန်





သွားသည်ဟုပင် ခံစားလိုက်ရသည်။ အံ့သြဒေါသဖြစ်လွန်းသောကြောင့် နင်ဟု ခပ်ရင့်ရင့်တစ်ခွန်းသာ ရေရွတ်လိုက်နိုင်၍ ဘာမှဆက်မပြောတတ်တော့သလို နှုတ်က ဆွံ့အသွားသည်။

"မင်းဒေါသဖြစ်မယ်ဆို လွတ်လွတ်လပ်လပ်ဖြစ်ခွင့်ရှိတယ် မေစုမွန်။ အရေးကြီးတာက ဘာမဟုတ်တဲ့အချစ်တစ်ခုအတွက် မင်းရဲ့အနာဂတ်လမ်း ပျောက်သွားမှာစိုးလို့။ အခု မင်းလျှောက်မယ့်လမ်းမှာ ဘာအခက်အခဲတွေရှိတယ်ဆိုတာ ကြိုမြင်နိုင်အောင် မီးတိုင်တစ်ခု မင်းလက်ထဲကို ထည့်ပေးလိုက်မယ်။ ပူတယ်ထင်ပြီး လွှတ်မချမိစေနဲ့။ အိပ်မက်တစ်မက်စာပဲ ကြာမယ့်ကာလအတွင်းမှာ မင်းဘဝ စုတ်ပြတ်သတ်သွားလိမ့်မယ်"

"တော်တော့! နင့်စကားတွေ သိပ်လွန်နေပြီ နေရောင်နီ။ အဓိပ္ပာယ်မရှိတဲ့စကားကို ငါယုံလို့ နားထောင်နေတယ်များ ထင်နေသလား။ နင်ပြောတာ ဘာမှအခြေအမြစ်မရှိ ယုတ္တိမတန်တာတွေချည်းပဲ။ မောင်နဲ့ငါက မကြာခင်လက်ထပ်ကြတော့မှာ။ ဘာမှသတိပေးနေစရာလည်းမလိုဘူး။ အမုန်းခံပြောတဲ့စကားပဲ အဖတ်တင်မှာ။ အဲ့အတွက် ကျေးဇူးတင်လိမ့်မယ်လည်း မထင်နဲ့။ သူများချစ်သူတွေကြားထဲဝင်ပြီး ခလောက်ဆန်တဲ့နင့်ကို ပိုတောင် ရွံမိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်း မေလေးအသံတွေ တုန်လာပြီး ရင်ထဲမှာ မွန်းကျပ်နွမ်းလျလာသည်။ တလှိုက်လှိုက်ဆို့နင်လာတဲ့ ငိုချပစ်ချင်စိတ်ကို မနည်းအံ့ကြိတ်ထိန်းထားရသည်မှာ ပင်ပန်းလွန်းလှပါသည်။

နေရောင်နီကတော့ ထိုစကားတွေအတွက် တစ်ချက်လေးမှ မျက်နှာပျက်မသွား။ နဂိုအတိုင်း အေးစက်သော ခပ်လွန့်လွန့်အပြုံးကလည်း သူမနှုတ်ခမ်းမှာ ဣန္ဒြေကြီးစွာ ခိုတွဲလျက်ပင်။

"အဓိပ္ပာယ်မရှိဘူးလို့ နောက်တစ်ခါ ထပ်မစွပ်စွဲပါနဲ့ မေစုမွန်. . . တစ်ချိန်က အဓိပ္ပာယ်အပြည့်အဝရှိခဲ့တဲ့ ချစ်သူနှစ်ယောက်အကြောင်း ကိုယ်ပြောပြမယ်။ ကျေးဇူးပြုပြီး မင်း နားထောင်ပေးပါ"

မျက်နှာက ဘယ်လောက် ဟန်ဆောင်ပြုံးထားလည်း သူမအသံကတော့ မသိမသာလေး အက်ရှတိုးတုန်နေလေသည်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်နှင့်ဆိုသော စကားတွေရဲ့အဆုံးသတ်တိုင်းမှာ ငိုချတော့မယောင် တိမ်ဝင်နစ်မြုပ်သွားတဲ့အသံလေးကြောင့် မေလေး တဒင်္ဂတော့ ငိုင်ခနဲဖြစ်သွားရပါသည်။

ဒါပေမဲ့ နေရောင်နီ လုံးဝမငိုပါ။

သူမမျက်လုံးတွေက အေးစက်စူးရဲနေကြသည်။





ထိုမျက်လုံးတွေမှတစ်ဆင့် အတိတ်ရဲ့ ဒိုင်ယာရီစာမျက်နှာတချို့ကို လှမ်းမြင်နိုင်မှန်း အစက မသိခဲ့ပေမယ့် ညင်သာတိုးတိတ်သော သက်ပြင်းချသံလေးရဲ့အဆုံးမှာတော့. . .

* * *

www.burmeseclassic.com

www.burmeseclassic.com



အတိတ်ဟူသည် ဘာမှဖမ်းဆုပ်ကိုင်တွယ်၍မရသော လွန်လေပြီးသည့်အိပ်မက်သာ ဖြစ်ချေ၏။
သို့သော် ထိုအိပ်မက်အား စာမျက်နှာ အချို့၌ရေးသား မှတ်တမ်းတင်ခဲ့ဖူးသည်ရှိသော် တစ်စုံတစ်ယောက်အား ထိကျသေချာစွာ ပြန်ပြောနိုင်ပေလိမ့်မည်။
သူ့ဇာတ်အိပ်မက်မှာ ဤသို့စတင်ခဲ့လေသည်...

အခန်း (၃)

"ကဲ, ဒီမှာသော့၊ ဒီနေ့ကစပြီး ရောင်နီ့စိတ်ကြိုက် ပြင်ပေတော့။ အိမ်က မရှင်းတာကြာလို့ ကြွက်တွေ၊ ပိုးဟပ်တွေ တစ်မျိုးလုံး တစ်ဆွေလုံး စုနေကြပြီထင်တယ်"

ကားပေါ်က မဆင်းရသေးခင် ရွှေရည်က ရောင်နီ့လက်ကို အိမ်သော့လှမ်းပေးရင်း အိမ်အကြောင်း စပြောသည်။ ရောင်နီက လုံးဝဂရုမစိုက်ဟန်နှင့် ပခုံးတွန့်ပြရင်း. . .

"ဘာကောင်မှမကြောက်ဘူး၊ အမှိုက်ရှင်းရမှာပဲ ပျင်းတာ"

ဟုပြန်ပြောပြီး ကားပေါ်မှ ခရီးဆောင်အိတ်တွေကို သယ်



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်သည်။ အိတ်ကြီးသုံးလုံးကို ကားပေါ်က ချအပြီးမှာတော့ သူမတို့ ငှားလာသည့် တက္ကစီကားက ခြံရှေ့မှ လျှောခနဲထွက်သွားတော့၏။

ရောင်နီ ခြံတံခါးမဖွင့်သေးဘဲ ခါးထောက်ရပ်ရင်း နှစ်ထပ်ပျဉ်ထောင်အိမ်မည်းမည်းလေးကို တစ်ချက်မော့ကြည့်လိုက်သည်။

အိမ်ရှေ့မှာ မြေကွက်လပ်လေး နည်းနည်းလွတ်နေတာ လွဲပြီး အိမ်နှင့်ခြံက ခွေးတစ်ကောင် ဝင်မတိုးသာအောင် နီးကပ်ထိစပ်နေတာကိုကြည့်ပြီး မြို့က ရပ်ကွက်အိမ်ကလေးတွေကို ရောင်နီ စိတ်ပျက်သွားမိ၏။

နယ်က ရောင်နီတို့ခြံဆို အိမ်ဘေးမှာ နောက်ထပ်အိမ်လေးတွေ ပတ်လည်ဝိုင်းဆောက်လို့ရအောင် ကျယ်သည်။ ဒီမှာတော့ ခြံစည်းရိုးနှင့်ကွက်တိပင်။

တော်ရုံအပင်တွေ နွယ်တွေဆို ခြံစည်းရိုးကနေ အိမ်ဘက်တောင် လှမ်းနေကြသေးသည်။ တစ်ဖက်ခြံက အိမ်ကလည်း နှစ်ထပ်တိုက်မို့ ရောင်နီနေမည့်အိမ်နှင့် အမြွှာတွေလား ထင်ရအောင် ပူးပူးကပ်ကပ်ဖြစ်နေ၏။

ဟိုဘက်ခြံကတော့ အိမ်ပုကလေးမို့ နည်းနည်းရှင်းနေ





သယောင် ထင်ရလေသည်။

"ဟဲ့. . . အိမ်ထဲမဝင်ဘဲ ဒီလိုပဲ ရပ်နေတော့မှာလား ရောင်နီ၊ လာရတာ နီးနီးနားနားမဟုတ်ဘူး။ ခြံတံခါးဖွင့်၊ အထုပ်တွေ နေရာချရအောင်။ အဲ, နေဦး. . . ဒါတွေ ခြံထဲခဏထည့်ပြီး အိမ်အရင်ရှင်းရမယ်"

ပြောပြောဆိုဆို ရွှေရည်က ခြံတံခါးကို သူမကိုယ်တိုင်ဖွင့်ပြီး ရောင်နီ့အဝတ်အစားအိတ်တစ်အိတ်ကို ဆွဲကာ ဝင်သွားတော့သည်။

ရောင်နီလည်း ကျန်သည့်အိတ်တစ်လုံးနှင့် စာအုပ်တွေထည့်ထားသည့်အိတ်ကြီးကို ကောက်မ,ကာ သူမနောက်မှ လိုက်ဝင်ရတော့၏။

"ဟာ! ရွှေရည်၊ နင်တို့ ပန်းတွေစိုက်ထားပြီး ဒီအတိုင်းပစ်ထားမှာလား။ ကြည့်ပါဦး. . . နှင်းဆီပင်တွေဆို ပိုးတွေကျလို့၊ စပယ်ရုံကလည်း ခြောက်ခမ်းနေတာပဲ။ နှမြောစရာဟယ်"

လက်ထဲကအိတ်ကြီး ဘုတ်ခနဲပစ်ချရင် ရွှေရည်က အမောတကောပုံစံနှင့် ရောင်နီ့ကိုလှမ်းကြည့်သည်။

"ပစ်မထားလို့ ငါက တစ်နေ့တစ်ခေါက် လာကြည့်ရမှာလား၊ ဒီလောက်အဝေးကြီးကို။ ကားနဲ့လာတာတောင် တစ်



www.burmeseclassic.com

www.burmeseclassic.com



နာရီလောက် ကြာတဲ့ခရီးကို ဒီပန်းတွေကိုသာ လာပြုစုနေရင် ငါလည်း ကားစီးရင်း ဆံပင်ဖြူသွားမှာပဲ။ မေမေကတော့ တစ်နေ့လောက် ကားနဲ့လာသယ်မလို့တဲ့၊ ငါက မယူနိုင်းတာ။ ဟိုမှာ ခြံရှိတာမဟုတ်ဘူး၊ တိုက်ခန်းပေါ် မ,တင်ရတာနဲ့ အသက်ထွက်မယ်''

''ဟိုတော့ ယူမသွားပါနဲ့ဟယ်၊ ငါရောက်နေပြီပဲ, သေချာပြုစုပါ့မယ်၊ စပယ်ရုံတွေလည်း မိုးကျရင် ပွင့်တော့မှာ''

''အံမယ်! သူက တစ်သက်လုံးနေမှာကျနေတာပဲ''

''ဒါကတော့ အခြေအနေအရပေါ့ဟာ''

''တော်ပါ ရောင်နီရယ်၊ နင့်အကြောင်း ငါမသိတာကျနေတာပဲ၊ ဘယ်မှာမှ အကြာကြီးမနေနိုင်တဲ့သူကများ. . .ခြေထောက်ဖွေပါနေတဲ့သူက အခြေအနေအရတွေဘာတွေလုပ်လို့၊ တစ်သက်လုံးနေမယ်ဆို ဒီအိမ်ကို အပိုင်ပေးလိုက်မယ်၊ သဘောပေါက်''

''ဟားဟားဟား. . .တကယ်လား၊ ဒီအိမ်ဆို အများကြီးတန်တယ်နော်၊ အနည်းဆုံး တစ်ရာ့ငါးဆယ်ပဲ၊ အလကားရရင် တကယ်နေလိုက်မှာ၊ ပြီးမှ အတင်းနှင်မထုတ်နဲ့''

''နင်ပဲ နေနိုင်အောင် နေကြည့်စမ်းပါဦး''





''အင်း. . .နေကြည့်သေးတာပေါ့''

ရောင်နီနှင့်ရွှေရည်မှာ ခုမှစရောက်ပေမယ့် တပေါ့ပေါ့တဟားဟားနှင့် ဆုံနေတော့သည်။ သူမတို့နှစ်ယောက်က တစ်မြို့စီ၊ တစ်နယ်စီဆိုပေမယ့် ထူးထူးခြားခြား ဆေးရုံမှာတွေ့ပြီး ခင်မင်ခဲ့သူတွေဖြစ်သည်။

ရွှေရည်က ရောင်နီထက် အသက်တစ်နှစ် ပိုကြီးပြီး အတန်းလည်း ပိုကြီးသည်။ ရောင်နီ့ကျန်းမာရေးကြောင့် ဆေးရုံမှာ စာမေးပွဲဖြေရင်း အဒေါ်ကိုလာပြုစုတဲ့ ရွှေရည်နဲ့တွေ့ပြီး ခင်သွားခဲ့ခြင်းဖြစ်သည်။

ရောင်နီ ဆယ်တန်းအောင်ပြီး ရန်ကုန်မှာ ကျောင်းတက်ဖို့ဖြစ်လာတော့ ရွှေရည်က အစစအရာရာ ကူညီပေးခဲ့ပါသည်။ အဝေးသင်ဆိုပေမယ့် ကျူရှင်တက်ဖို့ကအစ နေဖို့အိမ်ကအဆုံး သူမကိုယ်တိုင် စီစဉ်ပေးခဲ့ခြင်းဖြစ်၏။ ယခု ရောင်နီနေရမည့်အိမ်ကလည်း ရွှေရည်တို့ ကျောက်တံတားကိုမပြောင်းခင် နေခဲ့သည့် အိမ်ကလေးဖြစ်သည်။

''ထင်တဲ့အတိုင်းပဲ ရွှေရည်ရေ၊ အပေါ်ထပ်မှာတော့ ဘယ်လိုနေမယ်မသိဘူး၊ အောက်ထပ်အခန်းထဲမှာတော့ Spider man တွေ ရောက်နေပြီ''



www.burmeseclassic.com

www.burmeseclassic.com



"အဟီး. . . ဟုတ်ပါ့ဟာ၊ ရောင်နီ့၊ နင်က Spider man ကြိုက်တဲ့လူဆိုတော့ အတော်ပဲပေါ့"

"တော်စမ်းပါဟာ၊ ရွံစရာ။ အဲဒါတွေ တံမြက်စည်းနဲ့ မြန်မြန်ရှင်းမှ။ အမှုင်တွေ ဟိုကပ်ဒီငြိနဲ့ စိတ်ညစ်စရာကြီး။ ဘယ်မှာလဲ မတ်တပ်တံမြက်စည်း"

"မတ်တပ်တံမြက်စည်းတော့ မရှိဘူးဟေ့။ ငုတ်တုပ်တံမြက်စည်းပဲ ရှိတယ်"

"အဲဒါဆိုလည်း မတ်တပ်ဖြစ်သွားအောင် ဝါးလုံးတစ်လုံးနဲ့ ကပ်ချည်မှဖြစ်မှာပေါ့ဟဲ့"

ရောင်နီက ရယ်လည်းရယ်၊ ခါးထောက်ရင်း အော်ကျယ်အော်ကျယ်ပြောနေပေမယ့် တကယ်တမ်း ပစ္စည်းရွှေ့၊ တံမြက်စည်း လှဲနေတာက ရွှေရည်ဖြစ်သည်။

"ဩဇာသီးမရေ့, ငါ့ကိုချည်း လှိမ့်အော်မနေနဲ့၊ အပေါ်ထပ်တံခါးတွေ နောက်ခန်းတံခါးတွေ လိုက်ဖွင့်ဦး။ အမှုန်တွေနဲ့ မွန်းကျပ်နေပြီ"

ရွှေရည်က တံမြက်စည်းလှဲရင်း နှာခေါင်းကို တစ်ရှူးနဲ့ ပိတ်ထားပြီး ပြောနေတာမို့ ဗြောင်နာနာဖြစ်နေသော သူမအသံကြောင့် ရောင်နီသဘောကျစွာ အော်ရယ်မိသည်။





ဒါကို ရွှေရည်က သဘောမပေါက်ရှာ။ ထိုအသံ ဗြောင်နာနာလေးနှင့်ပင်. . .

"ဘာရယ်နေတာလဲဟဲ့၊ သွားပါ. . . ဒီမှာ မွန်းလှပြီ"

ဟု ထပ်အော်နေသေးသည်။

ရောင်နီ ရယ်မောရင်း အပေါ်ထပ်လှေကားအတိုင်း တဒုန်းဒုန်းပြေးတက်လာခဲ့သည်။ အိမ်ထဲမှာ သူမတို့နှစ်ယောက်တည်းဆိုပေမယ့် စကားသံတွေ ရယ်မောသံတွေနှင့် ဆူညံနေသည်။ ခုံတွေရွှေ့တာ မ,တာလည်း အလုပ်လုပ်တာနှင့်မတူဘဲ ဝုန်းဒိုင်းကြဲ ဆူညံနေတော့၏။

"ဟဲ့. . . ဘယ်လိုတံခါးကြီးလဲ"

အပေါ်ထပ်တက်သည့်လှေကားအဆုံး အပေါ်တက်ရန် အပေါက်မတွေ့ရဘဲ မျက်နှာကျက်နှင့်တစ်ပြေးတည်းဖြစ်နေသည့် တံခါးကြီးကိုတွေ့လိုက်ရတာမို့ ရောင်နီ အံ့ဩသွားသည်။

"ရွှေရည်. . . အပေါ်ထပ်တံခါးက ဘယ်လိုဟာကြီးလဲ၊ တက်လို့မရဘူး"

သူမစကားကြောင့် ရွှေရည်က တံမြက်စည်းလှဲရင်း ရယ်သည်။

"ရအောင် တွယ်တက်ပေါ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! နင်တို့လည်း အဲလိုတက်ကြတာပဲလား"

"အဟိ. . . အေးပေါ့ဟဲ့"

"တော်ပါ၊ နင် ပေါက်ကရတွေ လျှောက်ပြောနေတာလား။ ငါ့ကိုလိုက်ဖွင့်ပေးဦး။ အဲဒါက ဘာတံခါးလဲ။ နိုင်ငံခြားသရဲကားထဲကလို တံခါးမျိုးကြီးနော်။ နင်တို့အိမ်ကလည်း ကြကြဲဖန်ဖန် အံဖုံးတံခါးကြီးလုပ်ထားတယ်"

"ငါတို့လုပ်တာမဟုတ်ပါဘူးဟယ်၊ နဂိုကတည်းက ပါတာ။ ငါတို့က ဆောက်ပြီးသား ဝယ်တာပါ။ ဟိုသော့တွဲမှာ အဲဒါဖွင့်ဖို့ သော့ပါတယ်"

"ဘယ်လိုဖွင့်ရမှာလဲ"

ရောင်နီ့အမေးကြောင့် ရွှေရည်က မျက်မှောင်ကြုတ်ရင်း စိတ်မရှည်သလို ပြန်ကြည့်သည်။

"နင်ငယ်ငယ်က သေတ္တာအကြီးကြီးထဲ ဝင်ကစားဖူးသလား"

"မကစားဖူးပါဘူး၊ ငါ့အမေက အဲ့လိုမကစားနဲ့တဲ့။ ဖွင့်မရရင် အသက်ရှူကျပ်ပြီး သေတတ်တယ်တဲ့"

"အမယ်လေး! မိဘစကား နားထောင်တတ်နေလိုက်တာ။ ငါက နင်သဘောပေါက်အောင် ပြောမလို့။ အဲလိုသေတ္တာ





ထဲ ဝင်ကစားပြီး ပြန်ထွက်ဖို့ အဖုံးကိုဖွင့်သလို အဲ့တံခါးကိုဖွင့်လို့ အကြံပေးမလို့ဟာ။ ဘယ်တောင်ရောက်သွားမှန်းမသိဘူး"

"အခု နင်ပြောလိုက်ပြီလေ"

"အေး၊ အဲ့အတိုင်း သွားဖွင့်"

ရောင်နီ သော့တွဲကိုယူပြီး လှေကားအတိုင်း ပြန်တက်လာခဲ့သည်။ သိပ်ခက်ခက်ခဲခဲကြီး မဖွင့်ရပေမယ့် တစ်ခါမှမလုပ်ဖူးတာမို့ နည်းနည်းတော့ ကပ်သီးကပ်သပ်နိုင်လှသည်။

တံခါးပွင့်သွားတော့ အပေါ်ထပ်ကို သူမ တက်လာခဲ့သည်။ အပေါ်မှာ ဖုန်မှုန့်တွေ ပိုများသည်။ ပြတင်းပေါက်မှန်တွေဆို တော်တော်မှိန်နေသည်။

အပေါ်ထပ်မှာ ဝရံတာလေး ထုတ်ထားပြီး ကြိမ်ကုလားထိုင်လေးတွေ ချထားတာကို ရောင်နီသဘောအကျဆုံးပင်။ ဖုန်တွေသဲတွေ ပေနေတာတောင် ခဏဝင်ထိုင်လိုက်သေး၏။ ပြီးမှ အခန်းပတ်လည်တံခါးတွေကို တစ်ချပ်ချင်း လျှောက်ဖွင့်လိုက်သည်။

"ဟဲ့! အမယ်လေး. . . ရွှေရည်ရေ၊ လုပ်ပါဦး"

ငယ်သံပါအောင် အော်လိုက်သော ရောင်နီ့အသံစူးစူးကြောင့် ရွှေရည်တစ်ယောက် တံမြက်စည်းကြီးကိုင်ပြီး ပြေးတက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"ဘာလဲ၊ ရောင်နီ၊ ဘာတွေ့လို့လဲ"

"မသိဘူး. . . ဘာကြီးလဲမသိဘူး။ ငါ့မျက်နှာကို ဖြတ်ရိုက်သွားတာ"

"ဖြစ်ရမယ် ရောင်နီကတော့လေ၊ အဲဒါ လင်းနို့ဖြစ်မှာပေါ့ဟဲ့။ ပျံမိပျံရာ ပျံရင်း နင့်မျက်နှာကို ဝင်တိုးသွားတာဖြစ်ပါလိမ့်မယ်။ တကတည်း လန့်လိုက်တာ"

"နင်က လန့်ရုံပဲ၊ ငါက ကံကောင်းလို့ အသက်မထွက်တာ။ ဟူး. . . မောလိုက်တာ၊ ရေတစ်ခွက်လောက် တိုက်ပါဦး"

"ဒီမှာ ဘာရေမှမရှိဘူး။ အောက်မှာ လာသောက်၊ ရေသန့်ဘူးပါတယ်"

"အေးပါ၊ ကျန်တဲ့တံခါးတစ်ချပ် ဖွင့်လိုက်ဦးမယ်။ ဒီတစ်ခါ ဘာကောင်နဲ့မှမဆုံအောင် ငါအရင် လိုက်မောင်းထုတ်ထားမယ်"

ပြောပြီးသည်နှင့် ရောင်နီ အခန်းပတ်လည်က ပျဉ်တွေခန်းဆီးသုံးထပ်သားတွေကို တဝုန်းဝုန်းလိုက်ပုတ်ပစ်လိုက်သည်။ တစ်ခန်းလုံး ဝုန်းဒိုင်းကြဲလို့ ကျေနပ်တော့မှ အိမ်ဘေးတံခါးတစ်ချပ်ကို ဝုန်းခနဲဆောင့်ဖွင့်လိုက်၏။





တံခါးက ဖုန်မှုန်မည်းမည်းတွေ တင်နေတာမို့ လက်နှစ်ဖက်ကို တဖတ်ဖတ်ပုတ်ခါပစ်ရင်း တံခါးအပြင်ဘက်ကို လှမ်းအကြည့်မှာတော့. . .

"မြတ်စွာဘုရား!"

ရောင်နီ့စိတ်ထဲက အသံက နှုတ်ခမ်းလှုပ်ရုံလေး ခပ်တိုးတိုးထွက်သွားရသည်။ ရောင်နီနဲ့ လက်တစ်လှမ်းစာအကွာ တစ်ဖက်အိမ်ရဲ့ပြတင်းပေါက်နားမှာ ခါးထောက်ရပ်နေသော ကောင်လေးတစ်ယောက်ကို တွေ့လိုက်ရတာမို့ ရုတ်တရက် အံ့အားသင့်သွားရသလို မျက်မှောင်ကြုတ်လျက် သူ့မကို စူးစူးရဲရဲစိုက်ကြည့်နေတာမို့ လန့်သွားမိသည်။ လန့်သွားမိတာမှ တစ်ကိုယ်လုံး ကြက်သီးဖုလေးတွေ ဖျန်းခနဲထသွားရတဲ့အထိ။

သူ့ပုံစံက ရောင်နီ့ကို ခုမှတွေ့ပြီး မမြင်ဖူးလို့ အကဲခတ်တာမျိုးလည်းမဟုတ်၊ အနှစ်နှစ်အလလက မကျေမနပ်ဖြစ်ခဲ့ဖူးပြီး ပြန်တွေ့လိုက်ရသည့် ရန်သူဟောင်းတစ်ယောက်ကို ကြည့်သလို မျက်လုံးတွေက ဒေါသနှင့် တလက်လက် တောက်ပနေသည်။

ကြည့်နေရင်း ချက်ချင်းပဲ ရောင်နီ့ကိုလှမ်းဆွဲပြီး ကိုင်ပေါက်ပစ်တော့မလောက် ဒေါသအမျက်နှင့် သူ့ပုံစံက တင်းမာ



www.burmeseclassic.com

www.burmeseclassic.com



ခက်ထန်နေသလောက် ထိုကောင်ကလေးရဲ့မျက်နှာက ဒေါသတွေနှင့် ဘာမှမဆိုင်လောက်အောင် တကာယ်ကို နုနုဖတ်ဖတ်လေးချောမွေ့သန့်စင်နေတာလည်း အမှန်ပင်။

ရောင်နီ အံ့ဩလွန်းလို့ သူ့ကိုကြည့်နေမိတာ မျက်နှာလွှဲမပစ်နိုင်ဘဲ ပါးစပ်အဟောင်းသားနှင့် မင်တက်နေမိသည်အထိ။ ထိုကောင်ကလေးကလည်း ရောင်နီရဲ့ ပြူးကြောင်ကြောင် ယောင်နနအကြည့်ကြောင့် ဒေါသဖြစ်နေရာမှ အံ့ဩသွားဟန်နှင့် မျက်ခုံးအတွန့်ကို ဖြည်းဖြည်းချင်းလျှော့ပစ်သည်။ ထိုအမူအရာလောက်နှစ်သက်မြတ်နိုးဖွယ်ကောင်းသော မျက်နှာလှုပ်ရှားပြောင်းလဲမှုမျိုး (ဘုရားစူးရစေ့) ရောင်နီ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှမမြင်ဖူးပါချေ။

"အဟဲ"

ရောင်နီ ထိုကောင်ကလေးကို လိုလိုလားလားပင် ရယ်ပြလိုက်မိသည်။ သူ့စိမ်းယောက်ျားတစ်ယောက်ကို ဘာအထာမှမပါဘဲ ရယ်ပြမိတာလည်း ဒါပထမဆုံးအကြိမ်ဖြစ်၏။

"ကျွတ်! . . ."

သူ့ဘက်က တုန့်ပြန်မှုကတော့ တဆိတ် ဆိုးရွားပြင်းထန်လွန်းလှသည်။





မျက်ခုံးထူထူနှစ်ဖက်ကို ဆတ်ခနဲကျုံ့ပြီး စုတ်သပ်ပစ်လိုက်ကာ ချက်ချင်း မျက်နှာလွှဲသွားသည်။ ရောင်နီ တစ်ခုခုလှမ်းပြောဖို့ ကြံရွယ်စဉ်မှာပဲ သူက ထီမထင်ဟန်နှင့် ပြတင်းပေါက်မှ ကျောခိုင်းလှည့်ထွက်သွားတော့၏။

"ဘဝင်ပဲ"

ရောင်နီ ခပ်တိုးတိုးရေရွတ်ရင်း ပခုံးတစ်ချက် တွန့်လိုက်သည်။

သူမနှုတ်ခမ်းတွေကတော့ တစ်စုံတစ်ခုကို နှစ်သက်ကြည်နူးနေမိသလို လှလှပပပြုံးထားမိလေသည်။

ထိုနေ့က သူမရဲ့ဒိုင်ယာရီစာအုပ်ထဲမှာ ထိုကောင်လေးနဲ့ပတ်သက်ပြီး စာလေးတစ်ပိုဒ် နေရာယူသွားသည်။

*ကောင်ကလေးရေ...*

*ကိုယ်က (အမှတ်တမဲ့) နမော်နမဲ့နိုင်လွန်းတယ်ကွယ့်၊*

*ပထမဆုံး တံခါးအဖွင့်မှာ လင်းနို့တစ်ကောင် ကိုယ့်မျက်နှာကို ဝင်တိုက်သွားတယ်...*

*နောက်ဆုံးတံခါးအဖွင့်မှာတော့ မြှားတစ်စင်းလို အားပြင်းတဲ့ မင်းရဲ့မျက်စောင်းတစ်ချက် ကိုယ့်ရဲ့ရင်ဘတ်ဘက်ကို ဝင်စိုက်သွားတယ်...*



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ဘဝရဲ့ပထမဆုံးအတွေ့အကြုံဖြစ်သလို တစ်သက်လုံးစာ အမှတ်တရလည်း ဖြစ်လိမ့်မယ်ထင်ပါရဲ့။ ဘဝဆိုတာ အတိတ်နိမိတ်တွေနဲ့ သွားနေတဲ့ရထားတစ်စင်းပဲလေ...

မင်းနဲ့ကိုယ် ဆုံရန် ရှိဦးမှာပေါ့......

ဂျူဂျူဂျူ



## အခန်း (၄)

တကယ်တော့ အောက်ထပ်မှာ စာကြည့်စားပွဲနှင့် စာအုပ်တချို့ ရှိနေပြီးသားပါ။

ဒါပေမဲ့ အပေါ်ထပ် ပြတင်းပေါက်ဘေး နေရာလေးကို ရောင်နီ စာကျက်ဖို့အတွက် ရွေးချယ်ထားလိုက်သည်။

ရောင်နီ့အကျင့်က စာကျက်လျှင် ကိုယ့်အသံ ကိုယ်ပြန်ကြားနိုင်အောင် အော်လိုက်ရမှ။

တက္ကသိုလ်ကျောင်းသူဖြစ်တာက ဖြစ်တာမဲ့ စာအကျယ်ကြီးအော်ကျက်တဲ့အကျင့်ကတော့ ကလေးတုန်းကအတိုင်း ဘာမှမပြောင်းလဲသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့တဲ့တနင်္ဂနွေကမှ ကျူရှင်ကို ပူပူနွေးနွေး စတက်ထားတာမို့ စာကျက်ဖို့လည်း အရမ်းကို တက်ကြွနေတာမို့ ရောင်နီ စိတ်လွတ်ကိုယ်လွတ် အော်ပစ်လိုက်သည်။

တော်တော်လေး မောလာတော့မှ စားပွဲပေါ်မှာ အသင့်ချထားတဲ့ အချဉ်ထုပ်ကိုဖောက်ပြီး အလုပ်တစ်ခုရရေးအတွက် အခွင့်အလမ်းဂျာနယ် ကောက်ကိုင်ပစ်သည်။

"အမယ်လေးဟဲ့, လုပ်သက်နှစ်နှစ်တဲ့။ အခုမှ စလုပ်မယ့်ဟာ ဘယ်မှာ နှစ်နှစ်သွားလုပ်ရမှာလဲ။ ဟင်း. . . ဒီမှာကျတော့လည်း နယ်ခရီးထွက်ရဦးမတဲ့။ တစ်နေ့ကမှ နယ်ကရောက်တာဟော့၊ ဘယ်နယ်ကို ထွက်ရဦးမှာလဲ။ သွားစမ်းကွာ. . . တစ်ခုမှကို ငါနဲ့မကိုက်ဘူး"

စာစောင်ကို စားပွဲပေါ်ပစ်တင်ရင်း နှုတ်ကလည်း ပွစိပွစိပြောနေမိသည်။

"အင်း. . . ဦးနှောက်ဆေးဦးမှ၊ ဒါဘာလဲ, ဟာသပဒေသာတဲ့။ ဖတ်လိုက်စမ်းမယ်"

စာမျက်နှာတစ်ရွက်နှစ်ရွက် စလှန်လှန်ချင်းမှာပင် ရောင်နီတို့ ဖာတိပြုလာတော့၏။

"ဟား ဟား ဟား ဟား. . ."





"ဟား. . . ဟား. . . အမယ်လေး. . . အူတောင် ပြတ်ထွက်တော့မယ်။ ဘာတဲ့, ခင်ဗျားမိန်းမကို ဓာတ်လှေကားထဲမှာ လူတစ်ယောက်က နမ်းဖို့ကြိုးစားနေတာ ကျွန်တော် တွေ့ခဲ့တယ်တဲ့။ အဲ့မှာ ဟိုလူက ပြန်မေးတယ်၊ အဲဒီကိစ္စအောင်မြင်လားတဲ့၊ မအောင်မြင်ဘူး ပြန်ပြောတော့၊ အဲဒါဆို ကျွန်တော့်မိန်းမ မဖြစ်နိုင်ဘူးတဲ့။ ဟား. . . ဟား. . . ကြော်, သူ့မိန်းမကို တော်တော်အထင်ကြီးတဲ့ယောကျ်ားပဲ"

ရောင်နီ နှုတ်က ပြောလည်းပြော၊ ခေါင်းတညိတ်ညိတ်နှင့် သဘောတကျ ရယ်မောနေမိ၏။

"'ဟား. . . ဟား. . . ဒါက ပိုတောင်ရယ်ရသေးတယ်၊ ဘာတဲ့. . ."

- "ဒီမှာ. . . ဒီမှာ"

"ဟဲ့! ဘာတုန်း"

ခပ်စူးစူးအော်သံကြောင့် ရောင်နီ့လက်ထဲက စာအုပ်ဖျတ်ခနဲလွတ်ကျသွားရသည်။ ဘေးဘီကို ကပျာကယာ ခေါင်းထောင်ကြည့်လိုက်တော့ တစ်ဖက်အိမ်ပြတင်းဝမှာ မျက်နှာထားတင်းတင်းနှင့် လက်ထောက်ရပ်နေသည့်ကောင်လေးကို တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ကန်ကန် ပေစောင်းစောင်းမျက်နှာလေးက ပထမဆုံးတွေ့တုန်းက အတိုင်းပါပဲ။

"ဩော်"

ရောင်နီနှုတ်က အာမေဋိတ်သံ ခပ်တိုးတိုးထွက်သွားရင်း ထိုင်နေရာမှ ထရပ်လိုက်သည်။

"ကိုယ့်ကိုခေါ်သလားလို့"

"ဟုတ်တယ်၊ ခင်ဗျားကိုခေါ်တာ"

"ဘာကိစ္စပါလိမ့်"

"ဘာကိစ္စမှမဟုတ်ဘူး။ ခင်ဗျားအသံအကျယ်ကြီးနဲ့ တောင်အော် မြောက်အော် လုပ်နေတာ လျှော့နိုင်းမလို့။ ဒီမှာ စာကျက်လို့ လုံးဝမရတော့ဘူး"

"အံမယ်. . . ကိုယ်လည်း စာကျက်နေတာပဲ။ ဘယ်မှာ တောင်အော် မြောက်အော် လုပ်လို့လဲ"

"ဘာစာကျက်တာလဲ၊ ခုန ခင်ဗျား စာအော်ကျက်တဲ့ အထိ ကျွန်တော် သည်းခံနိုင်သေးတယ်။ ဟာသစာအုပ်ကြီးကို အသံထွက်ဖတ်ပြီး အော်ရယ်နေတာ ဘယ်လိုမှ နားမခံသာလို့ ပြောရတာ"

ရောင်နီ မျက်ခုံးပင့်သွားမိသည်။





စကားပြောတာတော့ တကယ့်အရင့်စားထဲကပင် ဖြစ်သည်။ ရောင်နီ့ထက် ပိုရင့်ပြနေတာမို့ နည်းနည်းတော့ ဖြုံသွားမိပါသည်။

ဒီလောက်ဒေါသကြီးသော ကောင်ကလေးမျိုး ရောင်နီ တစ်ခါမှမမြင်ဖူးခဲ့ပါ။ ယောကျ်ားလေးအချင်းချင်းသာဆို ကိုယ်ထိလက်ရောက်လုပ်ဖို့ ဝန်မလေးသည့် မိုက်ကန်းကန်းအထာလေးက ဖြူဝင်းနုသန့်နေသည့် ဒီဖိုင်းလေးနှင့် ဘယ်လိုမှမလိုက်ဖက်ချေ။

မထတထိ စ,နောက်ချင်စိတ်လေးက နည်းနည်းတော့ ခေါင်းထောင်လာရပါသည်။

"ကိုယ်အော်နေတာ ကိုယ့်အိမ်ထဲမှာနော်။ မင်းဘာသာ နားစွင့်မိလို့ ကြားသွားတာတော့ မတတ်နိုင်ဘူး။ မင်း စာကျက်ပျက်တယ်ဆိုလို့ စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ကိုယ်ကတော့ မင်းကိုနှောင့်ယှက်လိုစိတ်နဲ့ တမင်လုပ်တာမဟုတ်တဲ့အတွက် ဘာမှပြင်ဆင်ပေးဖို့ မလိုဘူးထင်တယ်။ အိုကေ!"

"ခင်ဗျားစကားပြောတာ ရင့်လှချည်လား။ ကျွန်တော်က ခင်ဗျားအသံကို နားစွင့်လို့ ကြားတယ်, ဟုတ်လား။ သွားသေလိုက်ပါလား. . . ခင်ဗျားအသံကို စကြားကတည်းက အလို



www.burmeseclassic.com

www.burmeseclassic.com



လိုဒေါ်သဖြစ်နေတာ။ ဒီလောက်ပြောဆိုနေတာတောင် မထီမဲ့မြင်နဲ့''

''ဩော်, ဟုတ်လား။ မင်းစကားပြောတာကရော သိပ်ကိုညက်ညောတယ်ဆိုတော့။ မင်းထက် ကိုယ်အသက်ပိုကြီးနိုင်တယ်လို့ တစ်ခါမှမတွေးမိဘူးလား။ အဲဒီအထာမျိုးနဲ့ မင်း ကိုယ့်ကို အမိန့်လာမပေးနဲ့ ချာတိတ်။ နေရောင်နီက ဘာကိုမှဂရုစိုက်တတ်တဲ့မိန်းမမဟုတ်ဘူး''

ပြောပြီး ရောင်နီ ပြတင်းပေါက်ဘောင်မှာ လက်ထောက်ရင်း စိန်ခေါ်သလို ခပ်ပေပေ ပြန်ကြည့်နေလိုက်သည်။

''တောက်!''

ဒေါ်သထွက်သွားပုံက တကယ့်ကလေးလေးလိုပါပဲ။ မျက်ခုံးတွေကို အစွမ်းကုန် စုကျုံ့ပြီး တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်သည်။

နှုတ်ခမ်းကိုမသိမသာဖိကိုက်ပြီး ရောင်နီ့ကို ခပ်စူးစူးပြန်ကြည့်လာတာမို့ ရယ်ချင်စိတ်ကို မြိုသိပ်ရင်း ပခုံးတွန့်လိုက်မိ၏။

နောက်ဆုံး အကြည့်လွှဲ ကျောခိုင်းသွားရသူက ဒေါ်သကုမ္မာရလေးပင်ဖြစ်သည်။





ဂဲ. . . အခုထိတော့ မင်း ကိုယ့်ကို မနိုင်သေးဘူးထင်တယ် ချာတိတ်ရေ. . .

စိတ်လျှော့လိုက်ရင် ပိုကောင်းသွားမယ်ထင်တယ်။

ဣဣဣ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ပူလိုက်တာကွာ. . . ဘယ်လိုအိပ်ရမှန်းမသိဘူး"

ကုတင်ပေါ်မှာ ငုတ်တုတ်ထထိုင်ရင်း ယပ်တောင်တစ်ချောင်းနှင့် ရောင်နီ အလုပ်ရှုပ်နေသလောက် တစ်ဖက်အိမ်ကတော့ စာကျက်သံ တိုးတိုးသဲ့သဲ့လေး ထွက်နေသည်။

နာရီကိုကြည့်လိုက်တော့ မနက်သုံးနာရီ။

ဒီအချိန် ဘယ်လိုအထူးအဆန်းသတ္တဝါက စာထကျက်နေပါလိမ့်ဟု ရောင်နီ အံ့သြသွားမိ၏။

အသေအချာနားစွင့်မှ တစ်ဖက်အိမ်က ဒေါ်သကူမွှာရလေးရဲ့အသံမှန်း သိရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရောင်နီ အိပ်ရာပေါ်မှ အသာထလာရင်း အိမ်ဘေးက ပြတင်းပေါက်ကို အသာလေးဖွင့်လိုက်တော့ သူ့အခန်းမှာ မီးရောင်လေး လက်နေတာ မြင်လိုက်ရ၏။

"ဩော် . . . သူ စာကျက်နေတာကိုး"

ရောင်နီ့စိတ်ထဲ ဝမ်းနည်းသလိုလို သနားသလိုလိုလေး ဖြစ်သွားမိသည်။ ညနေက သူ့ကိုအမြင်ကပ်ပြီး ရောင်နီ အသံအကျယ်ကြီးနှင့် စာအော်ကျက်နေတော့ သူ အခန်းတံခါးကို အသေပိတ်ထားတာ တွေ့ရသည်။

အခု ရောင်နီ အိပ်ချိန်ရောက်မှ သူ စာထကျက်ရတာ တွေးပြီး စိတ်ထဲ တနုံ့နုံ့ဖြစ်လာသည်။

တကယ်တော့ ထိုကောင်ကလေးက တစ်ဖက်သားကို သက်သက်မဲ့ ရန်လိုနေတာလည်း မဟုတ်တန်ရာပါ။ တလက်လက် ရူးရူတောက်ပနေတဲ့မျက်ဝန်းတွေမှာ လောကကြီးကို မကျေမနပ်ဖြစ်နေသလို စိတ်တိုင်းမကျသလို အရိပ်အယောင်တွေ ထင်ဟပ်နေတာက စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာတစ်ခုခုရှိမှန်း သိသာလွန်းသည်။

ဘာကြောင့်များ ရောင်နီ သူ့ကိုစိတ်ညစ်အောင် ဒေါသဖြစ်အောင် လုပ်မိပါလိမ့်ဆိုတဲ့နောင်တက အလိုလိုဖြစ်လာတော့





သူမကိုယ်သူမ မုန်းသွားမိ၏။ ရောင်နီ သူ့ကိုစိတ်မညစ်စေချင်ပါ။

မောင်ငယ်တစ်ယောက်ကို ချစ်စနိုးစချင်တာတစ်ခုကလွဲရင် တခြားအနှောင့်အယှက်ဖြစ်စေချင်စိတ်တော့ မရှိရိုးအမှန်ဖြစ်သည်။

ရောင်နီ့ထက် တစ်နှစ်ကျော် နှစ်နှစ်လောက် ငယ်ပေမယ့် တည်ငြိမ်ရင့်ကျက်နေသည့် မျက်နှာလေးက လူကြီးတစ်ယောက်လို ဖြစ်နေတာလည်း စတွေ့ကတည်းက သတိထားမိပြီးသားပင်။

ဒါကို ရောင်နီ ဘာကြောင့် သူ့ကိုစိတ်ညစ်စေခဲ့ရတာပါလိမ့်။

မှန်ပြတင်းနောက်ကွယ်က မီးရောင်လက်လက်ကလေးနဲ့ သူ့ရဲ့မသဲမကွဲအရိပ်အယောင်လေးကိုကြည့်ပြီး သူ စာကျက်နေသံကို နားစွင့်ထောင်နေမိသည်။

တကယ့်စာမှ စာ တစိုက်မတ်မတ် ကြိုးစားတတ်မည့် ပုံစံလေးမို့ အထင်ကြီး လေးစားစိတ်က ရောင်နီ့ရင်မှာ အလိုလို ဖြစ်တည်လာသည်။

တကယ်တော့ နေရောင်နီဆိုတာ ဘယ်သူ့ကိုမှ အလွယ်တကူ အထင်ကြီး စိတ်ဝင်စားတတ်သည့်သူမျိုးမဟုတ်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ခုမှ ထိုကောင်ကလေးကို စိတ်ဝင်တစားဖြစ်မိခြင်းပင်။

တော်ပြီ. . . ကိုယ် ဘယ်တော့မှ မင်းကိုအနိုင်မယူတော့ဘူး။

"ကိုယ့်ကြောင့် မင်း နောက်ထပ် စိတ်မညစ်စေရတော့ဘူး ကောင်ကလေးရယ်"

ရောင်နီ နှုတ်က ခပ်တိုးတိုးရေရွတ်မိရင်း ပြတင်းပေါက်တံခါးကို အသာလေး ပြန်စေ့လိုက်သည်။ သူမ အိပ်ရာဝင်တဲ့အထိ သူ့ရဲ့စာကျက်သံကို သဲ့သဲ့လေး ကြားနေရဆဲပင်။

ရောင်နီ ဘယ်လောက်များ မှတ်မှတ်ရရ သတိထားမိသလဲဆိုရင် သူ့ရဲ့စာကျက်သံလေး တိတ်ဆိတ်သွားကာ မနက်ငါးနာရီခွဲခါနီးဖြစ်တာပင် အတိအကျသိလိုက်သေးသည်။

မနက်မိုးလင်းတော့ ညက အိပ်ရေးပျက်ထားသည့်အရှိန်နှင့် လူက ခေါင်းတွေမူးပြီး နုံးချိချိဖြစ်နေသည်။ အိပ်ရေးမဝလို့ စိတ်မကြည်တာထက် စာကျက်သံလေး ပျောက်သွားလို့ ရင်ထဲလစ်ဟာသွားတာက ပိုဆိုးမည်ထင်သည်။

တစ်ပတ်လုံးမှာ စနေ တနင်္ဂနွေနှစ်ရက်တည်း ကျူရှင်တက်ရပြီး ငါးရက်လုံးလုံး စာအုပ်ဖတ်လိုက်၊ အိပ်လိုက်စားလိုက်လုပ်နေရသည့်ဘဝက ဖိမ်ရှိမလိုလိုနှင့် ပျင်းစရာအလွန်ကောင်း





လှသည်။

အလုပ်တစ်ခုလုပ်ဖို့ စဉ်းစားတိုင်းလည်း ဘယ်အလုပ်မှ သူမနှင့်မသက်ဆိုင်သလို အဆင်မပြေတာမို့ အိမ်ထဲ ငြိမ်ကုပ်နေရတာက အသင့်တော်ဆုံးဖြစ်မည်ထင်၏။

နောက်ဆုံး အပျင်းပြေဖို့ တစ်ခုတည်းသောနည်းလမ်းကို သွားစဉ်းစားမိတာက တခြားမဟုတ်။ ရွှေရည်ကို ဖုန်းဆက်ခေါ်ဖို့ပင်ဖြစ်သည်။

ရောင်နီ မျက်နှာသစ် အဝတ်အစားလဲပြီး ခြံထဲဆင်းလာခဲ့သည်။ ရောက်တာ သိပ်မကြာသေးသည်မို့ ဒီပတ်ဝန်းကျင်ကို သိပ်တော့ မကျွမ်းဝင်သေးပါ။

အရေးကြီးတာ စာအုပ်အငှားဆိုင်၊ ဖုန်းဆိုင်နှင့် မုန့်ဝယ်လို့ရသည့်ဆိုင်တွေ ဘယ်နားမှာရှိသည်ဆိုတာ လေ့လာထားဖို့ပင်။ စရောက်ကတည်းက အိမ်က ကြော်လှော်ပေးလိုက်သည့် ဟင်းတွေစားပြီး အိမ်ထဲအောင်းနေခဲ့တာ တစ်ပတ်တောင်ပြည့်တော့မည်။

နောက်ဆို ဟင်းချက်စရာဝယ်ဖို့ ဈေးလည်း သွားရဦးမည်။ ရှုပ်ပါတယ်. . . ထမင်းဆိုင်တစ်ဆိုင်ရှာပြီး ချိုင့်ဆွဲစားတာပဲ အေးပါတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ရောင်နီ ကိုယ့်အတွေးနှင့်ကိုယ် သဘောကျစွာပြုံးရင်း ခြံစည်းရိုးတံခါးကို အသာပြန်စေ့လိုက်သည်။ ရပ်ကွက်လေးက သိပ်တော့မဆိုး။ နေရတာ အေးအေးချမ်းချမ်းနှင့် တိတ်တိတ်ဆိတ်ဆိတ်ရှိလှသည်။

ခြံပြင်ရောက်ရောက်ချင်း မျက်နှာမူရာတည့်တည့်မှာ တွေ့လိုက်ရသောဆိုင်းဘုတ်ကလေးကြောင့် ရောင်နီ တအံ့တသြဖြစ်သွားရသည်။

ဘာမှအထူးအဆန်းမဟုတ်သည့် မြို့တွင်း နယ်ဝေးဖုန်းခေါ်နိုင်သည်ဟူသော ဆိုင်းဘုတ်ကလေးပေမယ့် အိမ်ချင်းကပ်ရက်မှာ ရှိနေတာ အရင်နေ့တွေက သတိမထားမိခဲ့ခြင်းကို ခုမှ နောင်တဖြစ်လို့မဆုံးနိုင်။

ကြည့်စမ်း! ဘယ်လောက်အံ့သြဖို့ကောင်းလိုက်သလဲ။ စာတော်ပြီး ဒေါသကြီးတတ်သောကောင်ကလေးရဲ့အိမ်မှာ ဖုန်းဆက်လို့ရသတဲ့။

ရောင်နီ အားပါးတရကို ပြုံးလိုက်မိပါသည်။

ခြေလှမ်းတွေကလည်း ထိုကောင်ကလေးရဲ့အိမ်ဆီသို့ ဖျတ်လတ်တက်ကြွမှုအပြည့်နှင့် လှမ်းသွားမိ၏။

သူမကိုမြင်လျှင် ထိုကောင်ကလေး အံ့သြသွားမည်လား





မဆိုတတ်။ ရောင်နီကတော့ ရင်တွေ ခုန်လှပါဘိ။

"ဟို့, အန်တီ၊ ဖုန်းပြောချင်လို့"

ရောင်နီ့အသံကြောင့် အိမ်ရှေ့မှာ သတင်းစာဖတ်နေသည့် အမျိုးသမီးကြီးက ဆတ်ခနဲမော့ကြည့်သည်။ ရောင်နီ့ကို တစ်ခါမှမမြင်ဖူးသောကြောင့်ထင်၏။ အသေအချာစူးစိုက်ကြည့်ပြီးမှ သြော်ဟု အာမေဋိတ်တစ်ခွန်းရွတ်ပြီး ခေါင်းညိတ်ပြသည်။

"လာ. . . ကလေး၊ ရတယ်. . . လာလာ"

ဟိုကောင်ကလေး ဒေါသကြီးသလောက် အမျိုးသမီးကြီးကတော့ သဘောကောင်း ဖော်ရွေပုံရ၏။ ဖုန်းက အိမ်ထဲမှာ ထားပုံရသည်။ ရောင်နီ့ကို ဧည့်ခန်းထဲ ဦးဆောင်ခေါ်သွားသည်။

ရောင်နီ အိမ်တွင်းကို မသိမသာ အကဲခတ်ကြည့်ရင်း ထိုကောင်ကလေးကို လိုက်ရှာမိ၏။ လူကိုတွေ့ဖို့နေနေသာသာ အသံလေးတောင် မကြားရချေ။

"ခေါ်လေ, ကလေး"

"သြော်. . . ဟုတ်ကဲ့ အန်တီ"

အပေါ်ထပ်လှေကားဆီ အကြည့်ရောက်နေရာမှ ရုတ်တရက် လာရင်းကိစ္စကို သတိဝင်ပြီး ဖုန်းစင်ကလေးနားက ခုံမှာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုင်လိုက်သည်။

"အရင်က တစ်ခါမှမမြင်ဖူးဘူး၊ ညှော်သည်လားဟင်"

"ဟုတ်ကဲ့, ဟိုဘက်အိမ်ကို ပြီးခဲ့တဲ့ သောကြာနေ့က ရောက်လာတာ အန်တီ"

"တစ်ယောက်တည်းလား ကလေး၊ ဟိုနေ့က တွေ့လိုက်သလိုတော့ အရှိသား"

"ဟုတ်ကဲ့, တစ်ယောက်တည်းပဲ အန်တီ၊ နောက်နေ့တွေဆိုရင်တော့ သူငယ်ချင်းလာနေပေးမှာပါ။ အခု သူ စာမေးပွဲဖြေနေလို့"

"ဟုတ်လား၊ အေးအေး. . . ဖုန်းဝင်နေပြီလားမသိဘူး၊ ပြောလိုက်ဦး,ကလေး၊ အန်တီစကားပြောနေတာနဲ့ မကြားလိုက်ဘဲ နေဦးမယ်"

သိချင်စိတ်နှင့်စပ်စုပြီးမှ အားနာသွားဟန်နှင့် စကားစ ဖြတ်ပြီး ရှောင်ပေးသွားသော အန်တီကြီးကိုကြည့်ပြီး ရောင်နီ ပြုံးလိုက်မိသည်။

"ဟဲလို ရွှေရည်၊ ငါပါဟဲ့ ရောင်နီ"

"ဘယ်လိုလဲ ရောင်နီ၊ ပျင်းနေပြီမှတ်လား"

"အစစ်ပဲ၊ ဒါကြောင့် ဖုန်းဆက်တာ။ ရှင့်စာမေးပွဲက





မပြီးသေးဘူးလား"

"နှစ်ရက်ကျန်သေးတယ်လေဟယ်။ ဟိုနေ့က အသေအချာပြောထားခဲ့ရဲ့သားနဲ့။ ဘာတွေလောနေတာလဲ"

ရွှေရည်ရဲ့အပြစ်တင်စကားကြောင့် ရောင်နီ ဘာမှမပြောဘဲ ရယ်နေလိုက်သည်။ စာမေးပွဲမပြီးသေးတာ ရောင်နီ သိထားပေမယ့် တမင် ဆန္ဒတွေစောပြလိုက်ခြင်းအားဖြင့် ရွှေရည်, သူမဆီကို အမြန်ဆုံး ပြေးလာတော့မှာ သေချာလေသည်။

ဖုန်းပြောနေရင်း ဘာရယ်မဟုတ် ရောင်နီ့မျက်လုံးက နံရံမှာ ချိတ်ထားသည့် မိသားစုဓာတ်ပုံဆီ အကြည့်ရောက်သွားသည်။ ဓာတ်ပုံထဲမှာ ရောင်နီ့အရွယ် ကောင်လေးတစ်ယောက်နှင့် ရောင်နီ့ထက် အသက်ကြီးပုံရသော ကောင်မလေးတစ်ယောက်ပါပြီး ဓာတ်ပုံထဲမှ အမျိုးသမီးကြီးက ခုန ရောင်နီနှင့်စကားပြောခဲ့သော အမျိုးသမီးကြီးဖြစ်သည်။

စုစုပေါင်း လေးယောက်ဖြစ်ကာ အသားညိုညို အရပ်မြင့်မြင့်နှင့် အမျိုးသားကြီးတစ်ယောက် ပါတာမို့ သားအမိ သားအဖလေးယောက် ဖြစ်ပုံရသည်။

ရောင်နီတွေ့ချင်သော ကောင်ကလေးတော့ ဓာတ်ပုံထဲမှာ မပါပါ။



www.burmeseclassic.com

www.burmeseclassic.com



သူက ဒီအိမ်က မိသားစုဝင် မဟုတ်ဘူးပေါ့။

ကိုယ့်အတွေးနှင့်ကိုယ် ရောင်နီ ငြိမ်သက်သွားမိသည်။

"ဟဲ့ ရောင်နီ၊ ငါပြောနေတာ ကြားလား"

"အင်း. . . အဲ့ ဘာပြောလိုက်တာလဲဟင်"

"ဟင်းတွေ ရှိသေးရဲ့လားလို့၊ အခု ဘာတွေစားနေတာလဲလို့ မေးနေတာဟေ့"

"ဩော်, အေး. . . အခုလောလောဆယ်တော့ အာရုံနည်းနည်းစားနေတာ"

"ဘာ! "

"ဩော်, ကိစ္စတစ်ခုကို တွေးနေတာလို့ ပြောတာပါ။ ဟဲဟဲ. . . စားစရာကတော့ ပါတာတွေ ပြောင်နေပြီ"

ရောင်နီ့အကျင့်အတိုင်း နောက်ချွတ်ချွတ်ပြန်ပြောတော့ ရွှေရည်က ခပ်တိုးတိုးဆဲလေသည်။

"ပါတာတွေပဲ စားနေတာလား။ ကိုယ့်ဘာသာကိုယ် ချက်မစားသေးဘူးလား"

"ဟင့်အင်း, ပါတာတွေပဲ အရင်စားထားနှင့်တယ်။ ကုန်မှ ဝယ်ချက်မယ်။ နင်လာမှ စီစဉ်တာပေါ့။ အခုတော့ ပါတာတွေကို, ဟာ. . . ရှုပ်လာပြီ။ ဘာတွေမှန်း မသိဘူး။ အိမ်က ချက်





ပေးလိုက်တာတွေလို့ ပြောစမ်းပါ။ ငါကလည်း ရောယောင်ပြီး ဒါပဲ ထပ်ထပ်ပြောနေမိတယ်"

စကားပြောရင်း မျက်ဝန်းထောင့်မှာ ရိပ်ခနဲဖြတ်သွားသည့်လူရိပ်ကြောင့် ရောင်နီ ခေါင်းလေးလည်ပြီး လိုက်ကြည့်မိသည်။

အိုး. . . ရောင်နီ သိပ်ကိုထူးဆန်းနေပါပြီ။

အဲဒီ မှုန်ကုပ်ကုပ် ရှုတင်းတင်းမျက်နှာကိုမြင်တိုင်း ရင်တွေ တဒိတ်ဒိတ်ခုန်လာတာ ဘယ်လိုမှထိန်းမရနိုင်ပါလား။

သူကလည်း သူ့စတိုင်လ်အတိုင်းပါပဲ. . .

အဆီအငေါ်မတည့်၊ ထောင့်မကျိုး၊ အချိုးမပြေလှသည့် ရောင်နီ့ပုံစံနှင့် စကားတွေကို မျက်မုန်းကျိုး၊ အမြင်ကပ်ဟန်နှင့် အပေါ်ထပ်လှေကားမှ ခပ်သုတ်သုတ် ခေါင်းငုံ့ဆင်းလာသည်။

"ရွှေရည် ဒါပဲနော်၊ နင်လာမှ အဲ့ကိစ္စတွေ စီစဉ်မယ် သိလား. . . ငါ ဖုန်းချလိုက်တော့မယ်နော်"

"ဟဲ့ နေဦး. . . နင် အခု ဘယ်ကဆက်. . . "

ရွှေရည့်စကားမဆုံးခင် သူမ ဖုန်းကို ခွပ်ခနဲချပစ်လိုက်သည်။ ရွှေရည်တော့ သူမကို ကောင်းကောင်းကျိန်ဆဲနေဦးမှာ မြင်ယောင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘာမှမတတ်နိုင်ပါ။

သူက ခြံပြင်ထွက်ဖို့ လုပ်နေတာမို့ အန်တီကြီးကို ဖုန်းဖိုးပေး နှုတ်ဆက်ပြီး အလျင်စလို လိုက်ထွက်လာမိသည်။

ရောင်နီ ထင်သည့်အတိုင်းပါပဲ။ သူက အိမ်ရှေ့မှ စက်ဘီးကိုထုတ်ကာ ခြံပြင်ကိုထွက်သွားသည်။

"ဟိတ်. . . ဒီမှာ"

ရောင်နီ့ခေါ်သံကြောင့် သူ့ခြေလှမ်းတွေ တုန့်ခနဲဖြစ်သွားရပေမယ့် နောက်ကိုတော့ လုံးဝလှည့်မကြည့်ပါ။ သူ့နောက်ကို အပြေးလိုက်လာရင်း တီရှပ်အနီရဲရဲနှင့် ဂျင်းနံပင်အပြာရင့်ကလေးကို ဝတ်ထားသည့် သူ့ရဲ့မြင့်မားသည့်ကျောပြင်ကို ငေးခနဲဖြစ်မိသေးသည်။

အရပ်မြင့်ပါတယ်ဆိုတဲ့ရောင်နီတောင် သူ့ကိုမော့ကြည့်ရနိုင်ဖွယ်ရှိသည့်ကောင်ကလေးဟာ ဒေါသထွက် စိတ်ဆတ်တတ်တဲ့နေရာမှာလည်း ရောင်နီ့ထက် သာနေတာမို့ စိတ်ဝင်စားမယ်ဆိုလည်း စိတ်ဝင်စားစရာပါပေ။

"ဘယ်သွားမလို့လဲဟင်"

လိုက်လုံဖော်ရွှေဟန်အပြည့်နှင့် ဆိုလိုက်သော ရောင်နီ့စကားအဆုံး သူက တစ်ချက်ငဲ့ကြည့်ရင်း ဆတ်ခနဲမျက်မှောင်





ကြုတ်သွားသည်။

"ကိစ္စရှိလို့ မေးတာလား"

ရောင်နီ မျက်ခုံးပင့်လိုက်မိပါသည်။

သူ့စကားက အကြောင်းမရှိဘဲ ဘာမှမပြောနဲ့ဆိုတဲ့ အဓိပ္ပာယ်လား. . .

ဒီလောက်တော့ ရောင်နီလည်း မနုံသေးပါ။ ချက်ချင်း ခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်ပြီး. . .

"အင်း. . . တစ်ခုလောက် အကူအညီတောင်းချင်လို့။ ဒါနဲ့ သူက ဘယ်သွားမှာလဲမသိဘူး"

"လမ်းထိပ်မှာ မုန့်ဟင်းခါး သွားစားမလို့"

"အတော်ပဲ. . . ကိုယ်လည်း ဘာမှမစားရသေးဘူး။ ဒီနားမှာ ဘာဆိုင်တွေ ရှိမှန်းမသိဘူး။ ဟို့ထမင်းဆိုင်ရော ရှိလားဟင်"

"ရှိတယ်"

"ဒါဆို ကိုယ် မင်းနဲ့လိုက်ခဲ့လို့ရမလားဟင်"

"မရဘူး. . . ခင်ဗျားဘာသာ လမ်းလျှောက်ပြီး လိုက်ခဲ့။ ထမင်းဆိုင်ရော မုန့်ဟင်းခါးဆိုင်ရော ဒီလမ်းထိပ်တည့်တည့်မှာ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးသည်နှင့် သူက စက်ဘီးပေါ်တက်ပြီး လှစ်ခနဲ နှင်းထွက်သွားသည်။

ရောင်နီတစ်ယောက်တည်းသာ နေရာမှာ ငေါင်ပြီး ကျန်ခဲ့ရတော့၏။

တော်တော်မလွယ်တဲ့ ကောင်လေးပါလားလို့ စိတ်ထဲမှ မှတ်ချက်ချရုံကလွဲပြီး ဘာမှလည်းမတတ်နိုင်။

ဒါပေမဲ့ ကိုယ် မင်းကို စိတ်မပျက်သေးပါဘူးကွယ်။



## အခန်း (၆)

"အိမ်ပေါ်မှာလည်း ရှုပ်ပွနေတာပဲ ရောင်နီရယ်။ ဘာမှ ချက်မစားဘူးသာဆိုတယ်၊ နင်စားထားတဲ့ပန်းကန်တွေကလည်း မြင်လို့တောင် မကောင်းတော့ဘူး"

ရောက်ရောက်ချင်း ရွှေရည်က အဘွားကြီးအိုလေးလို သူမကို တတွတ်တွတ်ဆူလေသည်။

"ချက်မစားပေမယ့် ဆိုင်ကဝယ်စားတယ်လေဟာ။ ရှုပ်ပွတယ်ဆိုတာ ရှုပ်ချင်လို့ရှုပ်တာမဟုတ်ဘူး။ စာကျက်နေရလို့ ဒါတွေမရှင်းဖြစ်သေးတာ"

"ဘုရားရေ! စားပြီးသားပန်းကန်တောင် မဆေးနိုင်ရ



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် နင်က စာကျက်တယ်,ဟုတ်လား။ ဒီမှာလည်း မလျှော်ရသေးတဲ့အဝတ်တွေ ရှုပ်ပွနေတာပဲ''

''ဩော်. . . သူငယ်ချင်းရယ်၊ ငါက ပညာကိုလိုလားလို့ တကူးတက ကျောင်းလာတက်တာပဲ။ ဒီစားရေးသောက်ရေး နေရေးထိုင်ရေးတွေက အရေးမကြီးပါဘူး။ အဓိက,က စာရဖို့ပဲ မဟုတ်လား''

ပြောရင်း ရောင်နီက ရွှေရည့်ရှေ့ကခုံမှာ ဆရာမကြီးစတိုင်လ်နှင့်ဝင်ထိုင်တော့ ရွှေရည်က မဲ့ရွဲ့ရင်း. . .

''တော်စမ်းပါ ရောင်နီရယ်၊ အပိုတွေ လျှောက်ပြောနေတယ်။ ငါမေးတာ မှန်မှန်ဖြေ၊ နင် ဒါတွေဖြစ်သလိုပစ်ထားပြီး ဘာလုပ်နေလဲ။ တစ်နေကုန် စာကျက်နေတယ်တော့ မပြောနဲ့နော်။ သေတောင်မယုံဘူး''

''ဩော်, အဲ့လောက်တောင် ငါ့ကိုအထင်ကြီးတာ''

''ဒါပေါ့၊ နင့်ရုပ်က စာကျက်မယ့်ရုပ်မှမဟုတ်တာ။ ဝတ္ထုတွေ ဖတ်နေတယ်ဆိုရင်တောင် ချင့်ချိန်ယုံရမှာ။ နင်က ပျင်းမပဲ။ စာဖတ်တာ့လည်း ပျင်းနေမှာပဲမှတ်လား''

ရွှေရည့်စကားကြောင့် ရောင်နီ ဟက်ခနဲတစ်ချက်ရယ်လိုက်ရင်း. . .





''ငါ့ကိုမယုံရင် ခုလိုက်ခဲ့။ ငါသက်သေပြမယ်။ အပေါ်ထပ်စာကြည့်စားပွဲမှာ ငါ တစ်နေကုန်ထိုင်နေတာ''

''အံမယ်! ဘယ်လိုသက်သေပြဦးမှာလဲ။ နင်က ဘာနဲ့မှတ်တမ်းတင်ထားလို့လဲ''

ရောင်နီ့ဆံပင်တွေကို နောက်ကို ဝဲခနဲခါတင်ရင်း လှလှပပလေး ပြုံးလိုက်၏။

အိမ်နေရင်းမို့ ပေါင်လယ်လောက် ချည်သားဘောင်းဘီတိုကပ်ကပ်လေးနှင့် တီရှပ်ကွက်ကျဲလက်ပြတ်ကို ဝတ်ထားသော သူမပုံစံက အရပ်ကြီးဘယ်လောက်မြင့်မြင့် ကလေးလေးလို ချစ်စဖွယ်လှပနေသည်။ အထူးခြားဆုံးက နီရဲပြည့်ဖူးနေသော နှုတ်ခမ်းလုံးလုံးလေးနှင့် မျက်ဝန်းနက်နက်လေးတွေပဲဖြစ်သည်။ ငါးပေသုံးလက်မသာရှိသော ရွှေရည့်အရပ်ထက် ခေါင်းတစ်လုံးစာမြင့်နေပေမယ့် လှပပြည့်တင်းသောခန္ဓာကိုယ်က အဆီပိုမရှိဘဲ သူ့နေရာနှင့်သူ ကောက်ကြောင်းလေးတွေ ထင်းနေတာမို့ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိသောရောင်နီက ဝတ်လိုက်ရင် ခန္ဓာကိုယ်နှင့်ကွက်တိ ဂျင်းနံ့တွေ တီရှပ်ကျပ်ကျပ်လေးတွေချည်းပင်။

ထို့ပြင် သူမ အရှုံးအမူးနှစ်သက်တာ ယောကျ်ားဝတ် အရောင်ရင့်ရင့် အကွက်ကျဲကျဲ ရှပ်အင်္ကျီတွေဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမြင်ကပ်စရာဆိုလို့ စကားပြောလျှင် ကပ်သီးကပ်ဖဲ့ ခွကျကျပြောတတ်ခြင်းနှင့် အရွဲ့တိုက် အစအနောက်သန်ခြင်းပင်။ ရုပ်ကလေးလှပေမယ့် လုံးဝမိန်းမ မဆန်တတ်သောရောင်နီ့ကို တစ်ခါတစ်ခါ စိတ်ပျက်မိသော်လည်း ရိုးသားပွင့်လင်းတာလေး တစ်ခုကြောင့် ရွှေရည် ခင်မင်နေမိခြင်းဖြစ်သည်။

"ကဲ. . . ဘာစဉ်းစားနေတာလဲ၊ အပေါ်ခဏလိုက်ခဲ့၊ ပြစရာရှိတယ်"

"ဘာပြမှာလဲ"

"အထူးအဆန်းနဲ့ စပယ်ရှယ်လန်းတာကလေး ပြမလို့။ လာပါဆို"

"ခုမှရောက်တာ နားပါရစေဦးဟယ်။ ပြီးရင် နင့်အရှုပ်အပွတွေ ရှင်းရဦးမယ်။ နင်ပြမှာ ဘာထူးဆန်းတာမို့လဲ"

"ဘာထူးဆန်းလဲဆိုတာ တွေ့တော့သိမှာပေါ့ ရွှေရည်ရယ်"

"သိပ်ပြချင်ရင် ဒီကိုယူလာခဲ့ဟာ"

ရွှေရည့်စကားကြောင့် သူမ တဟားဟားအော်ရယ်ချလိုက်မိတော့သည်။

အရှေ့က အကျီစနှစ်ဖက်ကို စုချည်ထားသောနေရာ





လေးကိုကိုင်ရင်း လက်တစ်ဖက် ခါးထောက်လျက် အော်ရယ်နေသောရောင်နီကို ရွှေရည်က ထူးဆန်းသလိုမော့ကြည့်ပြီး. . .

"နင်တော့ မဟုတ်တော့ဘူး ရောင်နီ၊ Psychiatirist နဲ့သွားတွေ့ပြီး ကျန်းမာရေးကိစ္စ ဆွေးနွေးဦးမှဖြစ်မယ်ထင်တယ်"

ဟုပြောသည်။

ရောင်နီက ခါးထောက်လျက် ခေါင်းကို ခပ်လေးလေး ခါရင်း အရယ်မျက်နှာနှင့်. . .

"မဟုတ်ပါဘူး။ နင်က ဒီကိုယူခဲ့လို့ပြောတာကို သဘောကျလို့ပါ။ နင့်ဆီကို ယူလာပြရအောင် ဘာများမှတ်နေလဲ"

"သိဘူးလေ"

"အဲဒါပြောတာပေါ့၊ နင်လည်း ထူးမလိုလိုနဲ့ အ,ပါတယ်လို့၊ နင့်ကိုပြမှာ လူတစ်ယောက်ဟဲ့၊ သက်ရှိလူသားတစ်ယောက်"

"အဲဒါ ဘာဆန်းလဲ"

"ဆန်းလည်းဆန်းတယ်၊ လန်းလည်းလန်းတယ်။ စိတ်ကတော့ ဘာဆတ်သလဲမမေးနဲ့၊ အမြဲတမ်းမှုန်ကုပ်နေတာပဲ"

ရွှေရည်က နှုတ်ခမ်းကို တွန့်ခနဲမဲ့ပစ်ရင်း မျက်ခုံးပင့်၏။

"တကယ့်အသစ်ပါလား ရောင်နီရဲ့။ ရှင်ပြမယ့် သက်ရှိသတ္တဝါလေးက ဘယ်လောက်ထူးဆန်းနေလဲမသိဘူး။ ရှင်က



www.burmeseclassic.com

www.burmeseclassic.com



တော့ တကယ့်အထူးအဆန်းကြီးကိုဖြစ်နေတာပဲ။ တကယ်ထိသွားတာလား"

"ထိတာမှ အပေါ်ယံ ရုပ်ထိတာတောင် မဟုတ်ဘူး။ တကယ့်နှလုံးသားတည့်တည့်ကို တိုက်ရိုက်ထိသွားတာ"

"တကယ်ရော ကြွေလောက်လို့လား ရောင်နီရယ်။ မမြင်ဖူးလို့ ရူးတာများလား"

"ဟိတ်! အဲလိုမဝေဖန်ကြေးလေ၊ ခုလိုက်ကြည့်"

ရောင်နီ့စကားအဆုံး သူမက ရယ်မောရင်း ထိုင်နေရာမှ ထရပ်သည်။

"အချိန်မရွေးရှိနေတယ်ဆိုတော့ စာကြည့်စားပွဲပေါ်မှာ အမြဲထိုင်နိုင်းထားလို့လား"

"အဲလိုနိုင်းစရာကို မလိုတာ၊ သူက အမြဲစာထိုင်ကျက်နေတာ"

"ဘာ! စာထိုင်ကျက်နေတာ,ဟုတ်လား"

"အင်းလေ, ဘာဖြစ်လို့လဲ"

ရွှေရည်က လှေကားအတိုင်း လိုက်တက်လာရင်း လက်ဖျစ်တစ်ချက်တီးကာ. . .

"အိုး. . . နင် ဘယ်သူ့ကိုပြောလဲဆိုတာ ငါသိပြီ"





"ဟင်! တကယ်ကြီး"

"တကယ်သိတယ်၊ ဟိုဘက်အိမ်က ကောင်လေးမှတ်လား။ သူ့နာမည်က လင်းထင်သူရတဲ့။ အသားဖြူဖြူ အရပ်မြင့်မြင့်နဲ့လေ။ အရမ်းစကားနည်းတာ။ သဘောတော့ ကောင်းတယ်၊ စာအရမ်းတော်တာ, သိလား"

"စုံလှချည်လား။ ငါဘာမှမသိသေးဘူး။ နာမည်တောင် ခုမှသိတာ"

"ဒီ့ထက်မက အများကြီးသိသေးတယ်။ လင်းထင်က အရမ်းသနားဖို့ကောင်းတာ"

"ကြောက်ဖို့ကောင်းတာပါ၊ ဒေါသခဲလေး, သူ့စိတ်ချည်းပဲ၊ ငါ့ကိုအသံကျယ်လို့တဲ့, ဟိုနေ့က လာကောနေတာ။ ငါတောင် နည်းနည်းကျွတ်သွားတယ်"

ရောင်နီ့စကားကို သူမက မယုံသလို မျက်မှောင်ကြုတ်ရင်း. . .

"ဟုတ်ရဲ့လားဟယ်၊ လင်းထင်က ဒေါသမကြီးပါဘူး။ အရမ်းအနေအေးတာပါ။ နင်နဲ့ကျမှ ဘာဖြစ်တာလဲ။ မဟုတ်မှလွဲရောပဲ, သူမျက်စိနောက်အောင် နင် တစ်ခုခုလုပ်လို့ပဲဖြစ်မယ်"

"သူမျက်စိနောက်ရအောင် ငါက မျောက်မှမဟုတ်တာ၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဘာသာ စာအော်ကျက်တာကို နားညည်းလို့တဲ့"

"ဖြစ်ရမယ်. . . နင့်အသံကြီးက ကျယ်တာကိုး"

"အခုတော့ တဖြည်းဖြည်းတိုးလာပါပြီဟာ။ သူက အသံကျယ်တာကို အသေကြောက်ပုံရတယ်။ ဒါကြောင့် မိန်းမပီပီသသ အသံတိုးရှုရှလေးနဲ့ပြောဖို့ ကျင့်နေတာ"

"ဪ. . . ရှုံးလိုက်တာ ရောင်နီရယ်"

"ရှုံးလောက်တာကိုး"

စကားအဆုံးမှာ နှစ်ယောက်လုံး တစ်ဖက်အိမ်ကို ပြိုင်တူလှမ်းကြည့်မိကြသည်။

လင်းထင်က သူမတို့နှစ်ယောက် လှမ်းကြည့်တာကို သိပုံရသည်။ ခေါင်းမော့လာပေမယ့် သူ့နှုတ်က စာကိုပဲ စိတ်ဝင်တစားရွတ်နေတာမို့ ကိုယ့်အကြည့်တွေကို လုံးဝအသိအမှတ်ပြုဂရုမစိုက်မှန်း ရောင်နီ နားလည်မိ၏။

ရင်ထဲမှာ ဘာလိုအပ်သွားမှန်း မသိပေမယ့် ဟာနေတာကတော့ အသေအချာပင်။

ကိုယ့်ကို ဂရုမစိုက်မှန်းသိသိနဲ့တောင် ချက်ချင်းမျက်နှာလွှဲ ကျောခိုင်းမပစ်ရဲတာ ပျော့ညံ့မှုတစ်ခုလို့ပဲ သတ်မှတ်ရမည်ထင်သည်။





"လာ, ဝရံတာမှာ သွားထိုင်မယ်။ လင်းထင်အကြောင်း ငါပြောပြမယ်။ သူ့ဘဝက စိတ်ဝင်စားဖို့ အရမ်းကောင်းတယ်"

ရောင်နီ ခေါင်းတစ်ချက်ညိတ်ရင်း ရွှေရည်နှင့်အတူ ဝရံတာကို ထွက်လိုက်လာခဲ့၏။

"လင်းထင်ကိုကြည့်ရတာ Normal မဟုတ်သလိုပဲနော်။ ငါစိတ်ဝင်စားတယ်ဆိုတာ အဲ့ဒီဖိုင်းကိုပါ။ သူများတွေနဲ့ မတူတာလေးပေါ့။ အထူးသဖြင့် ငါ့ကိုပေးတဲ့အကွက်က တကယ့်အဆန်းကြီး။ စတွေ့ကတည်းက ကြည့်မရတာတဲ့"

ပြောပြီး ရောင်နီ ခပ်အက်အက် တစ်ချက်ရယ်မိ၏။

"လင်းထင်မှာ မိဘတွေ မရှိတော့ဘူး"

"ဟိုအန်တီက လင်းထင်အမေ မဟုတ်ဘူးလား"

"အဲဒါ သူ့အဒေါ်လေ. . . လင်းထင်ကို ငယ်ငယ်လေးကတည်းက စောင့်ရှောက်ထားတာ။ သူ့မိဘတွေက သူငယ်ငယ်ကတည်းက ကားအက်ဆီးဒင့်နဲ့ဆုံးသွားပြီ"

"ဪ"

ရောင်နီ တကယ်ပဲ ကရုဏာသက်သွားမိသည်။ ငယ်စဉ်ကတည်းက ဝမ်းနည်းမှုတွေ၊ လိုအပ်လစ်ဟာမှုတွေနဲ့ လူဖြစ်ခဲ့ရတဲ့ ကလေးတစ်ယောက်ရဲ့ရင်ထဲမှာ ဒဏ်ရာအနာတရတွေ



www.burmeseclassic.com

www.burmeseclassic.com



အများကြီးရှိနေမှာပဲဆိုတဲ့အသိက ရောင်နီ့ရင်ကို ထိခိုက်နစ်ရသွားစေသည်။

"လင်းထင်က တကယ့်ကို ကံဆိုးတဲ့ကောင်လေးတစ်ယောက်ပဲ။ သူ့မိဘတွေမရှိတော့ အဒေါ်က အိမ်ကိုခေါ်လာပြီး စောင့်ရှောက်ထားတယ်။ ဒါပေမဲ့ အသားလွတ်စောင့်ရှောက်ရတာတော့မဟုတ်ဘူး။ လင်းထင်မိဘတွေရဲ့ပိုင်ဆိုင်မှုအတော်များများ ကျန်ခဲ့တယ်လေ"

"ဒါဆို တော်သေးတာပေါ့နော်"

"မတော်ပါဘူးဟာ၊ လင်းထင်ကိုခေါ်လာပြီး တစ်ပတ်တောင်မပြည့်သေးဘူး၊ သူ့အဒေါ်ယောက်ျားလည်း တိုက်ပေါ်က ပြုတ်ကျပြီး သေသွားတယ်"

"ဟယ်! သူ့အဒေါ်ယောက်ျားက ဘယ်လိုဖြစ်ပြီး ဘယ်တိုက်ပေါ်က ပြုတ်ကျရတာလဲ"

"အဲဒီဦးလေးက Construction Group တစ်ခုမှာ အလုပ်လုပ်တာလေ။ ဆောက်လက်စတိုက်တွေ သွားကြည့်ရင်း ရုတ်တရက်မူးပြီး ပြုတ်ကျသွားတာ။ ဦးနှောက်သွေးကြောပြတ်တာလားမှမသိတာ၊ သူက အရက်လည်းသောက်တယ်လေ။ အဲဒီမှာတင် သူ့သားနဲ့သမီးက လင်းထင်ကြောင့် ဖြစ်ရပါတယ်ဆို





ပြီး အမြင်မကြည်တော့တာ။ ငယ်ငယ်ကဆို အရမ်းနှိပ်စက်ခံရတာ"

"ဘာဆိုင်လို့လဲဟာ၊ သူတို့အဖေ တိုက်ပေါ်ကကျတာ လင်းထင် လုပ်တာမှမဟုတ်တာ"

"သြော်. . .အဲဒါပြောတာပေါ့၊ လူတွေ အယူသည်းကြတာလေ။ လင်းထင်မိဘတွေလည်း အသေဆိုးနဲ့သေထားတာ မကြာသေးဘူး၊ အခုဒီလိုထပ်ဖြစ်တော့ လင်းထင်က အကျိုးပေးမကောင်းတဲ့သူလို့ အလိုလိုသတ်မှတ်ခံရတာပေါ့"

ရွှေရည့်စကားကြောင့် သူမ ကျွတ်ခနဲစုတ်သပ်ရင်း နှုတ်ခမ်းကို ခပ်ကျိတ်ကျိတ် ဖိကိုက်ထားမိသည်။ မခံမရပ်နိုင်ဒေါသက ရင်ထဲမှာ သူ့အတွက် အရှိန်တဖြည်းဖြည်းမြင့်လာသည်။

"တကယ်ဦးနှောက်မရှိတဲ့လူတွေပဲနော်။ သူ့အကြောင်းနဲ့သူ ဖြစ်ပျက်သွားတာပဲလို့ ဆင်ခြင်နိုင်တဲ့အသိတရား နည်းနည်းတောင် မရှိကြဘူး"

"လင်းထင်က အရမ်းထက်မြက်တာ။ ဒီနှစ်မှ ဆယ်တန်းအောင်တာလေ။ သုံးဘာသာဂုဏ်ထူးနဲ့အောင်တာ။ သူက အသက်မွေးဝမ်းကျောင်းပညာတစ်ခုခု သင်ချင်တာတဲ့။ ဒါပေမဲ့ သူ့အဒေါ်က လုံးဝတက်ခွင့်မပေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်! ဒါဆို သူ ကျောင်းဆက်မတက်ရဘူးပေါ့"

"အဲလိုတော့ မဟုတ်ဘူးဟ။ သူ့အဒေါ်က လည်တယ်။ ပတ်ဝန်းကျင်က ကဲ့ရဲ့မှာစိုးလို့ထင်တယ်။ လင်းထင်ကို အဝေးသင်တော့ တက်ခွင့်ပေးထားတယ်။ ဒါတောင် ကိုယ့်စရိတ်နဲ့ကိုယ်နော်။ အဲလောက်လေး ပညာသင်ခွင့်ရဖို့ သူတက်ချင်တဲ့သင်တန်းတွေ တက်ခွင့်ရဖို့ကို ကလေးတွေကို စာလိုက်သင်ရသေးတာ"

ရောင်နီ သက်ပြင်းမောတစ်ချက် ချလိုက်မိသည်။

"ဒါနဲ့ သူ့သားနဲ့သမီးရော ဘယ်ရောက်သွားပြီလဲ"

"သမီးက အိမ်ထောင်ကျသွားပြီ။ သားကတော့ နိုင်ငံခြားမှာ ကျောင်းသွားတက်နေတယ်။ အဲ့အန်တီက အပြောအဆိုတော့ တကယ်ညက်တာ။ လင်းထင်ကို လူတွေရှေ့ဆို သိပ်ချစ်ပြီး ဂရုစိုက်တဲ့ပုံ၊ သား,သားနဲ့ ပါးစပ်ဖျားက မချဘူး။ ကောင်လေးရဲ့တက်လမ်းတွေကိုပိတ်ပြီး ပညာရှိနည်းနဲ့ အညွန့်ချိုး နှိပ်စက်ထားတာ သူ မဟုတ်တဲ့အတိုင်းဘဲ။ ပြောလိုက်ရင် သားတွေသမီးတွေ ဝေးနေတော့ ဒီကလေးကိုပဲ အားကိုးနေရတာ ဘာညာနဲ့ အလကားပါဟာ"

ဒီတစ်ခါ ရွှေရည့်စကားအဆုံး ရောင်နီ တောက်တစ်





ချက် ခပ်ပြင်းပြင်းခေါက်လိုက်မိသည်။

လင်းထင်ရင်ထဲက ခံစားချက် ဒဏ်ရာအတိမ်အနက်ကို မြင်ယောင်လာသလို သူမရင်တွင်းအထိ အင်အားပြင်းပြင်းနှင့် ကူးစက်ဝင်ရောက်လာခဲ့သည်မှာ ဘာရယ်ကြောင့်မသိချေ။

ထိုစဉ်ကတော့ ကရုဏာဆိုတာ ချစ်ခြင်းရဲ့အသွင်ပြောင်းကိုယ်ပွားတစ်ခုမှန်း ရောင်နီ မရိပ်မိခဲ့ရိုးအမှန်ပင်။

စိတ်ဝင်စားမိရုံနဲ့ ချစ်သွားလောက်တယ်လို့ မထင်ခဲ့တာလည်း ပါတာပေါ့။

ဂ္ဂဂ္ဂဂ္ဂ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဒီနေ့ဟာ ရောင်နီ့အတွက် တကယ့်ကို အမှတ်တရနေ့ လေးတစ်နေ့ပါ။

လင်းထင်နဲ့ စတင်ခင်မင်ရင်းနှီးခွင့်ရတဲ့အတွက် ဘယ်သူ့ကျေးဇူးတင်ရမယ်မှန်းမသိတာမို့ ကံကြမ္မာကိုပဲ ရောင်နီ ကျေးဇူးတင်လိုက်ပါရဲ့။

အဖြစ်အပျက်က အမှတ်တမဲ့ဆိုပေမယ့် စိတ်ကူးယဉ်နေသူအတွက်တော့ ကဗျာဆန်လှသည်။

ရောင်နီ စာကြည့်စားပွဲမှာ ဝင်ထိုင်ရင်း တစ်ချက်တစ်ချက် လေအဝှေ့မှာ လွင့်တက်သွားတတ်တဲ့ လိုက်ကာစကလေး



www.burmeseclassic.com

www.burmeseclassic.com



ကြားက လင်းထင်မျက်နှာကို ထုံးစံအတိုင်း ခိုးကြည့်မိသည်။ ထိုစဉ်မှာပဲ မထင်မှတ်တဲ့အဖြစ်ကလေး စဖြစ်သွားခဲ့တော့သည်။

ရုတ်တရက် သူ့မမျက်နှာရှေ့ကို စက္ကူတစ်ရွက် လွင့်ခနဲကျလာတာ တွေ့လိုက်ပေမယ့် ဘယ်ကမှန်းမသိတာမို့ ရောင်နီ ဇဝေဇဝါလိုက်ကြည့်နေမိသည်။

စာရွက်က A4 စက္ကူဖြူလေးဖြစ်ပြီး စာရွက်ပေါ်မှာ ခဲတံနှင့် မျက်နှာပုံစံတစ်ခု ခပ်မှိန်မှိန်ရေးခြစ်ထားသည်။

ဆံပင်မတိုမရှည်နှင့် ဘဲဥပုံမျက်နှာသွယ်သွယ်ကလေးက လူကိုသာ မြင်ဖူးထားလျှင် ဘယ်သူဟု အတိအကျပြောနိုင်လောက်အောင် ပီပြင်ထင်ရှားနေပြီဖြစ်သည်။

လက်ရာက ဂရုတစိုက် ရေးဆွဲထားတာမဟုတ်သော်လည်း စိတ်မှန်းနှင့် အမှတ်မထင်ရေးခြစ်တာတောင် မျက်နှာကျပုံ၊ နှုတ်ခမ်းပါးပါးလေးက ပြုံးယောင်သမ်းနေပုံတွေက အသက်ဝင်လွန်းလှ၏။

ရောင်နီ ထိုစာရွက်ကလေးကို စိတ်ဝင်တစားကြည့်နေစဉ်မှာပဲ. . .

"အစ်မ"

ဟုသော ခပ်ရှုရှုခေါ်သံကြောင့် မျက်နှာချင်းဆိုင် ပြတင်း





ပေါက်ဆီ ခေါင်းမော့ကြည့်လိုက်မိသည်။

ဘုရားရေ!. . .

ရောင်နီ ကိုယ့်ရင်ခုန်သံကို အကျယ်ကြီး ပြန်ကြားနေရသည်။ ပြတင်းပေါက်ဘောင်မှာ လက်ထောက်လျက် ရှေ့ကို ကိုယ်နည်းနည်းကိုင်းထားတာကြောင့် သူ့မျက်နှာကို နီးနီးလေး မြင်နေရသည်။

ပြုံးတော့မယောင်ဖြစ်နေသည့် နှုတ်ခမ်းကလေးက တင်းတင်းစေ့ထားတာမို့ ရောင်နီ သဘောကျနှစ်လိုစွာ ပြုံးလိုက်မိ၏။

"ဒါ မင်းစာရွက်လား၊ လေလွင့်ပြီး ရောက်လာတာထင်တယ်"

သူက မပြုံးမရယ် မျက်နှာတည်တည်ကလေးနှင့်ပင် ခေါင်းညိတ်ပြသည်။

"အဲဒါလေး တစ်ချက်လောက် ပြန်ပေးပါလား"

သူ့စကားကြောင့် ရောင်နီ အော်ရယ်မိတော့မတတ် အူထဲထိ တလှိုက်လှိုက်ဖြစ်သွားရသည်။

"ပြန်ပေးမှာပါ၊ ကိုယ်ပိုင်တာမှမဟုတ်တာ။ တကယ်လို့ ဒါ ကိုယ့်ပုံဆိုရင်တော့ ယူထားလိုက်မှာပဲ"

ဘာကိုမှမရည်ရွယ်သော ရောင်နီ့စကားကို သူက ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုအတွေးပေါက်သည်မသိ။ နီရဲသွားသောမျက်နှာကလေးနှင့်ပင် ဆံပင်တွေထဲ လက်ထိုးဖွရင်း. . .

"အဲဒါ ကျွန်တော့်ကောင်မလေးပုံပါ"

ဟုပြန်ဖြေလေသည်။

ရောင်နီ့ရင်ထဲ ကျဉ်ခနဲဖြစ်သွားမိသည်။ ပြုံးရိပ်အမြဲထင်နေတဲ့သူ့မျက်နှာက ကွက်ခနဲပျက်ပြီး မဲ့တော့မလိုဖြစ်သွားရင်း လင်းထင်မျက်နှာကို ဖျတ်ခနဲကြည့်လိုက်မိသည်။ လင်းထင်က သူမမျက်နှာကိုအပြောင်းအလဲကို တအံ့တသြဖြစ်ဟန်နှင့် ငေးစိုက်ကြည့်နေရင်းမှ ရုတ်တရက် မျက်နှာလွှဲသွားပါ၏။ သို့ပေမဲ့ ရောင်နီက ဟန်ဆောင်ကောင်းလွန်းလှသည်။

ရုတ်တရက် မျက်လှည့်ပြသလို အံ့သြရွှင်မြူးဟန် အပြုံးတစ်ပွင့်က နှုတ်ခမ်းရဲရဲထက်ကို ခဏချင်း ရောက်လာသည်။

"ဟုတ်လား, ဒါ မင်းရည်းစားရဲ့ပုံတူပေါ့။ အပြင်မှာ တော်တော်လှမှာနော်"

သူက ရယ်ရင်း ခေါင်းညိတ်သည်။ ဘယ်လောက်များ အရိပ်အကဲမသိ၊ ရိုးလွန်းတဲ့ကောင်လေးပါလိမ့်။

"လှတယ်ဆိုတာထက် သူ့ပုံစံက ပိုပြီးချစ်ဖို့ကောင်းတယ်။ သူ့မျက်နှာက အရမ်းအပြစ်ကင်းတာ"





"ဪ"

တမင်လုပ်ယူထားတဲ့အံ့သြဟန်နဲ့ မျက်ခုံးတစ်ချက် ပင့်ရင်း ရောင်နီ ခေါင်းညိတ်မိသည်။ ရင်ထဲမှာတော့ သက်ပြင်းချသံက အကျယ်ကြီးမြည်ဟီးနေသည်။

"ကျွန်တော်က လှတိုင်းသဘောမကျဘူး။ ရိုးသားဖြူစင်ပြီး ချစ်စရာကောင်းမှ စိတ်ဝင်စားတာ။ ဟို, ဘာတွေလျှောက်ပြောနေမှန်းတောင် မသိတော့ဘူး။ ဆောရီးနော်, အစ်မ စာကျက်မလို့မှတ်လား"

"မဟုတ်ပါဘူး"

"ဗျာ"

"ဪ, ဟို. . . အခုမကျက်သေးဘူးလို့ပြောတာပါ"

တော်ပါသေးရဲ့။

ရောင်နီ့စကားတွေ ယောင်မှားထွက်ကုန်တော့မလိုဖြစ်ပြီးမှ အချိန်မီပြင်လိုက်ရသည်။

"စပ်စုတာတော့ မဟုတ်ပါဘူး။ အစ်က စာအရမ်းကျက်တယ်နော်။ တက္ကသိုလ်တက်နေတာလား။ ဒါမှမဟုတ် တခြားသင်တန်းလား"

သူ့စကားကြောင့် ရောင်နီ ရယ်ချင်သွားသည်။ ရောင်နီ



www.burmeseclassic.com

www.burmeseclassic.com



စာကြည့်စားပွဲမှာ လာလာထိုင်တာ စာတကယ်ကျက်တာမှမဟုတ်တာဘဲ။ ဝတ္ထုဖတ်ရင်ဖတ်, မဖတ်ရင် စာအုပ်ထဲ စိတ်ကူးတည့်ရာတွေ လျှောက်ရေးနေတာ။ သူ့လို စာပဲ တတွတ်တွတ်ဖတ်နေတာမှမဟုတ်တာ။

"ဘာသင်တန်းမှ မတက်ပါဘူး။ ကိုယ်က အဝေးသင် ပထမနှစ်ပဲ ရှိသေးတယ်။ အနီးကပ်သင်တန်းနဲ့ စာမေးပွဲရက် မတိုက်ခင် ကျူရှင်ကြိုတက်နေတာဆိုပါတော့"

"ဩော်"

ရောင်နီ့ပညာရေးအခြေအနေက သူ့အတွက် စိတ်ဝင်စားစရာ၊ လေးစားအားကျ အတုယူစရာသိပ်မကောင်းဘူးထင်သည်။ ဝတ်ကျေတန်းကျေ ဩော်တစ်လုံးသာ ရေရွတ်ပြီး တစ်ခုခုကို စဉ်းစားသယောင် ငေးနေ၏။

"ဒါနဲ့ မင်းနာမည်က လင်းထင်သူရနော်"

"ဟုတ်ကဲ့"

"မင်းကောင်မလေးက ဘယ်ကလဲ, ကျောင်းကပဲလား"

"အင်း, ဆယ်တန်းတုန်းကပါ၊ ခုတော့ ပြတ်သွားပါပြီ၊ ကျွန်တော့်ရင်ထဲမှာတော့ သူရှိနေတုန်းပဲ။ အဟင်း. . . ရည်းစားဦးဆိုတဲ့အသိနဲ့ မမေ့နိုင်တာလည်း ပါတာပေါ့"





ရယ်ရယ်မောမော ပြောပြတာဆိုပေမယ့် သူ့အသံက ဆွေးရိပ်ထင်နေတာ သိသာလှသည်။

"သူ အခုဘယ်ရောက်သွားပြီလဲ"

"ကျောင်းတက်ဖို့လုပ်နေမှာပေါ့၊ သူက Day တက်မယ်လို့ပြောဖူးတယ်"

"လင်းထင်သာ Day တက်ရင် သူနဲ့ဆုံဦးမှာပေါ့နော်"

"မဆုံချင်တော့ပါဘူး။ ကျွန်တော်ကစပြီး သူ့ကိုဖြတ်ခဲ့တာ"

"ဘယ်လို! "

ရောင်နီ တအံ့တဩ မျက်ခုံးပင့်လိုက်မိပါသည်။

"ကျွန်တော်က အတ္တကြီးတယ်၊ ကျွန်တော့်စိတ်နဲ့မကိုက်ရင် အဲဒီလူက ရန်သူပဲ၊ ချစ်တာက သပ်သပ်, မုန်းတာက သပ်သပ်ဖြစ်သွားရော။ အဲ့သူ့ကို ကျွန်တော် ခုထိချစ်နေသေးတယ်။ ဒါပေမဲ့ သတိရတိုင်း စိတ်နာမိတယ်။ အဲဒါဘာကြောင့်မုန်းလဲ မသိဘူး။ ကျွန်တော်ပြောတာတွေ နားထောင်ပြီး စိတ်ရှုပ်သွားပြီလား"

"ဟင့်အင်း. . . စိတ်ဝင်စားဖို့ကောင်းပါတယ်"

"ကျွန်တော့်ကိုလား"



www.burmeseclassic.com

www.burmeseclassic.com



ရယ်ဟဟမျက်နှာလေးနှင့် သူ့ရင်ဘတ်သူ လက်ညှိုးနှင့် ညွှန်ပြရင်းမေးလိုက်ပုံက ရောင်နီ့ရင်ကို သိမ့်ခနဲလှုပ်ခါသွားစေလေသည်။

"အင်း"

"အစ်မကလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဒါနဲ့ နာမည်က ဘယ်သူ"

"ဟိုနေ့က ပြောလိုက်မိသလားလို့"

"ဪ, သိပြီ၊ အဲ့နေ့က စိတ်တိုနေတာနဲ့ အမှတ်တမဲ့ ဖြစ်သွားတာ။ မနေရောင်နီ ဟုတ်တယ်နော်"

ရောင်နီ ခေါင်းညိတ်ပြလိုက်သည်။

ရင်ဘဲမှာ တသိမ့်သိမ့် ဖိုနွေးလှိုက်ဖြာလာတဲ့ခံစားမှုက သူနှင့်ဆုံမှဖြစ်ခဲ့ရသော တကယ့်အသစ်ပါ။ ထူးဆန်းလှသော ကောင်ကလေးက ဟိုနေ့က အဆင်မပြေဖြစ်ခဲ့သောကိစ္စအတွက် သတိတရတောင်းပန်စကားတစ်ခွန်းမှ မဆိုချေ။

ထို့အတွက် တကူးတက မကျေနပ်တာမျိုးမဖြစ်ပေမယ့် ရင်ထဲမှာတော့ အောင့်သက်သက်ကြီးခံစားရသည်။ လင်းထင်သူရဟာ အရာရာကို ရူးစိုက်လေးနက်တတ်သလို မေ့ဖျောက်ပေါ့ပျက်စေတတ်သူဖြစ်မည်ထင်ပါသည်။





ခန့်မှန်းရခက်တဲ့ အထူးအဆန်း သူ့စိတ်ဓာတ်ကိုပဲ ရောင်နီစိတ်ဝင်စားမိတာမဟုတ်လား။

"ကိုယ်က စိတ်ဝင်စားဖို့ကောင်းတယ်,ဟုတ်လား။ ဘာကို စိတ်ဝင်စားတာလဲ"

ရောင်နီ့စကားအဆုံး သူက မျက်ခုံးနှစ်ဖက် စုကျုံ့ရင်း အတန်ကြာငြိမ်သက်နေပြီးမှ ဟက်ခနဲတစ်ချက်ရယ်လိုက်ကာ,

"ဘာကိုစိတ်ဝင်စားတာလဲလို့ မေးတယ်နော်၊ အဲဒါ ကျွန်တော် မဖြေတတ်ဘူး။ အစ်မဆီမှာ စိတ်ဝင်စားစရာကောင်းတဲ့အချက်တစ်ခုခု ရှိလို့နေမှာပေါ့။ အစ်မကိုယ်တိုင်တောင် သိချင်မှသိမယ်။ ကျွန်တော်ပြောရင် ဖြစ်ချင်မှဖြစ်မှာလေ။ ဟုတ်တယ်မှတ်လား"

လင်းထင်စကားပြောတာ အသံတိုးပေမယ့် နည်းနည်းမြန်လွန်း၏။ သူ့စကားတွေ နားထောင်ပြီး ခုနလိုမဟုတ်တော့ဘဲ ရောင်နီ့ရင်ထဲ ပျော်ရွှင်လာသည်။ သူဟာ ရောင်နီ့ကို အမှန်တကယ်ပင် စိတ်လှုပ်ရှားပျော်ရွှင်စေနိုင်သူပါ။

"ထားပါတော့၊ မင်းက ကိုယ့်ထက် စကားတတ်တယ်နော်။ မင်းက တစ်ဖက်သား စိတ်ဝင်စားအောင် ပြောတတ်တယ်"

"ကျွန်တော့်ဒိုင်တွေကို ကြွေတယ်ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



လင်းထင်စကားအဆုံး သူမ ပန်းတစ်ချက်တွန့်ရင်း ရယ်လိုက်မိသည်။

"ကိုယ့်ကိုယ်ကို ကြွေလောက်တယ်လို့ သတ်မှတ်ထားတာလား"

ရောင်နီ့စကားကြောင့် သူဘာဖြေရမှန်းမသိ ငိုင်မသွားခဲ့ပါ။ ချက်ချင်း လှစ်ခနဲထပြောနိုင်သည့် လျှပ်တစ်ပြက်ဉာဏ်တော့ အတော်ထက်သည့်ကောင်ကလေးပင်။

"ဟင့်အင်း, ကျွန်တော်ကိုယ်တိုင်သတ်မှတ်တာထက် အစ်မ သတ်မှတ်ပေးတာကိုပဲ လိုချင်တာ။ ဘယ်လိုလဲ"

တော်ပါတော့ကွယ်။ ရင်တွေခုန်လွန်းလို့ သေရချည်ရဲ့။ ရောင်နီစိတ်ထဲကပဲ ခပ်တိုးတိုး ကျိတ်ညည်းလိုက်မိပါသည်။ ဘာမှဂရုမစိုက်လေဟန် အပျိုကြီးအထာနဲ့ ခပ်ဖော့ဖော့ ရယ်နေမိပေမယ့် ရင်ထဲမှာတော့ မညီမညာရင်ခုန်သံတွေနှင့် ဗလောင်ဆူနေရသည်။

သူက ရောင်နီ ကမ်းပေးသောစာရွက်ကို လှမ်းယူလိုက်ရင်း. . .

"မဖြေဘူးနော်၊ OK...ရတယ်လေ။ အဲလိုဆို ကျွန်တော့်ဘက်က ကြိုက်သလိုသတ်မှတ်ခွင့်ရှိတာပေါ့"





မင်းကိုတော့ ကိုယ် တကယ်အရှုံးပေးတယ် လင်းထင်ရယ်။ ဘယ်သူ့မှလည်း အတင်းအကျပ်မနိုင်းစေပါဘဲ ရောင်နီကိုယ့်သဘောနှင့်ကိုယ် ကျေကျေနပ်နပ်ပင် ခေါင်းညိတ်လိုက်မိပါသည်။ လင်းထင်က သဘောကျစွာ ပြုံးပါသည်။

ထို့နောက်မှာတော့ ရောင်နီ့နှလုံးသားထဲမှ လင်းထင်ပုံရိပ်တွေသာ နေရာယူ စိုးမိုးထားလေတော့၏။

ဂုဏ်ဂုဏ်ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"တကယ်တော့ အချစ်ဆိုတာ ပေးဆပ်ခြင်းမဟုတ်ဘူး ရောင်နီရဲ့။ အကြွေးဆပ်ခြင်း၊"

"ဘာ!"

ရွှေရည့်စကားကြောင့် လက်သည်းညှပ်နေရာမှ ရောင်နီ မျက်မှောင်ကြုတ်လျက် မော့ကြည့်သည်။

"ဟုတ်တယ်လေဟာ၊ လူတစ်ယောက်ကို စချစ်မိပြီဆိုကတည်းက သူ့စိတ်နဲ့ကိုယ့်ကိုယ် စေလိုရာစေ နေလိုရာနေရပြီး အရှုံးကြီးရှုံးရတော့တာပဲ။ အတိတ်က ဝဋ်ကြွေးကို ဒီဘဝမှာ အချစ်ဆိုတဲ့အမည်ခံနဲ့ ပြန်လာပြီး ယူကြတာ။ ချစ်မိတဲ့လူက



www.burmeseclassic.com

www.burmeseclassic.com



ပေးဆပ်ရတာ ခုနကပြောသလိုဆို အကြွေးဆပ်ရတော့တာပေါ့ ဟယ်"

"လူတစ်ယောက်ကို စချစ်မိရင် ရှုံးတယ်, ဟုတ်လား။ တော်စမ်းပါဟာ၊ ဝတ္ထုတွေ သီချင်းတွေထဲက စာသားတွေပါ။ ငါကတော့ အချစ်ကို တန်ဖိုးလည်းမသတ်မှတ်ဘူး။ အရှုံးအမြတ်လည်း မတွက်ဘူး။ အချစ်က အချစ်ပဲ၊ တခြားဘာမှမရှိဘူး"

စကားအဆုံး ညှပ်ချထားတဲ့လက်သည်းစတွေကို စက္ကူထဲ စုထုပ်ပြီး အိမ်ပေါက်ဝဆီ လျှောက်လာခဲ့၏။

ထိုစဉ်မှာပဲ အိမ်ပေါက်ဝသို့ ရောက်နှင့်နေသော လင်းထင်နှင့် မျက်နှာချင်းဆိုင် ဆုံလိုက်ရလေသည်။

"ဟာ. . . အံစ်မ"

သူက ရောင်နီ့ကိုကြည့်ပြီး အံ့သြဝမ်းသာဟန်နှင့် ရေရွတ်၏။

"လာလေ, ဘာကိစ္စရှိလို့လဲဟင်"

"ရတယ် အစ်မ၊ အထဲမဝင်တော့ပါဘူး။ ဖုန်းလာလို့ လာပြောတာ"

"ဩော်, ကိုယ့်ဖုန်းလား"

"မဟုတ်ဘူး၊ မရွှေရည်ထက်တဲ့"





"ခဏနော်၊ ရွှေရည် အထဲမှာရှိတယ်။ ဖုန်းက ပြန်ခေါ်ခိုင်းထားလား"

"မဟုတ်ဘူး, စောင့်နေတယ်။ ကျွန်တော် ဖုန်းမချခဲ့ဘူး"

စကားပြောနေစဉ် ဘာရယ်ကြောင့်မှန်းမသိ၊ လင်းထင်မျက်နှာက ပြုံးနေသည်။ တလက်လက် ရွှန်းပတောက်ဖြာနေသည့် မျက်ဝန်းကြည်ကြည်လေးတွေက ရောင်နီ့မျက်နှာကိုပဲ တရှိုက်ရှိုက်မတ်မတ် စူးစိုက်ကြည့်နေတာမို့ ရောင်နီ ရင်တွေ တဒိတ်ဒိတ်ခုန်နေ၏။

"ရွှေရည်, နင့်ဖုန်းတဲ့၊ နင့်အိမ်က ဆက်တာလားမသိဘူး"

"အေးအေး. . . လင်းထင် ကျေးဇူးပဲနော်။ အိမ်ထဲဝင်ထိုင်ပါဦးလား။ ဟဲ့, ရောင်နီ ခေါ်လိုက်လေ"

ရွှေရည်က အိမ်ထဲက ထွက်လာရင်း ရောင်နီ့ကိုတစ်လှည့် လင်းထင်ကိုတစ်လှည့် စကားလှမ်းပြောသည်။ လင်းထင်က ရွှေရည်ကိုခေါင်းညိတ်ပြပြီး သူမကိုမော့ကြည့်သည်။

"လာလေ, အိမ်ရောက်တုန်း ခဏဝင်ထိုင်ပါဦးလား"

"ခင်လို့ခေါ်တာလား၊ ဝတ္တရားအရ ခေါ်တာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်ချင်လို့ခေါ်တာပေါ့၊ ရှင်းပြီလား"

ခါးထောက်ရင်း မာန်ပါပါ အော်လိုက်တော့ သူက သဘောကျစွာ ရယ်လေသည်။

"ကဲ, ဒီမှာထိုင်ဦး၊ ဘာစားစရာရှိလဲ သွားရှာလိုက်ဦးမယ်"

"ဟာ. . . ရပါတယ်၊ အဝေးကြီးကလာတဲ့ဧည့်သည်မှ မဟုတ်တာ။ ဘာမှမကျွေးပါနဲ့။ စေတနာရှိရင် ရေတစ်ခွက်ပဲ တိုက်"

"ခဏစောင့်"

ရောင်နီ မီးဖိုချောင်ထဲ ပြေးဝင်လာခဲ့ကာ ရေသန့်ဘူးကြီးထဲက ရေတစ်ခွက်ယူလာခဲ့ပြီး ပြန်ထွက်လာခဲ့သည်။

"ရော့. . . ကော်ဖီရှိတယ်, သောက်ဦးမလား"

"တော်ပြီ၊ ဒီကိုမလာခင် သောက်ခဲ့သေးတယ်။ စကားမစပ် ပြောရဦးမယ်,သိလား။ ကျွန်တော် တစ်ခါမှ ဖုန်းလာရင် လိုက်မခေါ်ဖူးဘူး။ ဒါပထမဆုံးပဲ"

"အံ့ဩရမှာလားဟင်"

သူ့ရှေ့တည့်တည့်ကခုံမှာ ဝင်ထိုင်ရင်း မျက်ခုံးပင့် ပြောလိုက်တော့ သူက နှာခေါင်းတစ်ချက်ရှုံ့ရင်း ရယ်ရွှင်ရိပ်သန်းသော





မျက်နှာနှင့်ပင်. . .

"သဘောပဲ"

ဟု အေးစက်စက်ပြန်ပြောလေသည်။

"အလကားစတာပါ၊ ကျေးဇူးတင်ရမှာပေါ့နော်။ အရင်က ဖုန်းလာရင် ဘာလို့မခေါ်ပေးတာလဲ။ မကြိုက်လို့လား"

"စိတ်မပါလို့"

"ကိုယ်တို့အိမ်ကျတော့ရော လူမှုရေးအရ ဒါမှမဟုတ် အိမ်နီးချင်းမို့ အားနာလို့လား"

ရောင်နီ့စကားအဆုံး သူက လက်ဆစ်တွေ တဖျောက်ဖျောက်ချိုးရင်း မျက်လုံးလှန်ကြည့်သည်။

"သေသေချာချာကြည့်ပါဦး၊ ကျွန်တော့်ရုပ်က အားနာတတ်မယ့်ရုပ်လားဆိုတာ။ လူမှုရေးဆိုတာ အဝေးကြီး၊ စိတ်မပါရင် ပြုံးပြဖို့တောင် သိပ်ဝန်လေးတတ်တာ"

"တကယ့်အဆန်းပဲနော်"

"တစ်ခါမှမကြုံဖူးလို့ ဆန်းနေတာပါ။ နောက်တော့လည်း လူတစ်ယောက်ရဲ့စရိုက်ဆိုတာ ရိုးသွားရော။ အစ်မလည်း ကျွန်တော့်အတွက် အသစ်အဆန်းတစ်ခုပဲ"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ပတ်ဝန်းကျင်မှာ မြင်ဖူးတွေ့ဖူးနေကျလူတွေနဲ့မတူတဲ့ Character အသစ်ရှိတယ်လို့ပြောတာပါ။ အစ်မက ဘယ်လို Type မျိုးကို သဘောကျလဲဟင်။ လူတစ်ယောက်ရဲ့ နေထိုင်ပြောဆိုပုံအကျင့်စရိုက်ပေါ့"

"အင်း. . . ကိုယ်သဘောကျတာကို ပွင့်ပွင့်လင်းလင်း ပြောရရင် ကိုယ့်စိတ်ဓာတ်ကိုယ် အကြိုက်ဆုံးပဲ။ ကိုယ်ကျင့်သုံးနေတဲ့မူက ကိုယ့်အတွက် အကောင်းဆုံးနဲ့ အသင့်တော်ဆုံးလို့ထင်တယ်။ ကိုယ်မကြိုက်တဲ့ပုံစံက အထာကိုင်တတ်တာကြီးပဲ။ ရိုးသားပွင့်လင်းမှုကို ကိုယ်က အရမ်းတန်ဖိုးထား ကိုးကွယ်တယ်"

ရောင်နီ့စကားအဆုံး သူက အတန်ကြာ တွေဝေငြိမ်သက်နေပြီးမှ ခေါင်းတစ်ချက် ညိတ်သည်။

"ကောင်းပါတယ်၊ အဲလိုစိတ်ဓာတ်မျိုးရှိတာ လူတိုင်းနဲ့ အဆင်ပြေတာပေါ့။ ဒါပေမဲ့ ရိုးသားတိုင်းတော့ မကောင်းဘူးနော်။ ကျွန်တော်က အရာရာကို လျှို့ဝှက်ထားရတာကြိုက်တယ်၊ လိုအပ်ရင် ဟန်ဆောင်ရမယ်ပေါ့။ ကျွန်တော့်ပတ်ဝန်းကျင်က သင်ပေးလိုက်တာ အဲ့အထာတွေချည်းပဲ။ လူတိုင်းကို လွယ်လွယ်နဲ့မယုံတတ်အောင် ကိုယ်ချင်းစာစိတ် မထားတတ်အောင် ပြီးတော့ စိတ်ဓာတ်မာကျောပြတ်သားတတ်အောင်. . . အစုံပဲ၊ တစ်





ခုမှမကောင်းဘူး။ ဒါပေမဲ့ သံသယဆိုတာ ကိုယ့်ဘဝကို လုံခြုံစေတယ်လို့ထင်တယ်။ အယုံလွယ်တဲ့သူနဲ့ မယုံတတ်တဲ့သူ ဘယ်သူက ပိုဒုက္ခရောက်လဲ။ သာဓကတွေ အများကြီးရှိပါတယ်နော်"

"ဟုတ်ပါတယ်, ဟုတ်ပါတယ်၊ မင်းပြောတာတွေက နားထောင်ရဆိုးပေမယ့် အမှန်တရားတွေချည်းပါပဲ။ ဒါပေမဲ့ လူတိုင်းဟာ သူကျင်လည်ခဲ့ရတဲ့ပတ်ဝန်းကျင်ကိုလိုက်ပြီး စိတ်နေသဘောထားတွေ မတူကြဘူးလေ။ ကိုယ်ကတော့ အရာအားလုံးကို အကောင်းမြင်တတ်ပါတယ်"

"ကျွန်တော့်ကိုရော ဘယ်လိုမြင်လဲ"

"လူတစ်ယောက်ပေါ့၊ တိတိကျကျပြောရရင် ခပ်ချောချောကောင်လေးတစ်ယောက်လို့ မြင်တာပေါ့"

ရောင်နီ့စကားအဆုံး သူက သဘောကျစွာ ရယ်လေသည်။ ရယ်တာမှ ဟက်ဟက်ပက်ပက် အူလှိုက်သည်းလှိုက်ရယ်တာဖြစ်ပြီး ထိုပုံစံလောက် အပြစ်ကင်းစင် နူးညံ့တာမျိုး သူမ တစ်ခါမှမမြင်ဖူးခဲ့ပါ။ ထိုရယ်သံကို သူမ အလွန်သဘောကျပါသည်။

အထူးသဖြင့် ရယ်ဖို့ဝန်လေးတတ်သော လူတစ်ယောက်ထံမှ ပွင့်ပွင့်လင်းလင်းရယ်သံကို ကြားရသောကြောင့် ကြည်နူး



www.burmeseclassic.com

www.burmeseclassic.com



ပီတိဖြစ်မိတာမျိုး ဖြစ်ပါသည်။

အခုလိုရယ်နေတော့ လျှို့ဝှက်ဟန်ဆောင်တတ်တယ် ဆိုတဲ့ကောင်လေးတစ်ယောက်ရဲ့အသွင်က ဘယ်မှာပါလိမ့်။

"တကယ်ပြောတာလား။ လူတိုင်းက ချောတယ်ပြောရင် သဘောကျတာချည်းပဲ။ အဲလိုအပြောခံရတော့ ကျွန်တော့်ရင်ထဲ ဘယ်လိုခံစားလိုက်ရတယ်ထင်လဲ"

"ဘယ်သိမလဲ, ရယ်ချင်မှာပေါ့။ အဲဒါကြောင့် မင်းရယ်တာမဟုတ်လား"

သူက နှုတ်ခမ်းကို တင်းတင်းစေ့ပြီးရင်း ခေါင်းခါသည်။

"မဟုတ်ဘူး၊ ကျွန်တော် ရင်တွေအရမ်းခုန်သွားတာ"

"ဘာရယ်!"

"ရင်ခုန်သွားတယ်လို့ပြောတာက ယောကျ်ားလေးတစ်ယောက် ဘယ်လောက်ချောချော ဘယ်မိန်းကလေးကမှ နှုတ်က ထုတ်ပြီး မပြောတတ်ကြဘူးလေ။ ကျွန်တော့်ကို ဘယ်သူမှ အဲလိုမပြောဖူးတော့ စိတ်ထဲတစ်မျိုးကြီးပဲ။ ဘာစိတ်ကူးနဲ့ အဲလိုပြောလိုက်တာလဲ"

သူ့စကားကြောင့် ရောင်နီ ပခုံးတစ်ချက် တွန့်လိုက်မိသည်။





"ဘာစိတ်ကူးမှမရှိဘူး၊ စိတ်ထဲခံစားရတဲ့အတိုင်း ပြောတာ"

"အစ်မစိတ်ဓာတ်ကိုတော့ ရေရေလည်လည်ကြွေသွားပြီ။ သိလား"

"ဟုတ်လား, အဲဒါ မင်းကိုယ်တိုင် သတ်မှတ်လိုက်တာနော်"

သူမစကားအဆုံး နှစ်ယောက်လုံး တစ်ယောက်မျက်လုံးတွေဆီတစ်ယောက် အပြန်အလှန်စူးစိုက်ကြည့်နေမိကြသည်။

ထိုသို့စူးစိုက်ငေးမောနေသော အခိုက်အတန့်လေးဟာ စုစုပေါင်း ငါးစက္ကန့်နီးပါးသာ ကြာပါလိမ့်မည်။ သို့သော် တစ်ယောက်ရင်တွင်းသို့ တစ်ယောက် ချဉ်းနင်းဝင်ရောက်ခဲ့သောခရီးကတော့ မိုင်နှုန်းအတော်များများ တာသွားမှန်း နားလည်မိကြသည်။ တစ်ယောက်ကိုတစ်ယောက် တူညီတဲ့ရင်ခုန်ပျော်ရွှင်မှုတွေ ပေးနိုင်လျှင် ထိုသဘောတူညီမှု၏နောက်. . . အချစ်ဆိုတာ အလွယ်တကူဖြစ်လာနိုင်မည်ဟု သူမ ယုံကြည်ပါသည်။ သူက ရော. . . ရောင်နီယုံကြည်ထားသလို ယုံကြည်နိုင်ပါ့မလား။

ထိုနေ့က သူပြန်သွားတော့ ရောင်နီ့နှလုံးသားလေးက သူ့နောက် ကပ်ငြိလိုက်ပါသွားပြီး သူထားရစ်ခဲ့တာတော့ တစ်ည



www.burmeseclassic.com

www.burmeseclassic.com



တာလုံး အိပ်မရစေမယ့်အပြုံးတွေပဲဖြစ်ပါသည်။

ဩော်. . . ကောင်လေးရယ်. . .

ဘယ်လောက်ပဲ မြတ်နိုးတွယ်တာမိပေမယ့် တိတ်တခိုး မျှော်လင့်ရင်ခုန်ရတာ မိန်းမတွေရဲ့ဘဝပေးတာဝန်ပါ။ အချစ်ဆိုတာ ဘာလဲလို့ အဓိပ္ပာယ်အတူတူဖွင့်နိုင်တဲ့တစ်နေ့ ကိုယ်နဲ့မင်း နှလုံးသားချင်း နီးစပ်ဖလှယ်ခွင့် ကြုံဦးမှာပါ။ အဲဒီနေ့မှာ ဒေဝဥယျာဉ်တော်က ပန်းတွေ တစ်ပွင့်မကျန် ပွင့်ကြပါလိမ့်မယ်။

မင်းမယုံရင် စောင့်ကြည့်စမ်းပါ. . . ကိုယ်တို့ရေးဖွဲ့မှာ သိင်္ဂါရကဗျာတစ်ပုဒ်ပါကွယ်။

ဂုဏ်ဂုဏ်ဂုဏ်



## အခန်း (၉)

အားလုံးချက်ပြုတ် ပြင်ဆင်ပြီးသွားတော့ ရောင်နီ့တစ်ကိုယ်လုံး ချွေးတွေ နစ်အိုင်နေသည်။ တစ်ကိုယ်လုံး နုံးခွေနွမ်းလျနေပေမယ့် ရင်ထဲမှာ အလိုလိုရွှင်လန်းတက်ကြွနေရပါသည်။

ဒီနေ့မှ ရွှေရည်က မြို့ထဲကိုပြန်သွားတာမို့ ရခိုင်မုန့်တီချက်မည့်အစီအစဉ်ကို ရောင်နီတစ်ယောက်တည်း အကောင်အထည်ဖော်လိုက်ခြင်းဖြစ်သည်။

မီးဖိုခန်းထဲကထွက်ပြီး မှန်ရှေ့သွားရပ်ကြည့်လိုက်မိမှ ရောင်နီ ကိုယ့်မျက်နှာအခြေအနေမှန်ကို စိတ်မောဖွယ်တွေ့လိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှပ်အင်္ကျီနက်ပြာကွက်နှင့် ဂျင်းပင်န်အတိုကို ဝတ်ထားတာမို့ အဝတ်အစားက ဖိုသီဖတ်သီဖြစ်မနေပေမယ့် ဖြစ်သလို စုချည်ထားရသော ရွှေညိုရောင်ဆံနွယ်စင်းစင်းတွေကတော့ ဖရိုဖရဲ ဖွာလန်ကျဲနေပြီး မျက်နှာက ချွေးတရွှဲရွှဲ အဆီတဝင်းဝင်းနှင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေတော့သည်။ မနက်မိုးလင်းခါစက လိမ်းထားသော သနပ်ခါးဖွေးဖွေးပင် ချွေးတွေအဆီတွေကြောင့် အညိုကွက်တွေ ဖြစ်နေချေပြီ။

လက်နှစ်ဖက်ကိုကြည့်ပြန်တော့ ငရုတ်သီးနံ့ ကြက်သွန်ဖြူနံ့တွေနှင့် တကယ့်အိမ်ရှင်မအနံ့တွေ တထောင်းထောင်းထနေတော့၏။

ဒါတောင် ဂက်စ်နှင့်ချက်တာမို့ အိုးမည်းတွေ ပေကျံတာ မီးသွေးမှုန့်တွေ ပေနေတာ မရှိသေး။

“ဟင်း...”

ရောင်နီ သက်ပြင်းကို အကျယ်ကြီးချပစ်လိုက်မိပါသည်။ တစ်ခါတလေ မုန့်လေးလုပ်စားတာတောင် ဒီလောက်ပင်ပန်းနေလျှင် တစ်သက်လုံးများ အိမ်ရှင်မကြီးလုပ်ပြီး ချက်ပြုတ်ကျွေးမွေးနေရလျှင်တော့; အမယ်လေး... ရှေ့ကိုဆက်တွေးဖို့တောင် မဝံ့ရဲလိုက်တာ။





ရောင်နီ ရေချိုးဖို့ ကပျာကယာပြင်ဆင်လိုက်ရသည်။ ရေချိုးပြီး နာရီကိုကြည့်လိုက်တော့ မနက်ကိုးနာရီထိုးနေပြီဖြစ်သည်။

Breakfast အတွက်ဆို နောက်တောင်ကျနေပြီလား မသိ။ ရေချိုးပြီး ဘာမှတောင် မျက်နှာပေါ်မတက်နိုင်။ အဝတ်အစား ကပျာကယာလဲပြီး ပြတင်းပေါက်ဆီသို့ အပြေးကလေး လှမ်းလာမိသည်။

“ဟိတ်... ရှတ် ရှတ်”

ရောင်နီ့အသံကြောင့် သူက စာကျက်နေရာမှ ဖြည်းဖြည်းချင်း မော့ကြည့်သည်။

“ကျွန်တော့်ကိုခေါ်တာလားဟင်”

ရောင်နီ ဆတ်ခနဲခေါင်းညိတ်ပြလိုက်တော့ သူက ထိုင်နေရာမှ ပြတင်းပေါက်ဆီသို့ လျှောက်လာပြီး...

“စောစောစီးစီး ဘာကိစ္စလဲ၊ ပြော”

“အံမယ်! စောစောစီးစီး မပြောရတော့ဘူးလား။ အလကားသက်သက်ခေါ်တာမဟုတ်ဘူး၊ ကျွေးစရာရှိလို့”

“တကယ်”

“နှစ်ကယ်... နှစ်ကယ်၊ အခုကျွေးမှာ။ ဒီမနက် အိမ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ရခိုင်မုန့်တီချက်ထားတယ်။ လာခဲ့နော်"

ရောင်နီ့စကားအဆုံး သူကခေါင်းညိတ်ပြပြီး. . .

"အခုချက်ချင်းလား"

ဟု ထပ်မေးလေသည်။

"ဟုတ်တယ်, အခုပဲ"

"အိုကေ. . . လာခဲ့မယ်လေ"

ရောင်နီ ပြတင်းပေါက်မှခွာခဲ့ပြီး မီးဖိုချောင်ထဲဝင်ကာ လင်းထင်လာလျှင် အဆင်သင့်စားနိုင်အောင် ပြင်ထားလိုက်သည်။

"အစ်မ. . . မနေရောင်နီ"

"ဒီမှာ, ဝင်လာခဲ့လေ"

ရောင်နီ ပြန်အော်ရင်း ပန်းကန်ထဲကို မုန့်ဖတ်နှင့်ဟင်းရည်တွေ အသင့်ထည့်ထားလိုက်သည်။

"ဟား. . . အနံ့ကတော့ မွှေးနေတာပဲ. . . မနက်က သောက်ထားပြီးသား လက်ဖက်ရည်တောင် ဘယ်ပျောက်သွားမှန်းမသိတော့ဘူး။ ဒီအချိန် အရင်နေ့တွေက ဘာမှစားလေ့မရှိဘူး။ ဗိုက်လည်းမဆာတတ်ဘူး။ အခု မုန့်တီနံ့ရမှပဲ ဗိုက်ဆာလာတော့တယ်"

ပြောပြောဆိုဆို လင်းထင်က ခုံမှာဝင်ထိုင်သည်။





"မရှက်နဲ့နော်၊ အဝစားသွား. . . သိလား"

ရောင်နီ့စကားကြောင့် သူက မုန့်တီပန်းကန်ထဲ ဇွန်းနှင့်မွှေနေရင်း ခေါင်းမော့ကြည့်၏။

"အစ်မပြောမှပဲ ကျွန်တော်ရှက်သလိုလိုတောင် ဖြစ်လာပြီ။ လာတုန်းက ရှက်ရကောင်းမှန်းမသိဘူး။ အဟဲ"

"ဆောရီး. . . ကိုယ်ပြောလိုက်လို့ ရှက်သွားပြီလား"

"အင်း, ရှက်သလိုလိုဖြစ်ရုံလေးတင်ပါ။ အစ်မရော စားမှာလား"

ရောင်နီက ခုံမှာဝင်ထိုင်ပြီး တစ်ပန်းကန်ပြင်နေတာမို့ သူက လှမ်းမေးသည်။

"စားမှာပေါ့၊ ကိုယ်မှမစားရသေးတာ"

ပြောရင်း ရောင်နီ ပန်းကန်ထဲကို ဧရာတ်သီးဖျော်ထားသည့်အရည်တွေ၊ မန်ကျည်းနှစ်တွေ ခပ်ထည့်တော့ သူက မျက်လုံးပြူးကြည့်သည်။

"အဲဒါတွေထည့်တော့ မစပ်ဘူးလားဟင်။ ဟို ဧရာတ်သီးရည်တွေရော မန်ကျည်းရည်တွေရောဆိုတော့ ဗိုက်တွေအောင့်ကုန်တော့မှာပဲ။ ဒီအတိုင်းသောက်တာပဲ တော်တော်ပူနေပြီ"

"ဟင်းရည်ထဲမှာ ပူတာက ဧရာတ်ကောင်းနဲ့ ပတဲကော



www.burmeseclassic.com

www.burmeseclassic.com



ထည့်ထားလို့လေ။ ဒါက ချဉ်နံစပ်အရသာအတွက် သပ်သပ် ထည့်တာ။ ထည့်စားကြည့်ပါလား၊ အရမ်းကောင်းတယ်။ နံနံပင် လည်း ထည့်စားလေ''

ရောင်နီက မုန့်တီတစ်ဖွန်းကို တရှူးရှူးခပ်သောက်ရင်း ပြောလိုက်တော့ လင်းထင်က ပခုံးတွန့်လိုက်ပြီး. . .

''နေပါ, မြင်ရတာနဲ့တင် ရင်တွေပူနေပြီ။ အဝင်ဆိုး အထွက်ဆိုးနဲ့ မိန်းကလေးတွေ တော်တော်အပူအစပ်ကြိုက်တာ ပဲနော်။ အဲဒါ ရောဂါရတယ်''

''သိသားပဲ၊ ဒါပေမဲ့ စားလို့ကောင်းတော့လည်း ကြိုက် မိတာပဲ။ ရော့. . . ငရုတ်သီးဖျော်ရည်နည်းနည်းနဲ့ အချဉ်နည်း နည်းထည့်စားကြည့်။ လျှာလည်သွားမယ်''

ပန်းကန်တွေကို သူ့ရှေ့အတင်းထိုးပေးတော့ အထိတ် တလန့်ပုံစံနှင့် နောက်ကိုတွန့်သွားပြီး ရောင်နီ့မျက်နှာကိုမော့ကြည့် သည်။

ဖြူဝင်းနေမွတ်နေသော ရောင်နီ့မျက်နှာပြောင်ပြောင်လေး က အပူအစပ်တွေရဲ့အရှိန်ကြောင့် ပါးမို့တွေ နှာသီးဖျားတွေ ရဲ တွတ်နေပြီး ချွေးစက်တွေပင် သီးခိုနေသည်။

နှင်းသီးပြောင်ပြောင်လေးပေါ်မှာ ရေစက်တွေ တင်နေ





သလိုဖြစ်နေသော ရောင်နီ့မျက်နှာကိုငေးရင်း လင်းထင်မျက်နှာ က တဖြည်းဖြည်းပြုံးလာသည်။

''တကယ်စားလို့ကောင်းလား အစ်မ''

''ရှူး. . . အား. . . တကယ်ပေါ့၊ ရှူး. . . မယုံရင် ကိုယ် စားသလို လိုက်စားကြည့်''

ချွေးတွေတသီးသီးနှင့် ရှူးရှဲမြည်အောင် စားပြနေသော ရောင်နီ့ကိုကြည့်ပြီး သူပါ ငရုတ်သီးရည်တွေကို အားရပါးရစား ချင်လာသည်။

အဲဒီနောက်မှာတော့ ဖြစ်ချင်ရာဖြစ်ဟူသောသဘောနှင့် ငရုတ်သီးရည်တစ်ဖွန်းခပ်ပြီး သူ့ပန်းကန်ထဲ ထည့်လိုက်သည်။

''ဒီလိုမှပေါ့''

ရောင်နီက လဲ့က်မထောင်လျက် ကောင်းချီးပေးသည်။ သူ ရုတ်တရက်တော့ မစားရဲသေး။ ခပ်စိမ်းစိမ်းငရုတ်ရည်တွေ ကိုကြည့်ပြီး ကျောထဲ ခပ်စိမ့်စိမ့်ပင်။

''စားလေ''

''ဟုတ်ကဲ့, စားမှစားနိုင်ပါ့မလားလို့''

''ကိုယ်တောင် စားနိုင်သေးတာပဲ၊ ဘာဖြစ်လဲ, စား''

သူမစကားအဆုံး လင်းထင်က မုန့်တီတစ်ဖွန်းကို ခပ်



www.burmeseclassic.com

www.burmeseclassic.com



သောက်သည်။

"ကောင်းလား"

ဖျတ်ခနဲမျက်လုံးမှိတ်ချရင်း ကျိတ်မြိုချလိုက်သော လင်းထင်ပုံစံကိုကြည့်ပြီး ရောင်နီ ခစ်ခနဲရယ်လိုက်မိသည်။

"အား. . . ရှူး၊ စပ်တယ်၊ ရေ. . . ရေ. . . အား"

မျက်နှာတစ်ပြင်လုံး ပန်းသွေးရောင် ရဲတက်သွားပြီး မျက်ရည်တွေပါ စို့လာတာမို့ ရောင်နီ တကယ်ပဲ စိတ်မကောင်းဖြစ်သွားရသည်။

"ခဏ. . . ခဏလေးနော်၊ ရမယ်"

ရေသန့်ဘူးထဲကရေကို ဖန်ခွက်ထဲ ကပျာကယာငှဲ့ထည့်ပြီး ကမ်းပေးတော့ ကသောကမျောလှမ်းယူပြီး တရှိန်ထိုးမော့ချသည်။

ရေသောက်လိုက်မှ ချွေးတွေရော မျက်ရည်တွေပါ စုပြုံကျလာပြီး လင်းထင်မျက်နှာက သနားစရာလေး ဖြစ်နေသည်။

"ရှူး. . . စပ်လိုက်တာ၊ တစ်ကိုယ်လုံး ထူပူသွားတာပဲ"

"ဆောရီး. . . ကိုယ် တကယ်စိတ်မကောင်းဘူး။ ကိုယ့်မင်းကိုဒုက္ခရောက်အောင် တမင်လုပ်တာမဟုတ်ပါဘူး လင်းထင်ရယ်။ အဲလောက်တော့ မင်းစားနိုင်မယ်ထင်တာ၊ တစ်ခါမှ အစပ်





မစားဖူးဘူးလားဟင်"

ရောင်နီ စားလက်စ ပန်းကန်ကိုတောင် သတိမရတော့ဘဲ ရေဖန်ခွက်တစ်ဖက်၊ ယပ်တောင်တစ်လက်နှင့် လင်းထင်ဘေးမှာ ပျာယာခတ်နေမိသည်။

သူမရဲ့ ပျာပျာသလဲ ဂရုစိုက်ဟန်ကြောင့် လင်းထင်က တအံ့တသြဟန်နှင့် မော့ကြည့်ရင်း ရောင်နီ့မျက်နှာကို စူးစိုက်ငေးမောနေသည်။

"စပ်သေးလားဟင်"

"အင်း. . . ချစ်တယ်"

"ဟင်! ဘာပြောလိုက်တယ်"

"ချစ်တယ်လို့ပြောတာ"

"စပ်လားလို့မေးတာလေ"

ရောင်နီ ခပ်ဆတ်ဆတ်ပြန်ပြောလိုက်ပေမယ့် အသံတွေတုန်နေသည်။ လင်းထင်က ထမင်းစားပွဲပေါ်မှာ မေးထောက်ရင်း သူမမျက်နှာကို စူးစိုက်ကြည့်ကာ. . .

"စပ်လည်းစပ်တယ်၊ ချစ်လည်းချစ်တယ်"

ဟု ခပ်တိုးတိုးပြောလိုက်လေသည်။

ရောင်နီ ရင်တွေတအားခုန်သွားပေမယ့် ထိုအဖြစ်ကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



မယုံမရဲဖြစ်မိကာ ခေါင်းကိုတအားခါပစ်ရင်း. . .

"အာ. . . ဘာတွေလျှောက်ပြောနေတာလဲ၊ အကောင်း မေးတာကို အဲလိုနောက်စရာလား"

"အချစ်ဆိုတာ စနောက်ကောင်းတဲ့အရာမှမဟုတ်တာ။ အစ်မကိုချစ်လို့ ချစ်တယ်ပြောတာ"

သူမလက်ဖျားလေးကို လှမ်း၍အဆွဲမှာ လက်ထဲက ယပ်တောင်လေးက ဖျတ်ခနဲလွတ်ကျသွားရသည်။ ရောင်နီ တကယ့်ကို အံ့ဩမှင်တက်စွာ ငြိမ်သက်နေမိပါသည်။ ချစ်တယ်ဆိုသော စကားတစ်ခွန်းက နားထဲမှာ ပဲ့တင်ထပ်ကျန်ခဲ့သလို သိစိတ်က လေဟာနယ်ထဲ ခပ်ငြိမ့်ငြိမ့်စီးမျောလိုက်ပါသွား၏။

"အစ်မ"

"ဟင်"

သူ့ခေါ်သံကြောင့် ရောင်နီ ဖဝေဖဝါမော့ကြည့်လိုက်မိသည်။ နှုတ်ခမ်းကိုတင်းတင်းစေ့ပြုံးတတ်သော လင်းထင်မျက်နှာက ညို့ဓာတ်တစ်မျိုးနှင့် အရောင်တွေ တရိပ်ရိပ်လက်ဖြာနေသည်ဟု ထင်ရလေသည်။

"ကျွန်တော် အစ်မကို အခုပဲ ချစ်မိသွားတယ်။ အဲဒါ ယုံလားဟင်"





"အင်း"

သေလိုက်စမ်းပါတော့ကွယ်။

ကယောင်ကတမ်းနှင့် ခေါင်းညိတ်ပြမိပြီးမှ ရောင်နီ ကိုယ့်ကိုယ်ကို တကယ်ပဲ ရှက်ရွံ့မှုန်းတီးစွာ ကျိန်ဆဲလိုက်မိသည်။ သူကတော့ ရွှင်မြူးပေါ့ပါးသော ရယ်မောခြင်းမျိုးနှင့် ခပ်လွင်လွင် ရယ်မောနေ၏။

နေရာမှထရပ်ပြီး သူမပခုံးတွေကို လက်အစုံနှင့် ထွေးဖက်လိုက်တော့ နွေးထွေးကျဉ်ရှသော ခံစားမှုတစ်မျိုးက နှလုံးသွေးကြောမှ ခန္ဓာကိုယ်တစ်ခုလုံးသို့တိုင် စီးဝင်သွားလေသည်။

တစ်စုံတစ်ရာရဲ့ ညို့ချက်ပြင်းပြင်းအောက်မှာ သူမ တကယ်ပဲ အသက်ရှူဖို့ မေ့လျော့နေခဲ့ပါပြီ။

"ကျွန်တော့်မျက်နှာကို တည့်တည့်ကြည့်ပြီး ဖြေ။ ချစ်တယ်ဆိုတဲ့စကားနဲ့ မုန်းတယ်ဆိုတဲ့စကားကို အခုတစ်ခါတည်း ပြောခွင့်ပေးမယ်။ နောက်ထပ်အချိန်မပေးနိုင်တော့ဘူး။ အစ်မ တစ်ခုခုဖြေပါနော်"

ဘုရားရေ. . .

ဘယ်လောက်များ တပ်မက်ယစ်မူးဖွယ်ကောင်းပြီး စိုးရိမ်ထိတ်လန့်စရာတွေ ပြည့်နှက်နေတဲ့ ချစ်ခွင့်ပန်စကားပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေးပါဘူး. . .

ဒါ ချစ်ခွင့်ပန်တာမှမဟုတ်တာ. . .

သူမကို လင်းထင်က ရွေးချယ်ခွင့်ပေးလိုက်တာပဲ။

ရောင်နီ ရွေးချယ်ရမှာက ချစ်ခွင့်နဲ့ မုန်းခွင့်တဲ့။ ဘယ်လောက်တိကျပြတ်သားပြီး ကဗျာမဆန်လိုက်တဲ့ ချစ်ခြင်းပွဲစကားပါလဲ။

ခုတစ်ခါတည်းမဖြေနိုင်ရင် ကိုယ်တို့ယှဉ်ပြိုင်မယ့် နှလုံးသားစီးချင်းပွဲကနေ တစ်သက်စာ နှုတ်ထွက်ကျောခိုင်းလိုက်မှာပေါ့။

ဟင့်အင်း. . . အဲဒီလိုမဖြစ်စေချင်ဘူး လင်းထင်။

မင်းနဲ့ပတ်သက်ပြီး ကိုယ် အရမ်းရင်ခုန်မျှော်လင့်ခဲ့ရတာ။ တစ်သက်မှာတစ်ခါ တစ်ကြိမ်မှာ တစ်ယောက်က တစ်ချိန်တည်းမှာ တစ်ခွန်းတည်းသောအဖြေကို တောင်းသတဲ့။

အဲဒါကို တစ်ထိုင်တည်းအဖြေပေးလိုက်ရင် ပေါ့ပျက်ပျက်အချစ်လို့များ မင်းသတ်မှတ်မှာလား။

မတွေးရဲဘူး ကောင်လေးရယ်. . .

"အစ်မ"

"ဟင်"





"ဖြေလေ၊ ကျွန်တော်အသက်မရှူဘဲ စောင့်နေတယ်။ အခု ကျွန်တော့်နှလုံးသားက တစ်စက္ကန့်ကို ဘယ်နှကြိမ်နှုန်းနဲ့ ခုန်နေတယ်လို့ အစ်မ ထင်လဲ။ အဲသလောက်ထိ ကျွန်တော် စိတ်လှုပ်ရှားနေရတာ။ အခုတစ်ခါတည်း အဖြေတောင်းတာက အစ်မကို အထင်အမြင်သေးလို့ လျှော့တွက်လို့မဟုတ်ဘူးနော်။ အစ်မဆီကအဖြေကို မရရင် ကျွန်တော် တစ်ခုခုဖြစ်သွားနိုင်လို့"

"လင်းထင်ရယ်"

သူ့စကားအဆုံး ရောင်နီ့နှုတ်က တိုးတိုးကလေး ညည်းညူလိုက်မိပါသည်။ ထို့နောက်မှာတော့. . .

"ကျွန်တော့်ကိုချစ်တယ်မှတ်လားဟင်"

ဟူသောညို့မြူသံအဆုံး ရောင်နီ အလိုလိုခေါင်းညိတ်မိသွားသည်။ သူမခေါင်းညိတ်ပြီး မရှေးမနှောင်းမှာပဲ ဘယ်ဘက်ပါးလေးတစ်ဖက် နွေးခနဲပူသွားသည်။

အချစ်ဆိုတာ ရွှေရည်ပြောသလို အကြွေးဆပ်ခြင်းဟုတ်မဟုတ်တော့မသိ။ သူမတို့နှစ်ယောက်အတွက်တော့ အချစ်က ရခိုင်မုန့်တီတစ်ပွဲလိုပါပဲ။ ချဉ်ငန်စပ်အရသာတွေနှင့် ပူလောင်ပေမယ့် မစားဘဲမနေနိုင်အောင် ဆွဲဆောင်ထားနိုင်လွန်းပါသည်။

စပ်လွန်းလို့ ချွေးတွေပျံ မျက်ရည်တွေကျလည်း နောက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်နောက်ထပ်. . . ဘယ်တော့မှ မုန်းသွားနိုင်လိမ့်မယ် မထင်ပါဘူး။ ကိုယ်တို့ ချဉ်ငန်စပ်အရသာနဲ့တူတဲ့ လောကခံကို အောင်မြင်စွာ အတူဖြတ်သန်းရင်း. . . အချစ်ကိုယုံကြည်စွာ စားသုံးရအောင် ကောင်လေးရယ်. . .

ဏှဏှဏှ



## အခန်း (၁၀)

"ဟယ်!. . . ရောင်နီ၊ တကယ်. . . ဘုရားရေ. . . နင်နောက်နေတာတော့ မဟုတ်ပါဘူးနော်"

မဂ္ဂဇင်းစာအုပ်ကို ရင်ဘတ်ပေါ်တင်ပြီး ကုတင်ပေါ် လဲလျောင်းနေရာမှ ရွှေရည်က ဝုန်းခနဲထထိုင်ပြီး တအံ့တဩမေးလေသည်။ အခုမှ အပျိုဖျန်းလေးစတိုင်လ်နဲ့ လက်သည်းလေးကိုက်ပြီး မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် ရောင်နီ ခေါင်းညိတ်ပြလိုက်သည်။ ရွှေရည်က သူမကုတင်ပေါ်မှ ရောင်နီ့ကုတင်ပေါ်သို့ လွှားခနဲခုန်ကူးလာကာ မျက်လုံးပြူးကြီးနှင့် လက်ညှိုးတစ်ချောင်းထောင်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ရောင်နီ့, နင် တကယ်. . ."

"ဟုတ်ပါတယ်ဆို၊ ရွှေရည်ကလည်းဟာ. . . ငါ ရူက်လာပြီ"

"ဘာ! ငါ့ကျတော့ ရူက်တယ်၊ ဟိုကောင်လေးကို တစ်ထိုင်တည်းအဖြေပေးလိုက်တာကျတော့ မရူက်ဘူးလားဟင်။ ဒီမျက်ခွက်ကြီးကို ဘယ်စတိုင်လ်ဖမ်းပြီး ချစ်တယ်လို့ ဖြေလိုက်တာလဲ"

ရွှေရည့်လေသံက စိတ်ဆိုးနေတာလည်းမဟုတ်ဘဲ ဒေါနှင့်မောနှင့် မာန်ပါနေသည်။ ရောင်နီမျက်လုံးလေး မှေးစင်းကာ ခပ်တိုးတိုးရယ်လိုက်ပြီး. . .

"ပါးစပ်နဲ့ဖြေရတာမှမဟုတ်တာ အရမ်းကြီးမရူက်ပါဘူး"

သူ့စကားအဆုံး ရွှေရည်က ဆတ်ခနဲခေါင်းမတ်လာပြီး အသံကျယ်ကြီးနှင့်. . .

"ဘာ, ပါးစပ်နဲ့မဖြေဘူး၊ ဟုတ်လား။ ပါးစပ်နဲ့မဖြေလို့ ဘာနဲ့ဖြေလိုက်တာလဲ။ ငါပြောလိုက်ရ, မကောင်းရှိဦးမယ်"

"ဟာ. . . နင်ကလည်း တွေးလိုက်ရင် တစ်လွဲကြီး။ ပါးစပ်နဲ့မဖြေဘူးဆိုပေမယ့် ခေါင်းညိတ်ပြလိုက်တာပေါ့။ အဲဒါကို ပြောတာ။ တခြားဘာနဲ့ဖြေလို့ရသေးလို့လဲ။ နင့်ကျမှ ကျန်တာ





တွေနဲ့ ဖြေတော်မူ"

"အံမယ်. . . ငါ့ကိုလာအော်မနေပါနဲ့။ နင်တော်တော့ကို လွန်တယ်။ ကြည့်စမ်း! ရောက်တာမှ တစ်လမပြည့်သေးဘူး။ ချက်ချင်း ရည်းစားရသွားတယ်"

"ဒါကတော့ အတိတ်ဘဝက ချဖူးတဲ့ရေစက်၊ နှက်ဖူးတဲ့ ဘာ ပန္နလား ဘာလား. . . အဲဒါပေါ့ဟာ"

"တော်စမ်းပါ ရောင်နီရယ်၊ နင်တို့ကိုက ခြေသွက်လက်သွက်ရှိလွန်းတာပါ။ ရှေးရေစက်တွေဘာတွေ လုပ်မနေပါနဲ့။ ခုမြင်ခုကြိုက် ဒီခေတ်ကလည်း"

"တော်ပြီနော်၊ ဘာရုပ်မှန်းမသိ, ဘယ်သူဘယ်ဝါမှန်းမသိ, Chatting ထိုင်ရင်း အီနေကြတဲ့ခေတ်ထဲမှာ ငါတို့က အရိုးဆုံးပဲ။ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးခင်မင်ကြတယ်။ တစ်ယောက်အကြောင်းတစ်ယောက် ပွင့်ပွင့်လင်းလင်း အကြွင်းမဲ့ သိကြတယ်။ ကဲ. . . အဲ့မှာတင် လုံလောက်ပြီ"

"တစ်ယောက်စိတ်ဓာတ်ကိုရော တစ်ယောက် တိတိကျကျသိလို့လား။ လင်းထင်က နင်တို့ငါတို့သိထားတာထက် ပိုပြီးလျှို့ဝှက်တယ်"

ရွှေရည့်စကားအဆုံး ရောင်နီ မထေ့မဲ့ပြုံးလေး ပြုံးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အဲဒီ လျှို့ဝှက်တာလေးကိုပဲ ချစ်တာ။ ချစ်သူတွေပဲ ဟယ်, တဖြည်းဖြည်း တစ်ယောက်ကိုတစ်ယောက် နားလည်လာရမှာပေါ့။ ဒါပေမဲ့ ငါက လူကဲခတ် တော်ပါတယ်။ အမွေးမြင် အပင်သိပါ့။ လင်းထင်က ရုပ်လည်းချောတယ်၊ စာတော်တယ်၊ ရည်မှန်းချက်ကြီးတယ်။ ကဲ, ဘယ်လောက်မြတ်နိုးလေးစားဖို့ ကောင်းလဲ"

ရောင်နီ့စကားအဆုံး ရွှေရည်က ခေါင်းရမ်းရင်း သက်ပြင်းတစ်ချက် ချသည်။

"မဟုတ်သေးဘူး ရောင်နီ၊ နင်မသိသေးတာတွေ ရှိသေးတယ်။ လင်းထင်က စိတ်အပြောင်းအလဲမြန်တယ်၊ ပြီးတော့ အငြိုးအတေး အတွက်ကြီးတယ်။ သူ့စိတ်က ဘယ်သူနဲ့မှ ရေရှည်ဖြစ်မှာမဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် နင်သတိထားနော်။ သူက နင့်ထက် အသက်လည်းငယ်တော့ သည်းခံစိတ်ကိုမွေးထား"

"ငါသိပါတယ်ဟယ်၊ ချစ်ရင် သည်းခံတတ်ရမှာပေါ့။ ငါ လင်းထင်ကို မောင်လေးတစ်ယောက်လိုရော, ချစ်သူတစ်ယောက်လို့ရော တကယ်ချစ်မိသွားတာပါ။ ငါ့အချစ်က နှစ်ထောင့်နှစ်ဆယ့်ရှစ်. . . သိရဲ့လား"





"ဘာ. . . နှစ်ထောင့်နှစ်ဆယ့်ရှစ်လဲ၊ တစ်သက်နဲ့တစ်ကိုယ် မကြားဖူးပါဘူး"

"တစ်ထောင့်ငါးရာနဲ့ ငါးရာနှစ်ဆယ့်ရှစ် ပေါင်းထားတာလေဟယ်"

"အမယ်လေးဟဲ့၊ မသိရင် လင်းထင် အူဝဲဆိုကတည်းက သူ့လက်ပေါ်မှာ ကြီး. . . အဲလေ, အရွယ်ရောက်လာတာကျနေတာပဲ"

ရွှေရည့်စကားကြောင့် ရောင်နီသဘောကျစွာ ရယ်လိုက်မိသည်။

"စမြင်ကတည်းက အဲလိုခံစားရတာဆို နင်ယုံမလား။ ဘယ်ဘဝရဲ့ ရေစက်ကြောင့်လဲ မသိဘူး။ လင်းထင်ကို စတွေ့ကတည်းက သံယောဇဉ်ဖြစ်မိတာ။ သူဒေါသဖြစ်နေတဲ့ပုံလေးကို အရမ်းကြွေသွားတာလေ။ သူက ပြုံးနေမှမဟုတ်ဘူး, ခပ်တည်တည်ပဲနေနေ၊ အလိုမကျတဲ့ပုံနဲ့ ဂျစ်ကန်ကန် မှုန်ကုပ်ကုပ်ပဲနေနေ, သိပ်ချစ်ဖို့ကောင်းတာ။ သူပြောတဲ့စကားတွေဆို သိပ်နားထောင်လို့ကောင်းပြီး အရမ်းကဗျာဆန်တာ။ တမင် ကဗျာဆန်အောင် တီတာဖွဲ့နွဲ့ပြောတာမဟုတ်ဘူးနော်။ ပုံမှန်ပြောနေကျစကားလေးတွေကိုက နားထောင်လို့ကောင်းတာ။ သူ့အပြုံး



www.burmeseclassic.com

www.burmeseclassic.com



တွေ မျက်လုံးတွေက တစ်ခါတလေ အေးစက်စက်နဲ့ လျှို့ဝှက်နေတတ်ပေမယ့် အမြဲတမ်းတော့ ကလေးတစ်ယောက်လိုပဲ အရမ်းအပြစ်ကင်းစင်တာ။ ငါ့ထက်ငယ်ပေမယ့် စိတ်ဓာတ်ကတော့ လူကြီးတစ်ယောက်လိုပဲ အရမ်းတည်ငြိမ်ရင့်ကျက်တာ''

''အင်း. . . ညွှန်းပြီ၊ ကိုယ့်ငါးချဉ် ကိုယ်မှမချဉ်ရင် ဘယ်သူက လာချဉ်မှာလဲ။ နင်ပဲ ညွှန်းတော့''

''ဒါတောင် ငါပြောတာ လိုနေသေးတယ်။ တကယ်ကို ညွှန်းစာဖွဲ့နွဲ့လို့ မမီတာဟ''

ရောင်နီ့စကားအဆုံး ရွှေရည်က မဂ္ဂဇင်းတစ်အုပ်နှင့် ကောက်ပေါက်သည်။

''အရူးမ. . . ငါက အကောင်းမှတ်ပြီး နားထောင်နေတာ''

''ဒီကလည်း အကောင်းပြောနေတာပဲဟာ။ ငါ့မှာ အရမ်းချစ်ဖို့ကောင်းတဲ့ချစ်သူလေး ရသွားပြီဆိုတော့ နင်တောင် မနာလိုဖြစ်ချင်နေပြီမှတ်လား။ ဟားဟား. . .''

''ရောင်နီ. . . အရူးမ, အစုတ်ပလုတ်မနော်။ အေး, ငါ ခုချက်ချင်း ထပြန်သွားလိုက်မှာ''

''အဲလိုတော့ မလုပ်ပါနဲ့ဟယ်။ နင် ထပြန်သွားရင် မောင်





တကျက်ပျက်မှာ''

''ဘာ! ဘယ်လိုခေါ်လိုက်တယ်။ မောင်, ဟုတ်လား။ ရယ်စရာကြီး။ သရက်သီးသည် ကျနေတာပဲ။ တမောင်မောင် တနောင်နောင်နဲ့ အသည်းယားတယ်၊ နားခါးတယ်၊ ရောင်နီရေ, နားထားလိုက်ဦး။ ဒါနဲ့ ရှင့်မောင်တော်က ဘာကိစ္စ စာကျက်ပျက်ရမှာလဲ''

''သြော်, ရွှေရည်ရယ်၊ နင်ပြန်သွားရင် ငါက ပြတင်းပေါက်နား သွားပြီး မောင်နဲ့စကားတွေ မျှားနေရော။ ဟော! အဲဒီတော့ မောင်လည်း စာကျက်ပျက်၊ ငါလည်း စာကျက်ပျက်ပေါ့ဟယ်''

''သူက ဘာတွေ အသည်းအသန်ကျက်နေတာလဲ၊ နေ့နေ့ညည စာအုပ်နဲ့မျက်နှာအပ်နေတာ၊ ကြာရင် ရူးသွားဦးမယ်''

''ဖွဟဲ့. . . လွဲပါစေ ဖယ်ပါစေ၊ မဦးမချွတ် ရူးစရာလားဟဲ့။ သူက English Language လေ့လာနေတာ။ အရမ်းထူးချွန်ချင်တဲ့သူကျတော့လည်း စာမှစာပေါ့ဟယ်။ သူ့အဒေါ်ကလည်း အဲဒါတွေ မျက်မုန်းကျိုးနေတာတဲ့။ သူ့ကို အပြင်အလုပ်တစ်ခုခု လုပ်စေချင်တာ၊ သူကလည်း ပညာနဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုချင်တာတဲ့လေ။ သူနဲ့သူ့အဒေါ်မိသားစုကြားက အဓိက Con-



www.burmeseclassic.com

www.burmeseclassic.com



flict က အဲဒီကိစ္စပဲ''

''ဪ''

သူမစကားအဆုံး ရွှေရည်က ခေါင်းညိတ်သည်။

''နင်လည်း သိပြီးသားဖြစ်မှာပါဟာ။ သူ့အဒေါ်နဲ့ သူနဲ့ မတည့်တဲ့ကိစ္စကြီးကို''

''ဒါပေမဲ့ ပတ်ဝန်းကျင်မှာတော့ လင်းထင်က တကယ့် အရိုင်းအစိုင်းလိုပဲ။ အဲဒါလည်း သူ့အဒေါ် သတင်းလွှင့်တာတွေ ပါဟယ်။ သူပြောလို့မရတိုင်း လျှောက်ဖွတာ ငါလည်း မြင်တွေ့ နေရတာပဲ။ လင်းထင်က အဲလောက်မဟုတ်ပါဘူး။ ဒါပေမဲ့ သူ့ စိတ်ထဲ ဘာရှိလဲဆိုတာတော့ ဘယ်သူမှအတတ်မသိနိုင်ဘူးပေါ့''

ရွှေရည့်စကားအဆုံး ရောင်နီ ဘာမှပြန်မပြောဖြစ်တော့ ဘဲ သူ့အကြောင်းတွေကို ငြိမ်သက်စဉ်းစားနေမိသည်။

ဘယ်လိုပဲဖြစ်ဖြစ် ရောင်နီ့အတွက်တော့ လင်းထင်သူရ ဆိုတာ တကယ်ချစ်ဖို့ကောင်းတဲ့ ကောင်လေးတစ်ယောက်သာ ဖြစ်နိုင်ပါသည်။

ဂုဏ်ဂုဏ်ဂုဏ်



## အခန်း (၁၁)

''မဟုတ်ဘူးနော် မောင်၊ အဲလိုမဟုတ်ဘူး''

ဆံပင်တွေ ဖရိုဖရဲ ပွကုန်သည်အထိ ခေါင်းကိုတယ်ညာ ရမ်းရင်း ပြောလိုက်သော ရောင်နီ့စကားသံအဆုံး မောင်က ကျွတ် ခနဲစုတ်သပ်လျက် ခပ်တိုးတိုးရယ်လေသည်။

''ဘာလို့မဟုတ်ရမှာလဲ အစ်မရယ်။ အချစ်ဆိုတာ ဘဝ ရဲ့အခန်းကဏ္ဍပေါင်းများစွာထဲက အစိတ်အပိုင်းတစ်ခု၊ အရေး မပါဘူးလို့ပြောတာမဟုတ်ဘူးနော်။ ဒါပေမဲ့ သူက အရေးအကြီး ဆုံးလည်းမဟုတ်ဘူး။ ဥပမာပြောမယ်ကွာ, လူတစ်ယောက် ကျန်း မာရေးမကောင်းလို့ အရေးပေါ်သွေးလိုအပ်တယ်ပဲ ဆိုပါတော့၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ အရေးကြီးနေတာ နေကောင်းဖို့အတွက်ပဲ၊ အဓိက အကျဆုံးက ကျန်းမာရေးဖြစ်မနေဘူးလား။ အဲလိုပဲ စားဝတ်နေရေး အကျပ်အတည်းဖြစ်နေတဲ့ လူတစ်ယောက်အတွက်လည်း ငွေကြေးက အဓိကပဲ။ ကဲ. . . ဘယ်မှာလဲ အချစ်''

''မသိဘူးကွာ၊ ကိုယ်သိတာတော့ လူတိုင်း အချစ်နဲ့ မကင်းနိုင်ဘူး။ ဆင်းရဲချမ်းသာ လူတန်းစားမျိုးစုံ တစ်ချိန်ချိန်မှာ မလွဲမသွေကြုံရမှာ သေခြင်းတရားပြီးရင် ဒုတိယက အချစ်ပဲ။ ဒီတော့ ဘဝမှာ အချစ်က အရေးအကြီးဆုံးကဏ္ဍက ပါဝင်နေတယ်။ မောင်မယုံရင် ကမ္ဘာမှာရော မြန်မာမှာပါ သမိုင်းတွေ ပြန်ကြည့်ဦး။ အချစ်က အရာရာကိုပြောင်းလဲစေနိုင်တယ်၊ ပျက်စီးဂစနိုင်တယ်။ အဲဒါ အချစ်ရဲ့တန်ခိုးကြောင့်မဟုတ်လား''

''အဲဒါက တစ်ရာမှာ တစ်ယောက်ပါ အစ်မရယ်။ အခုခေတ်မှာဆို လူတစ်ရာမှာ ကိုးဆယ့်ကိုးယောက်က ဘဝအတွက် တိုးတက်ရာတိုးတက်ကြောင်းကိုပဲ ဦးစားပေးနေကြရတာ။ တော်တော်ရူးလွန်းတဲ့သူတွေမှသာ အချစ်ကို အသည်းအသန်ကိုးကွယ်ကြတာ။ ဒါလည်း တော်တော့်ကိုရှားသွားပါပြီ''

သူ့စကားအဆုံး ရောင်နီ့မျက်နှာက ဖျတ်ခနဲ ညှိုမှောင်သွားသည်။ သူမမျက်နှာအပြောင်းအလဲကို သူကတော့ လုံးဝ





ရိပ်မိပုံမပေါ်ချေ။

''ဒါတော့ မောင် သိပ်ကိုတရားလွန်သွားပြီ။ ကိုယ့်ချစ်သူရှေ့မှာ အချစ်ကိုကိုးကွယ်တာ အရူးလို့ပြောတာ ဘယ်လောက်ဆိုးလဲ။ မောင်သိရဲ့လား''

''ဟင်. . .''

ရောင်နီ့စကားကြောင့် သူက မျက်မှောင်ကြုတ်ရင်း ထုံပေပေ ပြန်ကြည့်လေသည်။

''မောင့်ကိုပြောနေတာ. . . မောင့်စကားတွေက ဘာ အဓိပ္ပာယ်လဲ။ ဒါဆို မောင်က အချစ်ကိုမယုံတဲ့ ရုပ်ဝါဒီသမား သက်သက်ပဲပေါ့။ ဟုတ်လား''

ဒေါနှင့်မောနှင့် ရန်တွေ့လိုက်သော ရောင်နီ့စကားအဆုံး သူက စုကျုံ့ထားသောမျက်ခုံးနှစ်ဖက်ကို ဖြည်းဖြည်းချင်းဖြည်ချပစ်လိုက်ပြီး ရောင်နီ့ကိုနားမလည်သလို ကြည့်နေကာ အတန်ကြာမှ ဟက်ခနဲရယ်ချကာ. . .

''ဟာ. . . ဘာများလဲလို့ကွာ၊ အစ်မက တကယ့်ကလေးလေး ကျနေတာပဲ။ အခု မောင်တို့က Debate လုပ်နေကြတာလေ။ ဒီလိုပဲ ကိုယ်သိထားတဲ့ဗဟုသုတတွေ ရှာဖွေပြီး မနိုင်နိုင်ရာ ပြောနေကြတာပဲဟာ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ကိုယ့်ယုံကြည်ချက်ကို ရှေ့တန်းတင်ပြီး ကိုယ်ပိုင်အာဘော်နဲ့ပြောနေကြတာပဲ မဟုတ်ဘူးလား။ မနိုင်နိုင်ရာပြောလည်း တခြားအကျိုးအကြောင်းနဲ့ပြောပေါ့။ ဘာလို့ အဲ့လိုပြောရတာလဲ"

"ဟား. . . တကယ်ပဲကွာ၊ မှားပါတယ် ဒေါ်နေရောင်နီ၊ ခင်ဗျားပဲ ဒီကိစ္စကို စလိုက်တာ။ ပြီးတော့ သူပဲ မကျေမနပ်တွေ ထဖြစ်တယ်။ တော်ပြီ, ဒီနေရာမှာပဲ ရပ်လိုက်စို့။ နော်. . . အဲ့ အကြောင်း ထပ်မပြောတော့ဘူး"

ရောင်နီ နှုတ်ခမ်းကို တင်းခနဲ ဖိကိုက်ပစ်လိုက်သည်။ ချစ်သူချင်း ဒီအကြောင်းမပြောလို့ ဘယ်ကမ္ဘာ့အရေး စီးပွားရေးတွေ ဆွေးနွေးနေရမှာလဲ။

လင်းထင်ဟာ သူ့အတွက်ချည်းပဲ။

"ဟိတ်!. . . အဲဒါ ဘာဖြစ်သွားတာလဲ ဒေါ်နေရောင်နီ။ ကျွန်တော်က ချော့တာ သိပ်ဝါသနာမပါဘူးနော်"

"ကိုယ်ကလည်း စိတ်ကောက်တာ ဝါသနာမပါပါဘူးနော်။ ဘာလဲ, စိတ်ကောက်သွားပြီထင်လို့လား။ လုံးဝပဲ"

သူမစကားကြောင့် လင်းထင်က သဘောကျစွာရယ်ရင်း သူမမေးဖျားလေးကို ဆွဲဖျစ်လိုက်ကာ. . .





"အဲဒါတွေချစ်ဖို့ကောင်းတာ၊ ကျွန်တော်က မိန်းမဆန်လွန်းတဲ့မိန်းမတွေကို သိပ်မုန်းတာ။ လှတာမလှတာကိုပြောတာ မဟုတ်ဘူး။ စိတ်ကောက်တာတို့ ရန်ထောင်တာတို့ အတင်းပြောတာတို့ အဲလိုစရိုက်တွေကို မကြိုက်တာဘဲ"

ဟု နားနားကပ်လျက် တိုးရှုရှုလေး ပြောလိုက်လေ၏။ မကျေမနပ်ဖြစ်နေတဲ့ ရောင်နီ့စိတ်တွေက တကယ်တမ်း ပြဿနာ အရင်းအမြစ်ကို တိတိကျကျ ရှင်းပေးတာမဟုတ်သော သူ့ရဲ့ လေပြည်ထိုးစကားလေးကြောင့် ချက်ချင်း ပျောင်းနွဲ့ နူးညံ့လာလေတော့သည်။

သူ တကယ်ပဲ အချစ်ကို ယုံသလား မယုံဘူးလားဆိုတာတွေ မေးဖို့လည်း သတိမရနိုင်တော့ပါ။

"ကဲ, နားထောင်၊ မောင်ပြောပြမယ်"

"အဟင်း"

"ဘာရယ်တာလဲ"

"ဘာမှမရယ်ပါဘူး"

သူ့ကိုယ်သူ မောင်လို့သုံးနှုန်းလိုက်တာကို ရယ်တာဖြစ်ပေမယ့် ရောင်နီ့နှုတ်က ဖွင့်ဟထုတ်ဖော်ပြီး မလျှောင်ပြောင်ရက်လောက်အောင် ဒီကောင်ကလေးကို သူမ လေးစားမြတ်နိုးရပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"သိပါတယ်၊ ကျွန်တော့်ကိုယ်ကျွန်တော် မောင်လို့ပြော တာကို ရယ်တာမှတ်လား။ ရယ်ပါ. . . ရယ်စရာလို့ထင်နေတယ် မှတ်လား"

"အိုး. . . မဟုတ်တာ၊ ကိုယ်ရယ်တယ်ဆိုတာ မောင့် ကို လှောင်ပြောင်လိုတဲ့သဘောနဲ့ ရယ်တာမှမဟုတ်ဘဲ။ မောင် ပြောပုံလေးကို သဘောကျမိလို့ တကယ့်ကိုချစ်စနိုးဖြစ်သွားတာ"

ရောင်နီ့စကားကို ယုံလားမယုံလားတော့မသိ။ လင်း ထင်မျက်နှာက ပြုံးရိပ်တွေပျောက်ပြီး ခပ်တည်တည် အေးစက် စက်ဖြစ်သွားသည်။

"ကျွန်တော်ကြားဖူးတဲ့အချစ်အဓိပ္ပာယ်ကို ပြောပြမလို့။ အချစ်ဆိုတာ L.O.V.E ဆိုတဲ့စာလုံးလေးတွေနဲ့ ဖွဲ့စည်းထားတာ မှတ်လား။ အဲဒီစာလုံးလေးတစ်ခုချင်းစီမှာ အဓိပ္ပာယ်တစ်ခုစီ ရှိ တယ်တဲ့"

"ဟုတ်လား. စိတ်ဝင်စားစရာပဲ။ ကိုယ်လည်း ကြားဖူး တယ်။ ဒါပေမဲ့ အဓိပ္ပာယ်ဖွင့်ဆိုပုံချင်းကတော့ တူချင်မှတူမှာဆို တော့ မောင် အရင်ပြောကြည့်လေ"

"LOVE ဆိုတဲ့ L က Light (အလင်းရောင်)တဲ့။ O





က Oasis (အိုအေစစ်)တဲ့။ V ကကျတော့ Verse (လင်္ကာ)တဲ့။ E ကတော့ Evermore (ထာဝရ) တဲ့"

လင်းထင်ပြောတာတွေကို ငြိမ်သက်နားထောင်ပြီး သူမ ကျေကျေနပ်နပ်ပင် ပြုံးလိုက်မိပါသည်။

"ဒါဆို ကိုယ်သိထားတာနဲ့ မတူဘူးပေါ့။ ကိုယ်ကြား ဖူးတဲ့ LOVE ရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်က တစ်မျိုး။ L က Loyal (သစ္စာရှိခြင်း)၊ O က Obsequious (နာခံတတ်သော)၊ V က Valiant (ရဲဝံ့သော)၊ E က Endurable (သည်းခံနိုင်သော)တဲ့။ ဘယ်လိုလဲ. . . ပိုပြီးမလေးနက်ဘူးလား"

"ကျွန်တော့်အဓိပ္ပာယ်တွေကလည်း လှတာပါပဲ"

"အိုကေ! ကိုယ်တို့နှစ်ယောက်လုံးရဲ့ အဓိပ္ပာယ်တွေက ပြည့်စုံလေးနက်တယ်။ တော်ပြီ. . . ခုနလို စကားနိုင်မလုကြေး နော်"

သူက ရောင်နီ့လက်ကလေးကို တင်းတင်းဆုပ်ရင်း ဆတ် ခနဲခေါင်းညိတ်ပြသည်။

ပြုံးနေပေမယ့် အလျှော့မပေးလိုတဲ့အရိပ်အယောင်တွေ ကတော့ သူ့မျက်နှာမှာ အထင်းသားပင်။

ရောင်နီ စိတ်လေးလေးနှင့်ပင် သက်ပြင်းကို အသံတိတ်



www.burmeseclassic.com

www.burmeseclassic.com



ကျိုတ်ချလိုက်မိပါသည်။

ဘာပဲဖြစ်ဖြစ် ကိုယ်က သူ့ထက် အသက်ကြီးတာပဲ။ သည်းခံလိုက်စမ်း. . . နေရောင်နီ။

အသက်ထက်ချစ်ရတဲ့ ချစ်သူပဲ။ ဒီလောက်တော့ သည်းခံ ခွင့်လွှတ်ရမှာပေါ့။

ဂျူဂျူဂျူ



## အခန်း (၁၂)

ရောင်နီ အံကြိတ်ထားသည့်ကြားမှ မျက်ရည်တွေက ပေါက်ခနဲ ပေါက်ခနဲ ကျလာသည်။ သူမကိုကြည့်ပြီး ရွှေရည်လည်း ခြေမကိုင်မိ လက်မကိုင်မိ ဖျာယာခတ်နေတော့၏။

"ရောင်နီ၊ သက်သာရဲ့လားဟင်. . . အဲဒါ သွားကိုက်ပျောက်ဆေးတော့ မဟုတ်ဘူး။ အကိုက်အခဲပျောက်တယ်ဆိုလို့ တိုက်လိုက်တာ"

ရောင်နီ ခေါင်းညိတ်ခေါင်းခါပင် မလုပ်နိုင်တော့ပါ။ တကယ်လည်း နာနေတာ သက်သာမသွားတာမို့ ဘာမှမဖြေဘဲ မိုတ်ကြိတ်ပြီး မျက်ရည်သာ တွင်တွင်ကျနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရောင်နီ့, ဖြစ်ပါ့မလား။ ဒီအတိုင်းဆို ဆေးခန်းသွားမှ ထင်တယ်။ ခုမှ ဆယ်နာရီပဲရှိသေးတယ်။ ဆေးခန်းသွားလိုက် ရအောင်"

ရောင်နီ ခေါင်းကို ခပ်လေးလေး ခါပြလိုက်သည်။

"ဟင့်အင်း. . . ဆေးခန်းသွားလည်း ကိုက်နေတဲ့သွား ကို နှုတ်ပေးမှာမှမဟုတ်တာ။ ဆေးပဲ သောက်ခိုင်းမှာ။ ငါတော့ ဒီသွားကို ချက်ချင်းရိုက်ချိုးပစ်ချင်တယ်"

"ဟာ. . . နင်ကလည်း မဟုတ်တာဟာ။ ဒုက္ခပဲ, ငါ ဘယ်လိုလုပ်ပေးရမလဲ။ ဟို, ဆားနဲ့ရေနွေးတွေ စိမ်ထားတာ ငုံ လိုက်ပါလား။ အဲဒါသက်သာတယ်"

"မရဘူး။ ဘယ်နားက နာနေမှန်းကိုမသိတော့တာ။ ငါ ခေါင်းတွေပါ ကိုက်လာပြီ"

"စိတ်ညစ်ပါတယ် ရောင်နီရယ်။ သွားကိုက်တာ ခံရခိုး တယ်ဟ။ နင် ဆေးသောက်ပြီး အိပ်ပျော်အောင် အိပ်လိုက်ပါ လား။ အိပ်ပျော်သွားရင် သက်သာမယ်ထင်တယ်"

"နာနေပါတယ်ဆိုမှ ဘယ်လိုလုပ် အိပ်ပျော်မှာလဲ။ အား! သေပါပြီ၊ ဇက်ကြောတွေပါ ထိုးလာသလိုပဲ"

ရောင်နီက ပါးဖောင်းဖောင်းလေးကို လက်ဖဝါးနှင့် ဖိ





ကပ်ပြီး ခေါင်းလေးစောင်းကာ အသည်းအသန် အော်ညည်းနေ တာမို့ ဘေးမှာ မျက်လုံးပြူးနှင့် ငုတ်တုပ်ထိုင်နေရှာသောရွှေရည့် ခမျာ ဘာမှလည်း လုပ်မပေးတတ်နှင့် ဒုက္ခလှလှ တွေ့နေတော့ သည်။

"ရောင်နီ့, ဒီအတိုင်းဆို တစ်ညလုံး နင် အော်နေရမှာ။ ဘာလုပ်ပေးရမလဲဟင်"

ဘာလုပ်ပေးရမလဲဟင် ဟူသောစကားကိုသာ တွင်တွင် ပြောလျက် သူ့မဘေးမှာ ခြေမကိုင်မိလက်မကိုင်မိ ပျာယာခတ် နေရှာသောရွှေရည့်ကိုကြည့်ပြီး ရောင်နီ စိတ်လည်းညစ်၊ အား လည်း နာလာမိသည်။

သူဖြစ်ချင်တာ အမှန်အတိုင်းပြောလိုက်လျှင် လူမမာကို စေတနာပျက်သွားမလားမဆိုနိုင်။ ဒါပေမဲ့ စိတ်ထဲက တောင့်တ မိတာကတော့ ထိုအတိုင်းပင်။

"ရွှေရည်"

"ဟင်. . . ပြော, ရောင်နီ၊ ဘာလုပ်ပေးရမလဲ"

"မောင့်ကိုခေါ်ပေး"

"မြတ်စွာဘုရား"

ရွှေရည်က ရင်ဘတ်ကို လက်နှစ်ဖက်နှင့်ဖိလျက် မျက်



www.burmeseclassic.com

www.burmeseclassic.com



လုံးပြူးကာ တအံ့တသြရေရွတ်လေသည်။

"မောင့်ကိုတွေ့ရင် သက်သာမယ်ထင်တာပဲ"

သွားကိုက်နေတာမို့ ပါးစပ်လည်း ကောင်းကောင်းမဖွင့်နိုင်သည့်ရောင်နီရဲ့ညောင်နာနာအသံလေးကို ရွှေရည် ခုန သနားမိသလောက် ခုတော့ ထထုပစ်ချင်စိတ်ပင် ပေါက်လာရသည်။

"ဒီအချိန်ကြီး ငါက လင်းထင်ကိုခေါ်ပေးရမယ်၊ ဟုတ်လား"

"သူ မအိပ်သေးပါဘူးဟယ်၊ ဒီအချိန် စာကျက်နေဦးမှာ။ ခေါ်ပေးနော်"

"ဟင်း. . . စိတ်နဲ့ငါနဲ့ ညစ်လိုက်တာ ရောင်နီရယ်။ နင့်ရောဂါက ရိုးမှရိုးရဲ့လား။ ရည်းစားနဲ့တွေ့ချင်လို့ မူယာမာယာတွေ များနေတာလားမသိဘူး။ အေး, ခဏနေဦး။ ငါသွားကြည့်လိုက်ဦးမယ်"

ပြောပြောဆိုဆို ရွှေရည်က သူမဘေးမှ သုတ်ခနဲထွက်သွားသည်။ နာနေတာက သပ်သပ်၊ ဝမ်းသာစိတ်ကြောင့် ပျော်ရွှင်ရင်ခုန်မိတာက သပ်သပ်ပင်။

မိဝေးဖဝေးနဲ့ တစ်ယောက်တည်း အားငယ်နေရသူပါ မောင်ရယ်၊ ဒီလိုဝေဒနာတစ်ခုခု ခံစားနေရချိန်မှာ ပထမဆုံးမျှော်





လင့်အားကိုးမိသူဟာ ကိုယ့်ရဲ့တစ်ခုတည်းသော ချစ်သူမောင်ပါ။ မောင် အပြေးလာခဲ့ပါနော်။

"ရောင်နီ"

"ဟင်"

ရွှေရည့်ခေါ်သံကြောင့် သူမ အားတက်သရော မော့ကြည့်လိုက်သည်။

"ခေါ်ထားတယ်၊ လာခဲ့မယ်တဲ့၊ သွားကိုက်ပျောက်ဆေးသွားတောင်းဦးမယ်ပြောတာပဲ။ ညဆယ်နာရီလောက်ရှိမှ ဘယ်သွားတောင်းမလဲမသိဘူး"

ရောင်နီ့စိတ်ထဲ ဝမ်းသာတာလိုလို၊ ဝမ်းနည်းတာလိုလိုဖြစ်လာပြီး မျက်ရည်တွေ တလိမ့်လိမ့် စီးကျလာတော့သည်။

"ဟဲ့,ဟဲ့. . . အဲဒါဘာဖြစ်တာလဲ၊ လာခဲ့ပါမယ်ဆိုတဲ့ဟာကို"

"ငါ. . .ငါဝမ်းသာလို့ပါ ရွှေရည်ရယ်။ ရင်ထဲမှာ တစ်မျိုးကြီးခံစားရတယ်ဟာ။ ဟို့ နင်သွားပြောတော့ သူ့ပုံစံက ဘယ်လိုဖြစ်သွားလဲဟင်"

"ရုတ်တရက်ဆိုတော့ အံ့သြသွားတာပေါ့ဟဲ့။ နင့်ကိုစိတ်ပူတဲ့ပုံ ပေါက်ပါတယ်ဟယ်။ ချက်ချင်းထသွားတာ ပျာနေ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ''

ရောင်နီ့ရင်ထဲ ငြိမ့်ခနဲဖြစ်သွားရသည်။ သူဟာ တကယ်ပဲ ရောင်နီ့ကို ဂရုတစိုက်ရှိတာပါလားဆိုတဲ့အသိလောက် ကြည်နူးပီတိဖြစ်စေတာမရှိ။

ကိုယ့်ချစ်သူရဲ့အကြင်နာ၊ အပြုစု အယုအယဟာ တခြားဆေးတွေထက် ပိုပြီးအစွမ်းထက်မှာ ကေန်ပါပဲ။

''မရွှေရည်. . . အစ်မ''

''ဟော. . . သူလာပြီထင်တယ်၊ ငါ တံခါးသွားဖွင့်ပေးလိုက်ဦးမယ်''

အိမ်ရှေ့က ခေါ်သံကြောင့် ရွှေရည်က အပြေးကလေးထထွက်သွားသည်။ ရောင်နီ ရင်တဒိတ်ဒိတ်ခုန်ရင်း သူရောက်အလာကို စောင့်မျှော်နေလိုက်မိ၏။ ခဏအကြာမှာတော့ သူမမျက်နှာမူရာ အခန်းတံခါးဝမှာ သူ့အရိပ်လေး ပေါ်လာတော့သည်။

သူ့နောက်မှာ ပါလာတာက ရွှေရည်။

''လင်းထင်, ဝင်လေ၊ ရတယ် ဝင်ပါ။ အားမနာပါနဲ့''

ထိုအခါမှပင် ကိုယ်က အိပ်ရာပေါ်မှာပါလားဆိုတဲ့အသိကြောင့် ရောင်နီ့မျက်နှာလေး ရှိန်းခနဲပူနွေးသွားရသည်။ သူက ရောင်နီ့ကုတင်ဘေးကခုံမှာ မရဲတရဲဝင်ထိုင်ရင်း. . .





''ဘယ်လိုဖြစ်တာလဲ၊ အခုထိ နာနေတုန်းပဲလား''

ဟု တိုးတိုးလေး မေးပါသည်။

ရောင်နီ ခေါင်းကိုသာ ခပ်သွက်သွက်ညိတ်မိသည်။ ရင်တွေ အခုန်မြန်နေတာမို့ မီးရောင်အောက်က သူ့မျက်နှာသန့်သန့်လေးကို အနီးကပ်မော့မကြည့်ရဲ။

''ဟဲ့, ခဏလေးနော်၊ ငါ ရေသွားခပ်လိုက်ဦးမယ်''

''ရတယ် မရွှေရည်၊ ဒါသောက်ဆေးမဟုတ်ဘူး။ ရေမလိုပါဘူး''

လင်းထင်စကားမဆုံးခင် ရွှေရည်က အခန်းထဲမှ လှစ်ခနဲ ပြေးထွက်သွားတော့သည်။ တမင်ရှောင်ပေးမှန်းသိနေတာမို့ နှစ်ယောက်လုံး မနေတတ် မထိုင်တတ်ဖြစ်နေမိ၏။

''ရော့. . . ဒီမှာ အဲဒါကို ကိုက်နေတဲ့သွားနဲ့ဖိပြီး ငုံထားလိုက်။ ခဏနေတာနဲ့ သက်သာသွားမှာ''

လင်းထင်က သူမလက်ဖဝါးလေးကို ဆွဲယူဖြန့်ရင်း သူယူလာသောအရာလေးတွေကို ထည့်ပေးသည်။

''ဒါ ဘာလဲဟင်''

''လေးညှင်းပွင့်လေ၊ ကွမ်းယာဆိုင်က သွားတောင်းလာတာ။ ဆိုင်သိမ်းပြီး အိပ်နေပြီ၊ အားနာနာနဲ့ပဲ နှိုးတောင်းခဲ့ရတာ''



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲနော် မောင်၊ မောင့်ကိုအားနာလိုက်တာ"

ရောင်နီ့စကားကြောင့် မောင်ကပြုံးရင်း ရောင်နီ့နဖူးပေါ်က ဆံစလေးတွေကို တယုတယ သပ်တင်ပေးသည်။

"ရပါတယ် အစ်မရယ်၊ ချစ်သူချင်း ဘာအကြောင်းနဲ့မှ ကျေးဇူးတင်ဖို့မလိုပါဘူး။ အစ်မအခုလိုဖြစ်တော့ မောင်ဘယ်လောက်စိုးရိမ်သွားတယ်မှတ်လဲ"

"အဲဒါတွေကြောင့် ကျေးဇူးတင်ရတာပေါ့၊ ပြီးတော့ မောင့်မျက်နှာကိုမြင်လိုက်ရတာ ရောဂါတစ်ဝက်မက သက်သာသွားတယ်။ ဒီလိုသာ အမြဲဂရုစိုက်မယ်ဆို ကိုယ်တစ်သက်လုံး အိပ်ရာထဲမှာသာ လဲနေချင်တော့တာပဲ"

"ဟာ! မဟုတ်တာတွေ မပြောပါနဲ့။ တစ်သက်လုံး အိပ်ရာထဲ လဲနေမှတော့ စိတ်ချမ်းသာရပါတော့မလား အစ်မရယ်"

"ဘာလဲ၊ မောင်က လူမမာကြီးဆိုပြီး မပြုစုချင်ဘူးပေါ့ ဟုတ်လား"

သူမစကားကြောင့် မောင်က ခပ်တိုးတိုးရယ်ရင်း ရောင်နီ့ဆံပင်တွေကို ဖွပစ်ကာ...

"Please!... ရန်မဖြစ်ချင်ဘူး အစ်မရယ်။ နေလည်း ကောင်းတာမဟုတ်ဘဲနဲ့။ ကျွန်တော် သွားတော့မယ်နော်။ နောက်





သွား မကိုက်နဲ့သိလား။ ကိုယ့်ဘာသာ အေးဆေးနေ"

"မောင်နော်၊ ကိုယ့်ကို ခွေးနဲ့နှိုင်းတာလား"

"စတာပါကွာ၊ ကဲ... မောင်ပြန်တော့မယ်"

လေးညှင်းပွင့်ကလေးတွေကို ထည့်ပြီး ဖိဆုပ်ထားတဲ့ ရောင်နီ့ညာလက်ကလေးကို အပေါ်က အုပ်မိုးဆုပ်ကိုင်ထားသော မောင့်လက်ကလေး ကွာသွားတော့ ရောင်နီ့ရင်ထဲ လှပ်ခနဲလစ်ဟာသွားရသည်။

"မောင်"

နေရာမှထဖို့ အရှိန်ယူနေသောမောင်က ရောင်နီ့ကို ဆတ်ခနဲလှည့်ကြည့်သည်။

ရောင်နီ မောင့်မျက်ဝန်းတွေကို မော့ကြည့်ရင်း ငိုချင်လာသည်။ အဝေးကြီးကိုထွက်သွားမှာမဟုတ်မှန်း သိသိနဲ့တောင် ဝမ်းနည်းလိုက်ရတာ မောင်ရယ်။

ကိုယ့်ဘဝထဲကများ အပြီးအပိုင်ထွက်သွားမယ်ဆို ရောင်နီတော့ သည်းခြေပျက်သွားတော့မှာပဲ။

သူမမျက်လုံးတွေကို တစ်ချက်စူးစိုက်ပြန်ကြည့်ပြီး မောင်က သက်ပြင်းဖွဖွရှိုက်သည်။ ထို့နောက် သူ့လက်ဖဝါးနှင့် ရောင်နီ့ပါးပြင်ကို အသာအယာထိကပ်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"May I help you? "

ဟု ခပ်တိုးတိုးပြောပြီး သူမနဖူးကို ငုံ့နမ်းလိုက်လေ၏။

ရောင်နီ မျက်လွှာချရင်း ငြိမ်သက်နေမိသည်။

နူးညံ့သိမ်မွေ့လွန်းတဲ့ အကြင်နာတွေအတွက် ကျေးဇူးကမ္ဘာပါ မောင်။

ကံကြမ္မာကိုသာ ကြိုတင်သိမြင်နိုင်စွမ်း ကိုယ့်မှာ ရှိခဲ့ရင် အဲဒီနေ့ည ဆယ်နာရီ မိနစ်နှစ်ဆယ်တိတိမှာ ရွေ့လျားနေတဲ့ အချိန်ယန္တယားကြီးကို ရပ်တန့်သွားအောင် ကိုယ် ကြိုးစားမှာပါပဲ။

ဂ္ဂာဂ္ဂာဂ္ဂာ

BURMESE CLASSIC .com



## အခန်း (၁၃)

"မင်းညို, ခဏထိုင်ဦးနော်၊ ရေသွားယူလိုက်ဦးမယ်"

ရောင်နီ လက်ထဲက ဖိုင်နှင့်လွယ်အိတ်ကိုချပြီး သောက်ရေခပ်ရန် ထွက်လာခဲ့သည်။

ကျူရှင်ဆင်းချိန်က နေ့လယ်နှစ်နာရီလောက်မို့ အရမ်းပူလောင်နေပြီး ရေတစ်ခွက် အချိန်မီသောက်ဖို့ လိုအပ်ပါသည်။

"ဒီမှာ မရောင်နီ တစ်ယောက်တည်းနေတာလား"

"တစ်ယောက်တည်း ဆိုပါတော့ မင်းညိုရယ်။ ဒါပေမဲ့ တစ်ပတ်မှာ လေးငါးရက်လောက်က ရွှေရည်လာနေပေးတယ်။ ဒါ ရွှေရည်တို့အိမ်လေ။ ရော့, စကားတွေများမနေနဲ့ ရေသောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဦး''

မင်းညိုက ရောင်နီ့ကမ်းပေးသော ရေပန့်ခွက်ကို လှမ်းယူပြီး သောက်လိုက်သည်။ ထို့နောက်. . .

''ဒါနဲ့ မရောင်နီကို မေးရဦးမယ်၊ သက်ထားတို့အမေကြီးကိုကြည့်ရတာ ဘယ်လိုသဘောရလဲဟင်''

''ဘယ်လိုမှသဘောမရပါဘူး''

''ဘာဖြစ်လို့လဲ''

''ကိုယ်နဲ့တွေ့မှမတွေ့ခဲ့ရတာ''

''ဩော်''

BURMESE CLASSIC .com

မင်းညို တစ်ခုခုကိုနားလည်သွားသလို ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

''ဘာမှမပူပါနဲ့ဟယ်၊ အားလုံးအဆင်ပြေသွားမှာပါ။ သက်ထားပြောပုံအရဆို သူ့အဖေအမေတွေက သဘောကောင်းတယ်ထင်ပါတယ်။ စိတ်ချ. . . စာမေးပွဲနောက်ဆုံးနေ့ လျှောက်လည်ရင် သူ ပါကိုပါစေရမယ်''

ရောင်နီ့စကားအဆုံး မင်းညိုက သက်ပြင်းတစ်ချက်ချလိုက်ကာ. . .

''သူ့အမေကြီးနဲ့ လှည်းတန်းဈေးထဲမှာ. . . သွားတိုး





ကတည်းက သက်ထားက ကျွန်တော့်ကို ခပ်ရှောင်ရှောင်လုပ်နေတာ။ ဒီနေ့ မရောင်နီ သွားတွေ့တော့ ဘာပြောလိုက်သေးလဲ''

''ရှောင်တာမဟုတ်ပါဘူး မင်းညိုရယ်၊ သူ့အိမ်က လုံးဝအလစ်မပေးလို့ မတွေ့ရတာပါ။ အခုလည်း အိမ်မှာ ဆရာမနဲ့စာသင်တာတောင် မျက်ခြည်မပြတ်စောင့်ကြည့်နေတာတဲ့၊ လမ်းထိပ်တောင် မထွက်ရဘူးဆိုပဲ''

မင်းညိုက ခေါင်းကို တဖျင်းဖျင်းကုပ်လျက် ညောင်နာနာလေသံလေးနှင့်. . .

''သေတောင် သေချင်တယ် မရောင်နီရယ်။ သူ့ဖုန်းလည်း အသိမ်းခံထားရတယ်ထင်တယ်။ ဘာလုပ်ရမှန်းကို မသိတော့ဘူး။ စာမေးပွဲရက်တောင် အစောင့်အကြပ်တွေနဲ့ လာမှာလားမသိဘူး''

ဟုပြောလိုက်လေသည်။

ရောင်နီ နောက်ထပ် ရေတစ်ခွက်ကို ထပ်ငှဲ့ပြီး မော့သောက်ချလိုက်ကာ. . .

''တော်ပါတော့ မင်းညိုရယ်၊ ကားနဲ့လိုက်ပို့တာ ကျေးဇူးတင်ပါတယ်။ သက်ထားနဲ့ကိစ္စကိုလည်း အစအဆုံးကူညီပါ့မယ်။ နော်. . . အဲလောက် ညည်းမပြပါနဲ့တော့။ လူစင်စစ်တ



www.burmeseclassic.com

www.burmeseclassic.com



နေ နိုဖြစ်သွားတော့မှာပဲ''

''ဟားဟား. . . နိုတော့ မဖြစ်ပါရစေနဲ့ မရောင်နီရယ်။ လူဖြစ်နေရတာတောင် ဒီလောက်ဒုက္ခများနေတာ''

''အေး, သိရင်ပြီးတာပဲ၊ တစ်ခါတလေလည်း ရယ်စမ်းပါဦး''

ရောင်နီ့စကားကြောင့် မင်းညိုက လှမ်းကြည့်ပြီး တဟားဟား ထရယ်သည်။

''ဟား ဟား ဟား ဟား''

''ဟင်း ဟင်း ဟင်း''

နှစ်ယောက်လုံး တစ်ယောက်အဖြစ်ကို တစ်ယောက် သဘောကျပြီး ရယ်လို့မဆုံးနိုင်တော့ချေ။

''တော်ပြီ တော်ပြီ၊ ရယ်ဆိုတော့လည်း မဆုံးတော့ဘူး။ အူတွေပြတ်ကုန်တော့မယ်''

ရောင်နီက ရယ်သံတစ်ဝက်နှင့် သတိပေးတော့မှ မင်းညိုက ပြုံးစစနှင့် တဖြည်းဖြည်း မျက်နှာပိုးသတ်သွား၏။

''မဟုတ်ဘူး, ရောင်နီ့မှာ ပါဝါတစ်မျိုးရှိတယ်ထင်တယ်၊ မျက်လှည့်ပြလိုက်သလိုပဲ၊ ရယ်ဆိုတာနဲ့ ရင်ထဲက တလှိုက်လှိုက် ရယ်ချင်လာတာ''





''ဒါဆို ကိုယ်လည်း ဘာဖြစ်သွားမှန်းမသိဘူး။ မင်းညို ရယ်တာနဲ့ လိုက်ရယ်ချင်သွားတာပဲ''

သူမစကားအဆုံး နှစ်ယောက်လုံး တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ရယ်မိကြပြန်သည်။

''မရောင်နီက တကယ်ပဲ အလိုလိုနေရင်း Joke တွေ ဖြစ်နေတာနော်။ ကျွန်တော်တောင် စိတ်ညစ်တာ တစ်ဝက်လျော့သွားတယ်''

''ကိုယ့်ကြောင့် လူတစ်ယောက် စိတ်ချမ်းသာသွားတာ ကောင်းတာပေါ့။ ကိုယ်က အဲလို ပွင့်ပွင့်လင်းလင်း လွတ်လွတ် လပ်လပ်မှ သဘောကျတာ။ တစ်ခါတလေ ချုပ်ထိန်းထားရတာ ပင်ပန်းတယ်။ ရယ်တာ ကျန်းမာရေးအတွက်လည်း အထောက် အကူပြုတယ်၊ အားရပါးရရယ်လိုက်ရင် အကြောအချဉ်တွေ လျော့ ပြီး စိတ်ပေါ့ပါးသွားရော။ ဒါကြောင့် ရယ်သောသူ အသက်ရှည် ၏လို့ ပြောကြတာပေါ့''

''မှတ်ထားပါ့မယ်ဗျာ၊ ကဲ, ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး''

မင်းညိုစကားအဆုံး ရောင်နီက မျက်ခုံးတစ်ချက် ပင့် ရင်း. . .



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အိုး. . . ခွင့်ပြုပါတယ်၊ ခွင့်ပြုပါတယ်။ as you like ပါ။ ဒါနဲ့ စာမေးပွဲအတွက် စာတွေလည်း ဂရုစိုက်ဦးနော်"

"ဟုတ်ကဲ့, ကျေးဇူးပါပဲ မရောင်နီ"

မင်းညိုကို ခြံရှေ့အထိ လိုက်ပို့ပေးပြီး ရောင်နီ အိမ်ဘက် ပြန်လှည့်လာခဲ့သည်။

တစ်ယောက်တည်း အိမ်ပြန်ရောက်လာတော့ တိတ်ဆိတ်ခြောက်ကပ်နေသည်မို့ ဘာလိုအပ်မှန်းမသိ၊ ရင်ထဲ ဟာနေခဲ့သည်။

ရွှေရည်ကလည်း သူ့အမေ နေမကောင်းတာမို့ တစ်နေ့ကတည်းက ပြန်သွားတာ ခုထိပြန်မလာသေးချေ။ နောက်ဆုံးတော့ အမောပြေစရာ တစ်ခုတည်းသော အိုအေစစ်ကလေးကို သွားသတိရမိသည်။

အပေါ်ထပ် စာကြည့်စားပွဲဘေး ပြတင်းတံခါးကိုဖွင့်ဖွင့်ချင်း အံ့ဩရှင်မြူးရိပ်တွေ အမြဲလိုပြည့်နက်နေသော မြတ်နိုးနှစ်သက်ဘွယ်မျက်နှာတစ်ခုကို တွေ့ရလိမ့်မည်။

နီရဲပြီး အနည်းငယ် ထူအမ်းသော နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ပြီး ပြုံးတတ်တဲ့ သူမရဲ့ချစ်စွာသောမောင်။

တည်ကြည်လေးနက်သော မျက်ဝန်းနက်နက်တွေမှာ





ညို့ဓာတ်တွေ ပျော်ဝင်ဖြာလက်နေသည့် ရင်ခုန်ဖွယ်အကြည့်တစ်စုံ. . .။

အရာရာတိုင်းကို အတိုင်းအဆမဲ့ သူမ နှစ်သက် မက်မောပါသည်။

ပြတင်းတံခါးဖွင့်ရင် ပထမဆုံးမြင်ချင်တာ အစ်မရဲ့အရိပ်ကလေးတဲ့။

သူပြောဖူးတဲ့စကားလေးကြောင့် ရောင်နီက စာကြည့်စားပွဲဘေး ထိုင်နေရမှာ အလိုအလျောက် ပြတင်းတံခါးစောင့်နတ်သမီး ဖြစ်ရတော့သည်။

သူ စာသွားသင်ပြီး ပြန်လာတိုင်း ထိုနေရာမှာစောင့်ပြီး ပြုံးပြနှုတ်ဆက်နေကျဖြစ်သလို သူမ ကျူရှင်က ပြန်လာတိုင်းလည်း မပျက်မကွက် အစ္စားဝင်မြဲပင်။ ဒီနေ့တော့ ကျောင်းက သူငယ်ချင်းပါလာတာမို့ ရောက်ရောက်ချင်း သွားမတွေ့နိုင်သေးသည့်အတွက် အမျက်တော်ရှနေဦးမလား မပြောတတ်။

"မောင်"

တံခါးဖွင့်ဖွင့်ချင်း သူ အံ့ဩဝမ်းသာပါစေတော့ရယ်လို့ ခေါ်လိုက်သည့်ရောင်နီ့အသံက နဂိုထက်ပိုပြီး နူးညံ့ချိုသာကာ မြူးပျသွက်လက်လို့နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူကတော့ တစ်ချက်မှ မော့မကြည့်သေးပါ။

"မောင်"

ဒီလောက်အကျယ်ကြီးအော်တာတောင် မောင် မကြားဘူးတဲ့လား။ ပြတင်ပေါက် ဖွင့်ကတည်းက သိနေရမှာကို တစ်ချက်မှမော့မကြည့်တာ ပုံမှန်မှဟုတ်ရဲ့လားလို့ ရောင်နီ သံသယဝင်လာသည်။

"မောင်. . . ခေါ်နေတယ်လေ"

ဒီတစ်ခါ ခေါ်လိုက်တဲ့အသံကတော့ လိုအပ်တာထက်ပိုပြီး စူးရှကျယ်လောင်သွား၏။

လင်းထင်, စာအုပ်ကို ဖျတ်ခနဲပစ်ချပြီး သူမကိုမော့ကြည့်သည်။ ရောင်နီ အလျင်စလို ပြုံးပြလိုက်ပေမယ့် သူ့ရဲ့အကြည့်စိမ်းစိမ်းတွေကြောင့် ထိုအပြုံးလေးက လမ်းတစ်ဝက်မှာပဲ လွင့်စင် ပျောက်ကွယ်သွားရသည်။

"မောင်"

ခေါ်သံတင်မက သူမရဲ့နှုတ်ခမ်းတွေပါ စိုးရိမ်တုန်လှုပ်ခြင်းကြောင့် တဆတ်ဆတ်တုန်လျက် ရှိလေသည်။

စူးရဲစိမ်းပြတ်သော လင်းထင်ရဲ့အကြည့်ထန်ထန်တွေအောက်မှာ ရောင်နီရဲ့နှလုံးသားက ဆုပ်ညှစ်ခံထားရသလို တင်း





ကျပ် နွမ်းလျနေ၏။

"ဘာလို့ ဒီလောက်အသံကျယ်နေတာလဲ ဒေါ်နေရောင်နီ။ ခင်ဗျား မရှက်တတ်ဘူးလား"

"ဟင်!"

ရောင်နီတစ်ကိုယ်လုံး ချောက်နက်ထဲ ပြုတ်ကျသွားသလို အေးစက်မှောင်မိုက်သွားလျက် မျက်လုံးတွေပင် ပြာဝေသွားရသည်။

အခု စကားပြောလိုက်တာ ရောင်နီရဲ့ချစ်သူမှ ဟုတ်ပါလေစ။

"ဒီလောက်နီးနီးလေးကို ဘာကိစ္စ လူကြားမကောင်းအောင် အော်ခေါ်နေတာလဲ"

"မောင်. . . ရမောင်မကြားဘူးထင်လို့ပါ"

ရောင်နီ့အသံက အပြစ်ရှိသည့်ကလေးတစ်ယောက်နှယ် ထစ်ငေါ့တုန်ယင်နေသည်။ လင်းထင်က ကျွတ်ခနဲ စုတ်သပ်ရင်း မျက်နှာကို တစ်ဖက်သို့ ခပ်ငိုက်ငိုက်လွှဲသွားပြီးမှ ပေစောင်းစောင်း ပြန်လှည့်လာကာ. . .

"ကြားတယ်, ခင်ဗျားအသံကို လွန်ခဲ့တဲ့နာရီဝက်လောက်ကတည်းက နားမခံသာအောင် ကြားခဲ့ပြီးသား။ ခင်ဗျားတော်



www.burmeseclassic.com

www.burmeseclassic.com



တော်ပျော်နေတယ်ဟုတ်လား။ ယောကျ်ားလေးတစ်ယောက်နဲ့ အိမ်ထဲမှာ နှစ်ယောက်တည်း ဟီးဟီးဟားဟားလုပ်နေရဲတာ ဘာ သဘောလဲ။ ခင်ဗျားက တကယ့်စရိုက်ပဲ''

ဘယ်လိုများ ပြောလိုက်တာလဲ မောင်ရယ်။

ဒီ့ထက် ရက်စက်ရင့်သီးတဲ့စကား ရှိမှရှိသေးရဲ့လား။ အရင်က စကားကျယ်ကျယ်ပြောမိတိုင်း၊ ရယ်မိတိုင်း မျက်နှာ တည်တည်နဲ့ မာန်မဲဆူခဲ့တာတွေကို ရောင်နီ မက်မောသာယာ ခဲ့လေသမျှ ခုတော့ ရင်နင့်ရပါပြီ။

ကိုယ် ဘယ်လိုဖြေရှင်းရမလဲ. . .

အကြံပေးပါဦးကွယ်. . .

''ခင်ဗျား တော်တော်အနေအထိုင်မတတ်တဲ့မိန်းမပဲ''

လင်းထင်စကားအဆုံး ရောင်နီ့ပါးပေါ် မျက်ရည်တစ်စ က လိမ့်ခနဲဖြတ်စီးသွားသည်။ နေရာမှာ ခွေခနဲ လဲကျမသွား အောင် ပြတင်းဘောင်ကို လက်နဲ့တင်းတင်းဆုပ်ရင်း ငြိမ်သက် နေမိသည်။

စွပ်စွဲလိုက်ပါဦး. . . ဝေဖန်တိုက်ခိုက်ပါဦး. . .

ဒီ့ထက်မက ပြင်းထန်ရက်စက်တဲ့စကားလုံးတွေနဲ့ ထိုး နှက်ပစ်ပေါက်လည်း ခေါင်းငုံ့နေရုံကလွဲပြီး တုန့်ပြန်နိုင်တဲ့အင်





အား မရှိပါဘူး။

''မောင်ကြိုက်သလိုပြောပါ။ ဒါပေမဲ့ ကိုယ့်ရဲ့ကိုယ်ကျင့် သိက္ခာကို ယုံကြည်ပေးပါ။ မောင်ကလွဲပြီး တခြားယောကျ်ား တစ်ယောက်ကို စိတ်နဲ့တောင် မပစ်မှားပါဘူး။ ခုန မောင်တွေ့ လိုက်တာ ကိုယ့်သူငယ်ချင်းရဲ့. . .''

''တော်ပြီ၊ ခင်ဗျားဆီက ဘာဖြေရှင်းချက်မှ မကြားချင် ဘူး။ လေကုန်ခံပြီး ရှင်းပြလို့လည်း စိတ်ပြေသွားမှာ မဟုတ်ဘူး။ စကားတတ်တိုင်း လျှောက်ပြောတဲ့အကျင့်ကို အရှုံးဆုံးပဲ။ ဒီနေ့ စပြီး ကျွန်တော် စ,မခေါ်ဘဲ လာမခေါ်ပါနဲ့၊ နားလည်တယ်နော်''

စကားအဆုံး လင်းထင်က သူ့ဘက်မှပြတင်းတံခါးကို ဆောင့်ခနဲ ပိတ်ချသွားသည်။ ရောင်နီ နေရာမှာတင် အရုပ်ကြိုး ပြတ် ထိုင်ချလိုက်မိသည်။

မျက်ဝန်းမှာ ပူနွေးစိုစွတ်တဲ့အရာတွေက အဆက်မပြတ် စီးဆင်းကျလာသည်။

ဒါ မောင်ပေးတဲ့အချစ်ပဲလား. . .

ခါးလိုက်တာ မောင်ရယ်. . .

ရင်ခွင်တစ်ခုလုံး လှိုင်းတွေ ထန်၊ လေတွေ ကြမ်းပြီး အလွမ်းမုန်တိုင်း သင့်စေတာ အချစ်တဲ့လား. . .



www.burmeseclassic.com

www.burmeseclassic.com



ခါးမှန်းသိပေမယ့် မျိုချခဲ့မိပါပြီ။

အချစ်ဆိုတာ လောင်းကစားဝိုင်းတစ်ခုထဲ ရောက်နေရ သလိုပါပဲ။ ရှုံးနေမှန်းသိသိနဲ့ ပြန်နိုင်လေမလားဆိုတဲ့ လောဘ စိတ်ကြောင့် ဘယ်တော့မှ နှုတ်ထွက်ဖို့ စဉ်းစားမှာမဟုတ်ပါဘူး။ ဒါကို ဘယ်သူတွေကများ မိုက်မဲလှချည်ရဲ့လို့ စွပ်စွဲကြဦးမှာလဲ။

အချစ်ကို ဝဋ်ကြွေးတစ်ခုလို့ အဓိပ္ပာယ်သတ်မှတ်ဖို့တော့ သိပ်ကိုစောလွန်းပါတယ် မောင်ရယ်. . .

ဂျူဂျူဂျူ



အခန်း (၁၄)

"ငါဘာလုပ်ပေးရမလဲ ရောင်နီ"

သူမ ဒုက္ခရောက်လျှင် မေးနေကျစကားကို မေးတတ် သော ရွှေရည့်အသံကြောင့် ခေါင်းမော့ကြည့်ပေမယ့် မျက်ရည် တွေ ပြည့်လျှမ်းနေတာမို့ ရွှေရည့်မျက်နှာကိုပင် သဲသဲကွဲကွဲမမြင် ရ။

တစ်ညလုံး ငိုခဲ့ရတာမို့ နီရဲကျိန်းစပ်နေသည့် မျက်ဝန်း အစုံက ခုထိ မျက်ရည်တွေ အားလျော့မသွားသေး။

အရှိန်အဟုန်ပြင်းစွာ စီးဆင်းဆဲ၊ ကျနေဆဲပင်။

ရောင်နီ မနေ့က စာမေးပွဲပြီးခဲ့ပြီဖြစ်သည်။ နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာဆက်နေဖို့ အစီအစဉ်ရှိပေမယ့် အိမ်က အရေးတကြီးကိစ္စကြောင့် ပြန်ခဲ့ရန်မှာတာမို့ ချက်ချင်း နယ်ပြန်ဖို့ ဖြစ်လာရတော့သည်။

ရန်ကုန်မှာပဲ အလုပ်တစ်ခုရှာပြီး သူနဲ့ နီးနီးစပ်စပ်နေချင်သော်လည်း ရောင်နီ့ဆန္ဒတွေ မပြည့်ဝခဲ့ရရှာ။ နယ်မှာ ဘာအကြောင်းနဲ့ ဘယ်လောက်ကြာကြာ နေရဦးမလဲ မပြောတတ်သေး။

တွေးမိတိုင်း ရောင်နီ ဝမ်းနည်း မျက်ရည်ကျရသည်။ တကယ်တော့ ဒီအကျိုးအကြောင်းတွေ မောင့်ကိုပြောပြပြီး နှုတ်ဆက်ချင်တာ ရောင်နီ့စိတ်ရင်းအမှန်ပါ။

ဒါပေမဲ့ မောင်က သူမကို ခုထိစိတ်မပြေသေးတာမို့ ရောင်နီ ဘယ်လိုမှမခေါ်ရဲသေးပါ။

"နင်တို့နှစ်ယောက်ကလည်း သိပ်ကိုတစ်ဖက်စွန်းရောက်လွန်းပါတယ်ဟာ။ စိတ်ဆိုးတဲ့လူကလည်း နှစ်ပတ်လောက်ရှိပြီပဲ, ပြေသင့်ပြီပေါ့။ နင်ကလည်း စပြီး Foul လုပ်ထားတဲ့သူပဲ။ ချော့သင့်ရင် ချော့လိုက်ပေါ့။ သူက လာမခေါ်နဲ့ဆိုတိုင်း ဒီလိုပဲနေတော့မှာလား။ ခေါ်တော့ရော ဘာဖြစ်လဲ။ ဒါ ပြစ်မှုကျူးလွန်တာမှမဟုတ်တာ။ ကိုယ့်ချစ်သူ ကိုယ်ပြန်ခေါ်တဲ့ကိစ္စပဲ။ အခုလို





မခေါ်ဘဲပြန်သွားရင် သူရောနင်ရော ဘယ်သူ့အတွက်မှမကောင်းနိုင်ဘူး။ နင်က ဟိုမှာ ဘယ်လောက်ကြာမယ်မှန်းလည်း အတိအကျသိတာလည်း မဟုတ်ဘဲနဲ့"

ရွှေရည့်စကားအဆုံး ရောင်နီ့မျက်နှာကို လက်နှစ်ဖက်နှင့်အုပ်ရင်း ရှိုက်ကြီးတငင် ငိုချလိုက်မိသည်။ ရွှေရည်က သူမဘေးမှာ ဝင်ထိုင်ရင်း ပခုံးကိုသိုင်းဖက်လိုက်ကာ. . .

"ငါ ကူညီနိုင်တာဆို ကူညီပါ့မယ် ရောင်နီရယ်။ နင်ခံစားနေရတာကို မကြည့်ရက်လို့ပါ"

"နေပါစေတော့ ရွှေရည်ရယ်၊ ငါ့အကြောင်းနဲ့ငါ ရှိပါစေတော့။ သူ ဒီလောက်နေနိုင်လိမ့်မယ်လို့ လုံးဝထင်မထားဘူး။ ငါ မနေ့က စာမေးပွဲပြီးပြီဆိုတာ သူသိတယ်။ အဲဒါကို. . . အဲဒါကို သူသိရက်နဲ့ဟာ"

"ဒါပေမဲ့ နင်ပြန်မယ်လို့ သူဘယ်ထင်ဦးမှာလဲ။ သူသိအောင် နင်နှုတ်ဆက်မှ သိမှာပေါ့။ နင်မပြောဘဲ ပြန်သွားတော့ သူ ဘယ်စိတ်ကောင်းမှာလဲ"

"ငါ့အတွက် ဝမ်းနည်းတဲ့လူက အဲလိုနေမလား ရွှေရည်ရဲ့။ ဘယ်လောက်တောင် ငါ့အပြစ်က ကြီးမားလွန်းလို့ ဒီလိုရက်စက်ရတာလဲ။ တစ်ရက်မတွေ့ရရင် မနေနိုင်ပါဘူးဆိုတာလည်း



www.burmeseclassic.com

www.burmeseclassic.com



သူပဲ။ အခုပစ်ထားတာလည်း. . . အဟင့်. . . ဟီးဟီး''

ရွှေရည်က သူမကိုကြည့်ရင်း သက်ပြင်းချသည်။

''နင်သွားတာနဲ့ သူ့ကို ငါအကျိုးအကြောင်းပြောလိုက်ပါ့မယ် ရောင်နီရယ်။ နင်လည်း ဖုန်းလေးဘာလေး ဆက်ပေါ့။ ပြီးတော့ နင်အမြန်ဆုံး ပြန်လာခဲ့ပါဟာ။ အခု နင် သူ့ကို စာတွေဘာတွေ ပေးထားခဲ့ချင်ရင် ပေးခဲ့လေ။ ငါ ပေးပေးပါ့မယ်''

သူမ ခေါင်းကို ခပ်လေးလေး ခါလိုက်မိသည်။ ရွှေရည်က သက်ပြင်းတွေ ထပ်ကာထပ်ကာရှိုက်ရင်း ရောင်နီ့လက်လေးကို အတင်းဆုပ်၍ အားပေးနှစ်သိမ့်၏။

''ရွှေရည်''

''ပြော၊ သူငယ်ချင်း၊ ငါဘာလုပ်ပေးရမလဲ''

ရောင်နီ မျက်ရည်တွေ ပွတ်သုတ်ရင်း ပိုက်ဆံအိတ်ထဲက စက္ကူခေါက်ကလေးကို ထုတ်လိုက်သည်။

''ဒါလေးကို နင် သိမ်းထားပေးပါ။ ငါတို့နှစ်ယောက်အတွက် ဒါက အမှတ်တရနဲ့ အဓိပ္ပာယ်အရှိဆုံးပါ။ မောင့်ဆီက ဦးဦးဖျားဖျား ဂရုစိုက်မှု၊ ကြင်နာမှုလေးတွေကို ရခဲ့တဲ့အမှတ်တရနဲ့ ကိုယ်စားပြုအရာတွေကို နင့်ဆီမှာ ထားခဲ့ပါရစေ။ ငါပြန်လာမှ ယူတော့မယ်''





''ဟယ်! မဟုတ်တာ၊ နင် ကိုယ်နဲ့မကွာ ထားတာပဲ။ ယူသွားပါ''

''နင်မသိပါဘူး ရွှေရည်ရယ်။ ဒါတွေကို ထုတ်ကြည့်မိတိုင်း မောင့်ကို ငါလွမ်းနေရမှာ။ အဲဒီအခါတိုင်းလည်း ငိုရဦးမှာ။ နင်သိမ်းထားပေးနော်။ ပြီးတော့ မောင့်ကိုပြောပေးပါ။ ငါပြန်လာခဲ့မယ်လို့''

ရွှေရည်က သူမကမ်းပေးသော စက္ကူခေါက်ကလေးကို ဖြည်ကြည့်ပြီး အထဲက လေးညှင်းပွင့်ကလေးတွေကိုတစ်လှည့် ရောင်နီ့မျက်နှာကိုတစ်လှည့်ကြည့်ပြီး ဘာမှမပြောဘဲ တွေတွေငေးငေးလေး ဖြစ်နေသည်။

ထိုစဉ်ကတော့ အမှတ်တရဆိုတာ ဘာလဲလို့ သူမ သေချာ မဝေခွဲ မဆုံးဖြတ်ရတတ်သလို အတိတ်တို့ နိမိတ်တို့ဆိုတာတွေလည်း မစဉ်းစားမိခဲ့ချေ။

''စိတ်ချပါဟာ၊ ငါပြောဖြစ်အောင် ပြောလိုက်ပါ့မယ်''

သူမစကားကြောင့် ရောင်နီက ကျေနပ်စွာပြုံး၍ နေရာမှ ထရပ်လိုက်လေသည်။

ခရီးဆောင်အိတ်တွေကိုကြည့်ပြီး တစ်ခဏ ငိုင်နေပေမယ့် ချက်ချင်းပြုံးရွှင်လာကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"လူဆိုတာ ဘယ်မှာမှ မတည်မြဲပါဘူးဟာ။ တကယ်တော့ ဟိုဒီသွားတယ်လာတယ်ဆိုတာ ဘာမှမဆန်းပါဘူး။ ငါ အမြန်ဆုံးပြန်လာနိုင်အောင် ကြိုးစားမှာပါ။ မောင်နဲ့လည်း အကြာကြီးမခွဲနိုင်ပါဘူးဟယ်။ ငါပြန်လာမှ ချော့တော့မယ်။ မောင်က ပြောဖူးတယ်။ ချစ်သူတွေဆိုတာ ရန်ဖြစ်လိုက် ပြန်ချစ်လိုက်မှ ပိုပြီးပျော်ဖို့ကောင်းတာတဲ့။ ပြန်တွေ့တော့မှ အတိုးချပြီး ချစ်လိုက်မှာပေါ့နော်။ ကဲ. . . သွားမယ်၊ အိမ်တံခါးကို ငါကိုယ်တိုင် ပိတ်ပါရစေ၊ ပြီးတော့ တစ်ခုတောင်းဆိုချင်သေးတယ်။ စာကြည့်စားပွဲဘေးက ပြတင်းပေါက်ကိုမပိတ်ဘဲ စေ့ရုံစေ့ထားလို့ရရင် စေ့ထားလိုက်ပါလားဟင်၊ မောင်နဲ့ပတ်သက်တဲ့နေရာလေးကို အသေပိတ်လိုက် သိမ်းလိုက်တာမျိုး မလုပ်ချင်လို့ပါ"

ရွှေရည် ခေါင်းကိုသာ ညိတ်ပြလိုက်ပါသည်။

"ရပါတယ်ဟာ၊ အဲ့တံခါးလေးကို နင့်ဆန္ဒအတိုင်း ချက်မချဘဲ စေ့ထားပါ့မယ်။ နင် စိတ်အေးအေးသွားပြီး အမြန်ဆုံးပြန်လာပါ။ နင်ပြန်လာရင် အလုပ်တစ်ခုရအောင် ငါရှာထားလိုက်ပါ့မယ်"

စကားအဆုံး သူမတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အားရပါးရ ပြုံးလိုက်မိကြလေသည်။





ထို့နောက် အဝတ်အစားအိတ်တွေကို တက္ကစီကားပေါ်သို့ တင်လိုက်ပြီး တိတ်ဆိတ်စွာပင် ကားပေါ်တက်ထိုင်လိုက်ကြ၏။

"ဦးလေး, မောင်းလို့ရပါပြီ။ ခရမ်းသုံးခွကားဂိတ်နော်။ အောဘီစီမှတ်တိုင်ကို သိတယ်မှတ်လား"

တက္ကစီဒရိုင်ဘာကြီးက ခေါင်းညိတ်ပြသည်။ ခြံရှေ့မှ ကားလေး မောင်းအထွက် အိမ်ဘက်ကို ရောင်နီ လှမ်းကြည့်ပြီး လက်ပြနှုတ်ဆက်လိုက်၏။

ထိုခဏမှာပဲ မောင်တို့အိမ်ရဲ့ ပြတင်းတံခါးလေးတစ်ချပ် ဖျတ်ခနဲပွင့်ဟလာလေတော့သည်။ မောင်များလားလို့ သိချင်ကြည့်ချင်ပေမယ့် တရိပ်ရိပ်ပြေးနေတဲ့ကားလေးကြောင့် နေအိမ်အဆောက်အဦးတွေကသာ တစတစ ဝေးလွင့်ပျောက်ကျန်ခဲ့တော့၏။

ပြန်လာခဲ့မယ် မောင်. . .

ကိုယ် တကယ်ပြန်လာခဲ့မယ်. . .

ၵၵၵ



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကိုယ် အခုရောက်နေသောအချိန်ကာလနှင့် နေရာဒေသဟာ ဘဝအတွက် အရေးအပါဆုံး အဓိပ္ပာယ်သာဖြစ်လေသည်၊ အနာဂတ်ကို ကြိုမမြင်နိုင်သလို အတိတ်ကို ပြန်မယူနိုင်သည့်အတွက် ပစ္စုပ္ပန်သာလျှင် အဓိကဘဝဖြစ်၏။

အတိတ်တွင် ကောင်းခဲ့သည်ဖြစ်စေ၊ ဆိုးခဲ့သည်ဖြစ်စေ ယခုလက်တလောနှင့် အံဝင်ခွင်ကျမဖြစ်နိုင်တော့ပြီ၊ ထို့ကြောင့်သာလျှင်...



## အခန်း (၁၅)

"ဟိတ်"

ရုတ်တရက် သူမရှေ့ ဘွားခနဲပေါ်လာသော အရိပ်နှင့် အသံကြောင့် အံ့သြလန့်ဖျတ်သွားသင့်ပါလျက် မေလေး သတိလက်လွတ် ကြောင်ငေးနေမိသည်။

"ဟာ! ဘာဖြစ်နေတာလဲ အချစ်ရဲ့။ တကယ့်ပုံစံသစ်ပါလား။ အရင်က မေလေးလို့ မျက်စိမှိတ်အော်နေကျလူက ခု ဘယ်လိုဖြစ်ပြီး ငြိမ်နေတာလဲ"

နှုတ်က မအော်ပေမယ့် မေလေးရင်ထဲ ကျဉ်ရှရှ အောင့်သက်သက်တော့ ဖြစ်သွားရတာအမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"မေလေး လန့်တော့လန့်သွားတာပဲ။ အော်ဖို့မေ့နေတာ"

"ဟောဗျာ, လန့်ပေမယ့် အော်ဖို့မေ့နေတယ်၊ ဟုတ်လား။ ဒါဆို မေလေးမှာ နှလုံးရောဂါမရှိတော့ဘူးထင်တယ်။ အရင်လိုမလန့်တတ်တော့ဘူးနော်။ ကောင်းတယ်. . . ဒါမှ မောင်ရန်ဖြစ်ရင် လန့်ပြီး မူးလဲတာတို့ဘာတို့ မဖြစ်တော့မှာ။ ဟုတ်တယ်မှတ်လား"

ဒီနေ့မှ မောင့်စကားတွေ အရမ်းသွက်နေပါလားဟု မေလေး တွေးနေမိသည်။

တကယ်ဆို မောင့်ဆီက ဒီလိုစကားမျိုးတွေ ကြားရခဲလွန်းလို့ ဝမ်းသာနေရမှာမဟုတ်လား။ အခု မေလေးစိတ်တွေ ဘယ်လိုဖြစ်နေတာလဲ။

"ဟော့! ချစ်သူ၊ စကားပြန်ပြောဦးလေကွာ။ ဘာဖြစ်လာတာလဲ။ အလုပ်ထဲမှာ တစ်ယောက်ယောက်နဲ့ အဆင်မပြေခဲ့လို့လား"

"မဟုတ်ပါဘူး။ မေလေးစိတ်ထဲ တစ်မျိုးကြီးဖြစ်နေလို့ပါ"

မေလေးစကားကြောင့် မောင်က ဟက်ခနဲရယ်ရင်း. . .





"တစ်မျိုးတော့ မကဘူးထင်တယ်နော်။ နှစ်မျိုးသုံးမျိုးဖြစ်နေလို့သာ ဒီလိုဖြစ်နေတာနေမှာ။ ကဲပါ, ဆွဲခြင်း မောင့်ကိုပေး. . ."

ဟုဆိုပြီး သူမလက်ထဲက ဆွဲခြင်းကို လက်ပြောင်းယူသည်။ ထုံးစံအတိုင်း မေလေး မောင့်လက်မောင်းတစ်ဖက်ကို ဖက်တွယ်လိုက်ပေမယ့် မောင်က မေလေးနှင့် အဝေးကြီးမှာလို ခံစားနေရ၏။

မောင်က မေလေးပခုံးကိုဖက်ရင်း ကားမှတ်တိုင်ဆီ ခပ်ဖြည်းဖြည်းလျှောက်လာသည်။

"မောင်"

"ပြောလေ"

"မောင်, လူတစ်ယောက်ကိုစိတ်ဆိုးရင် ဘယ်လိုလုပ်တတ်လဲဟင်"

"ဘာတွေ အထူးအဆန်းလာမေးနေတာလဲကွာ။ စိတ်ဆိုးရင် မောင်က ဖက်နမ်းတတ်တယ်နော်"

"အတည်မေးနေတာ၊ ကောင်းကောင်းဖြေပါ မောင်ရယ်"

မေလေးစကားအဆုံး မောင်က မျက်မှောင်ကြုတ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ငဲ့စောင်းကြည့်သည်။ ထို့နောက်မှ. . .

"မောင်က ဘယ်သူ့ကို စိတ်ဆိုးဆိုး၊ စကားမပြောဘဲ နေလိုက်တာဘဲ"

"အကြာကြီးလားဟင်"

"အင်းပေါ့၊ ပထမတော့ စိတ်ဆိုးလို့ စကားမပြောဘဲ နေတာ။ နောက်တော့ တဖြည်းဖြည်းပြောချင်စိတ်ကို မရှိတော့ဘူး။ အဲဒါနဲ့ပဲ"

"ဒါဆို မောင် လူတစ်ယောက်ကို အကြာကြီးစိတ်ဆိုးဖူးတယ်ပေါ့"

"မောင့်ဘဝမှာ လူတော်တော်များများကို စိတ်ဆိုးဖူးတယ်။ ဘာစိတ်ကူးပေါက်ပြီး အဲဒါတွေ မေးနေတာလဲ"

"ဟင့်အင်း. . . သိချင်ရုံသက်သက်ပါ"

သူ့မစကားကြောင့် မောင်က ခပ်တိုးတိုးရယ်နေသည်။ မေလေးကတော့ ဝတ်ကျေတန်းကျေလေးတောင် လိုက်မရယ်နိုင်ပါ။

ရင်ထဲမှာ တနင့်နင့် လေးလံလာတဲ့ ခံစားချက်ကြောင့် မွန်းကျပ်နေရ၏။ နောက်ထပ် ဘာမေးခွန်းမှ ထပ်မမေးမိအောင် ကြိုးစားထိန်းချုပ်ထားပေမယ့် ဘာလိုမှမနေနိုင်ပြန်။





"မောင်ထားခဲ့ဖူးတဲ့ရည်းစားတွေထဲမှာ မောင့်ကို အရူးအမူး စွဲလန်းတဲ့သူရော ရှိလားဟင်"

"ဘယ်လို! ဘာတွေမေးနေတာလဲ မေလေးရယ်၊ မောင်တွဲခဲ့ဖူးတဲ့မိန်းမတွေထဲမှာ မောင့်ကိုအချစ်ဆုံးနဲ့ အနွံတာခံတာသည်းခံတတ်တာ မေလေးတစ်ယောက်တည်းပဲ။ မောင့်ကို မေလေးလောက် ဘယ်သူမှမချစ်ခဲ့ဘူး။ အဲဒါ အမှန်ပြောတာ"

"ဟို. . . မောင်မသိပေမယ့် သူတို့စိတ်ထဲမှာ ကျိတ်ပြီး အရမ်းမြတ်နိုးစွဲလန်းနေတာမျိုးရော မရှိနိုင်ဘူးလားဟင်"

သူ့မစကားအဆုံး မောင်က မျက်မှောင်ကြုတ်လျက် အကြာကြီး ငြိမ်သက်တွေဝေနေသည်။ အတန်ကြာမှ ဟက်ခနဲ တစ်ချက်ရယ်လိုက်ကာ. . .

"မဖြစ်နိုင်တာတွေ ဘာလို့လျှောက်မေးနေတာလဲ မေလေးရယ်။ သူ့ဟာသူ ရင်ထဲက ကျိတ်ချစ်နေတာကို မောင်က ဘယ်လိုသိနိုင်မှာလဲ၊ အကဲခတ်ကြည့်လို့ သိတယ်ပဲထားဦး။ အဲလိုချစ်နေမှတော့ သူက မောင့်ကိုလက်လွှတ်အဆုံးရှုံးခံမလား။ အဲလိုဆို မေလေးနဲ့ ဖူးစာဆုံစရာတောင် အကြောင်းမရှိဘူး။ ဟုတ်တယ်မှတ်လား"

သူ့စကားကြောင့် မေလေး ခေါင်းညိတ်ရမလို ခေါင်းခါ



www.burmeseclassic.com

www.burmeseclassic.com



ရမလို ဖြစ်သွားသည်။

တကယ်တော့ မောင် နေရောင်နီဆိုတဲ့မိန်းမကို သိလား

ဟု မေးလိုက်သင့်သည်။

ဒါပေမဲ့ မေလေး လုံးဝမမေးရဲ။

မောင့်ဆီက သိတယ်ဟူသောအဖြေကို မေလေး မကြား

ချင်ဆုံးတည်း။

အဲလိုဆို မေလေး ဘယ်လိုရှေ့ဆက်မေးပြီး မောင်က

ရော ဘယ်လိုဆက်ဖြေမှာပါလိမ့်။

ဟင့်အင်း . . . မေလေး ဘာမှမသိချင်တော့ဘူး။

ဂျူဂျူဂျူ



အခန်း (၁၆)

"မသိချင်လည်း ကိုယ်ကတော့ ဆက်ပြောနေရဦးမှာ ပဲ မေစုမွန်။ ဘာကြောင့်လဲဆိုတော့ မင်းက အချိန်မရွေး ဒုတိယ နေရောင်နီ ဖြစ်သွားနိုင်တယ်လေ"

ထိုင်ခုံကိုကျောမှီလျက် လက်ပိုက်ထားသော နေရောင်နီ့ ပုံစံက အရာရာကို အေးစက်ပြတ်သားစွာ ဆုံးဖြတ်တတ်ပုံနှင့် စူးစူးရဲရဲရှိလှသည်။

သူမရှေ့ရောက်လျှင် မေလေးတစ်ကိုယ်လုံး နဂိုရှိရင်း စွဲထက် သေးငယ်ကျုံ့လိုသွားသယောင်ပင် ခံစားရကာ အလိုလို ဝမ်းနည်းအားငယ်လာမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေလေး, အခုထိ မောင့်ကိုဖွင့်မပြောသေးဘူး။ နေ
ရောင်နီနဲ့ အခုလို တစ်ပတ်တစ်ခါ လာတွေ့နေတာတောင် မောင်
လုံးဝမသိသေးဘူး"

မေလေးစကားကြောင့် သူမက ဟက်ခနဲရယ်သည်။

"အဲဒါက အရေးမကြီးပါဘူး။ အဓိက,က မင်းစိတ်ကို
မင်း ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်တတ်ဖို့ပဲ"

"ဒါဆို နေရောင်နီက ဘာဖြစ်စေချင်တာလဲ။ မေလေး
က မောင့်ကိုဖြတ်ပစ်လိုက်ရမှာလား။ တို့ကိုနောက်ဆုတ်ပေးဆို
တဲ့အဓိပ္ပာယ်နဲ့ အဲ့စကားတွေ လာပြောနေတာလား"

သူမစကားအဆုံး နေရောင်နီက လက်ခုပ်လက်ဝါးတီး
ကာ ဟက်ဟက်ပက်ပက်ရယ်လိုက်ရင်း. . .

"မင်းစကားတွေက ကလေးဆန်လှချည်လား။ ကိုယ်
က လင်းထင်ကို မင်းလက်ထဲကနေ ပြန်လုယူလိမ့်မယ်လို့ ထင်
နေတာလား။ တော်စမ်းပါ. . . သစ္စာမရှိတဲ့ယောကျ်ားတစ်ယောက်
ကို ချစ်မိပေမယ့် အဲလောက် တန်ဖိုးမထားဘူး။ ကိုယ်သာ လင်း
ထင်ကိုပြန်လိုချင်ရင် လွန်ခဲ့တဲ့နှစ်နှစ်နီးပါးကတည်းက ရအောင်
ပြန်ယူတယ်"

"ဘာ!"





မေလေး အံ့သြသွားမိသည်။ လွန်ခဲ့တဲ့နှစ်နှစ်နီးပါးကတဲ့။ မေလေးနဲ့မောင် ချစ်သူဖြစ်တာ တစ်နှစ်တောင် မပြည့်သေးချေ။

"သိပ်အံ့သြသွားသလား။ ကိုယ်နဲ့လင်းထင် ချစ်သူတွေ ဖြစ်ခဲ့တာ နှစ်ထောင့်ခုနှစ် နှစ်ကုန်ခါနီးလောက်ကတည်းကပဲ။ မင်းနဲ့လင်းထင် ချစ်သူတွေမဖြစ်ခင် လင်းထင်မှာ ကိုယ်အပါအဝင် ရည်စားလေးယောက်တိတိ ရှိခဲ့တယ်။ အဲဒါရော မင်းသိလား။ အဲဒီရည်းစားတွေနဲ့ ချစ်ခဲ့တဲ့သက်တမ်းက လပိုင်းပဲ။ မင်းနဲ့တော့ အချိန်ပိုကြာတယ်။ ပြီးတော့ မင်းက သူ့ကိုသံယောဇဉ်အရှိဆုံးနဲ့ အနွံတာအခံဆုံးလို့လည်း ကိုယ်သိထားတယ်။ နေရောင်နီပြီးရင် လင်းထင်ကို ဒုတိယအချစ်ဆုံးမိန်းမပေါ့။ ဟုတ်တယ်ဟုတ်"

"အဲဒီလောက် နှစ်တွေကြာနေမှပဲ ဘာလို့ ဒါတွေလာပြောနေရတာလဲ နေရောင်နီ။ ဒီလိုပြောလိုက်လို့လည်း မောင့်ကို တို့ လုံးဝစိတ်ပျက်သွားမှာမဟုတ်ဘူးနော်။ ပြီးတော့ တို့ ဘယ်လိုမှ နောက်ဆုတ်လို့မရတော့ဘူး။ မဖြစ်နိုင်တော့ဘူး"

မေစုမွန်စကားကြောင့် သူမတစ်ကိုယ်လုံး ပျော့ခွေကျသွားမတတ် ဖြစ်သွားရလေတော့၏။

ခုံကို လျော့ရဲရဲမှီထိုင်နေရာမှ ရှေ့ကိုကိုင်းညွတ်လာသော်လည်း သူမစိတ်အစဉ်က နေရာမှာတင် ဝုန်းခနဲ ဝုန်းခနဲ အကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်ပြိုလဲကျသွားသည်ဟု ထင်မိ၏။

"အဲဒါ ဘာအဓိပ္ပာယ်လဲ မေစုမွန်"

တုန်ယင်အက်ကွဲနေသော သူမရဲ့မေးသံအဆုံး မေစုမွန်က ခေါင်းကို ခပ်ဖြည်းဖြည်းခါရမ်းရင်း နှုတ်ခမ်းကိုပြတ်ထွက်လု မတတ် ဖိကိုက်ထားလေသည်။

မှုန်မှိုင်းဝေ့သီနေသော မေစုမွန်ရဲ့မျက်ဝန်းထဲမှာ အဖြေစကားပေါင်းမြောက်မြားစွာကို မြင်တွေ့ခံစားနေရပါလျက် ဘယ်လိုမှမယုံချင်။ ယုံလို့လည်း မရတော့ချေ။

"မေလေး. . . မောင့်ကိုချစ်တာ သမီးရည်းစားဆိုတဲ့ အတိုင်းအတာမေတ္တာထက်ပိုပြီး ယုံကြည်အားကိုးမိလို့ ဘဝတစ်ခုလုံး ပုံအပ်ခဲ့ပြီးပြီ။ လင်းထင်ဟာ တို့အတွက် ဘယ်လိုမှပြင်ဆင်ပြောင်းလဲခွင့်မရှိတဲ့ချစ်သူပါ။ တစ်ယောက်ကိုတစ်ယောက် အတိုင်းအတာတစ်ခုအထိ ယုံကြည်လို့ ရွေးချယ်ခဲ့ပြီးမှတော့ ဘယ်အကြောင်းနဲ့မှ အဝေးမခံနိုင်တော့ဘူး။ အတိတ်က အပြစ်တွေအတွက် မေလေး ခွင့်လွှတ်နိုင်တယ်။ အတိတ်ဆိုတာ လူတိုင်းမှာ ရှိတတ်ကြတာပဲ။ အတိတ်က ဖြစ်ရပ်ဆိုးတိုင်း လက်ရှိအခြေအနေကို မလွှမ်းမိုးနိုင်ပါဘူး။ လင်းထင်ဟာ နေရောင်နီဆိုတဲ့ မိန်းမတစ်ယောက်နဲ့ပတ်သက်ခဲ့သည်ဖြစ်စေ၊ မပတ်သက်ခဲ့သည်





ဖြစ်စေ မေလေး စိတ်မဝင်စားတော့ဘူး"

ရောင်နီ့မျက်လုံးအစုံ ပြူးကျယ် ဝိုင်းစက်နေရာက နေတဖြည်းဖြည်း မှေးကျဉ်းကျလာကာ ခေါင်းကို ခပ်လေးလေးခါရမ်းနေမိသည်။

Coffee Shop ထဲမှာ အေးစိမ့်နေပေမယ့် ချွေးစေးတွေက တစ်ကိုယ်လုံး စိုစွတ်လာတာ ရင်ထဲက ပူလောင်နေသည့် ဇောဆန္ဒအဟုန်တို့ကြောင့်သာဖြစ်မည်။

ရောင်နီ ရှပ်အင်္ကျီလက်နှစ်ဖက်ကို ဆွဲပင့်တင်ရင်း ရှေ့ကို တိုးလိုက်ကာ. . .

"ဒါဆို ကိုယ်မေးမယ်၊ ကိုယ်နဲ့ချစ်သူဖြစ်ခဲ့ဖူးတာကို သူ ဘာကြောင့်လျှို့ဝှက်ထားတာလဲ၊ ဒါ မရိုးသားမှုတစ်ခုကြောင့်လို့ မထင်ဘူးလား မေစုမွန်"

သူမစကားအဆုံး မေစုမွန်က စူးခနဲပြန်စိုက်ကြည့်ရင်း မထီတရီပြုံးလိုက်ကာ. . .

"ဘာလဲ, နေရောင်နီက လင်းထင်နဲ့ သာမန်ထက်ပိုပြီး ပတ်သက်ခဲ့ဖူးတာကို ဆိုလိုချင်တာလား။ အဲဒါ နေရောင်နီကိုယ်တိုင် ထုတ်လို့ရတဲ့အဖြေပဲ။ မေလေးသိဖို့ ထင်ကြေးပေးနေဖို့ မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့မျက်နှာက ဟန်မဆောင်နိုင်လောက်အောင်ပင် ကွက်ခနဲ ပျက်ယွင်းသွားတော့သည်။ ဘာမှမဖြစ်သယောင် ဟန်ဆောင်ထိန်းထားပေမယ့် ရောင်နီ့နှုတ်ခမ်းက အပြုံးက လျော့ရဲရဲ မဲ့တဲ့တဲ့လေးဖြစ်နေ၏။

အတိတ်ကို ပြန်ပြီးတူးဖော်ခဲ့မိတာ မှားပြီလားဟု နောင်တ, ရချင်လာပေမယ့် လင်းထင်သူရရဲ့ လျှို့ဝှက်ကောက်ကျစ်မှု၊ ရက်စက်ပြတ်သားခဲ့မှုတွေက ထိုသို့ဖြစ်ခွင့်မပေးခဲ့ချေ။ နေရောင်နီဆိုတာ ယောကျ်ားတစ်ယောက်ကိုချစ်မိလို့ အကြိမ်ကြိမ်ကျရှုံးပြီးသားမို့ ထပ်ပြီးမရှုံးစေလိုတော့ပါ။

"သေသေချာချာစဉ်းစားပါဦး မေစုမွန်။ ရိုင်းရိုင်းပြောရရင် ဇာစ်ခါခြံခုန်ဖူးတဲ့နွားဆိုတာ..."

"တော်တော့ နေရောင်နီ၊ လင်းထင်က တို့ချစ်သူဆိုတာ မမေ့နဲ့ဦး...အဲလောက် ချိုးဖဲ့ပြီး ဝေဖန်တိုက်ခိုက်စရာအကြောင်းမရှိဘူးထင်တယ်။ ပြီးတော့ လင်းထင်က နေရောင်နီအရူးအမူးချစ်ခဲ့ဖူးပါတယ်ဆိုတဲ့လူလေ။ အဲလိုပြောရက်ပြီလား။ တကယ်တော့ နေရောင်နီက မမီတဲ့စပျစ်သီးကို ချဉ်ပါတယ်လို့ ပြောနေတဲ့မိန်းမပဲ။ တို့အတွက်တော့ သူ့အချစ်က ချိုပါတယ်"

အထက်စီးနင်းဆန်လှသော မေစုမွန်ရဲ့လေသံက သူမ





နှလုံးသားကို အဆိပ်အပ်ပေါင်းများစွာနှင့် တန့်နှံ့ထိုးစိုက်နေလေသယောင်ပင် ခံစားရလေသည်။

"ဒါပေမဲ့ အချစ်ရဲ့သဘောက ချိုလွန်းရင် ခါးသွားတတ်တယ် မေစုမွန်။ အချစ်မှာ တစ်သမတ်တည်း ပုံသေနည်းမရှိဘူး"

သူမစကားအဆုံး မေစုမွန်က ပခုံးပေါ်မှာ ဝဲဖြာကျနေသော ဆံနွယ်စင်းစင်းတွေကို နောက်ကို ဆတ်ခနဲ သိမ်းပို့လိုက်က...

"ဒီလိုပဲ စကားနိုင် လုနေရတော့မှာလား နေရောင်နီ။ ဖြစ်ခဲ့တာတွေနဲ့ပတ်သက်ပြီး လင်းထင်ကိုယ်စား တို့အနူးအညွတ်တောင်းပန်တယ်။ တို့ကို အနှောင့်အယှက်မပေးပါနဲ့တော့"

ဘယ်လိုပဲ စကားကို အချိုသာဆုံး အနူးညွံ့ဆုံးဖြစ်အောင်ပြောနေလည်း မေစုမွန်ရဲ့မျက်လုံးတွေကတော့ ရောင်နီ့ကို အဆုံးစွန် ရွံရှာခါးသီးနေပုံမျိုးနှင့် ခက်ထန်စူးရဲနေလေသည်။

ရောင်နီ ဘယ်လောက်ပဲ စိတ်ကိုတင်းတင်း၊ ငိုချင်စိတ်ကတော့ ရင်ထဲမှာ တလိပ်လိပ်တက်နေသည်။

မေစုမွန်နဲ့တွေ့ရပြီးမှ ဒီလိုလက်လျှော့ နောက်ဆုတ်ပြေးဖို့တော့ ဘယ်လိုမှမဖြစ်နိုင်။ ဘာဆက်လုပ်ရမယ်မှန်းလည်း မသိဘဲ အလိုလိုနေရင်း စိတ်ဓာတ်ကျချင်လာသည်။ နေရောင်နီဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ယောကျ်ားတစ်ယောက်ရဲ့ အစွန့်ပစ်ခံဘဝနဲ့ မထင်မရှား မှေးမှိန်ပျောက်ကွယ်သွားဖို့ဆိုတာ မဖြစ်သင့်ချေ။

ဒါကြောင့်လည်း ပြီးခဲ့တဲ့အတိတ်ကို တစ်ကျော့ပြန်လည် အသက်သွင်းဖို့ သူမ ကြိုးစားမိခဲ့ခြင်းပင်။ ထို့ကြောင့် သူမ အရှုံး မခံနိုင်ပါ။

"မင်းကိုနှောင့်ယှက်တယ်လို့ ခံစားရတဲ့အတွက် စိတ် မကောင်းပါဘူး။ ဒါပေမဲ့ ကိုယ် လုံးဝလက်လျှော့ နောက်ဆုတ် သွားမှာမဟုတ်ဘူးနော်"

"ဒါဆို ဘယ်အထိ တို့နောက်ကို လိုက်နေဦးမှာလဲ"

"မင်းနဲ့လင်းထင် လမ်းမခွဲမချင်းပေါ့"

ထိုစကားကို ပြောရတာလောက် လျှာပေါ်မှာ အရသာ ရှိတာ တခြားဘာမှထပ်မရှိဟု သူမ ထင်သည်။

ရောင်နီ့စကားအဆုံး မေစုမွန်က စားပွဲကို လက်နှင့်ဖြန်း ခနဲပိတ်ရိုက်ရင်း သူမမျက်နှာကို စေ့စေ့ကြည့်ကာ. . .

"ရှူးနေလား၊ လင်းထင်နဲ့မေလေး လမ်းခွဲမယ့်နေ့ကို မျှော်နေတာဆိုရင်တော့ နင့်အတွက် ဒီဘဝမှာ မဖြစ်နိုင်တော့ ဘူး။ သေသေချာချာမှတ်သွား။ ငါတို့နှစ်ယောက်ကို သေခွဲ၊ ခွဲမှ ရမယ်"





စကားအဆုံးမှာ မေစုမွန်က နေရာမှထရပ်ပြီး ချာခနဲ လှည့်ထွက်သွားလေတော့သည်။

Coffee Shop ရဲ့မှန်တံခါးကို ဒေါသတကြီး ဖွင့်ထွက် သွားသောသူမပုံစံကိုကြည့်ပြီး ရောင်နီ သဘောကျစွာ ပြုံးလိုက် မိသည်။

"ကိုယ်ကတော့ ရတဲ့နည်းနဲ့ ခွဲမှာပဲ"

ထိုစကားကိုပြောမိစဉ် ရင်ထဲမှာတော့ ပြောမပြတတ် အောင် နာကျင်ဝမ်းနည်းရပါသည်။ တကယ်ဆို သူမလုပ်ရပ်တွေ က တဖြည်းဖြည်း အဓိပ္ပာယ်မဲ့ကုန်လေပြီ။

ဒါပေမဲ့ မေစုမွန်ကို လင်းထင် တကယ်မချစ်ဘူးဆိုတာ လည်း ယုံကြည်လက်ခံနေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

နေရောင်နီဟာ မေလေးရဲ့သာယာတည်ငြိမ်နေတဲ့ဘဝထဲကို စိတ်မချမ်းမြေ့စရာ သောကတွေကို အလုံးအရင်းနှင့် သယ်ဆောင်လာသော နတ်ဆိုးတစ်ပါးပင်ဖြစ်သည်။

တစ်ပတ်လုံးမှာ တစ်ရက်တည်း ရှားရှားပါးပါးရသော Off ရက်လေးကို သူမ ဖြုန်းတီးပစ်တာ အတော်ကြာခဲ့ပြီ။ ဒီတစ်ခါတော့ သူမဘာယ်လိုပဲပြောပြော သွားမတွေ့တော့ဟု မေလေး ဆုံးဖြတ်ထားခဲ့သည်။ တကယ်လည်း မေလေးထံသို့ သူမ ရောက်မလာခဲ့ပါ။

မလာဆို ဖုန်းတစ်ချက်ပင် မဆက်သည့်အတွက် စိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ဟာနေသယောင်ရှိသော်လည်း မောင်နဲ့ပတ်သက်ပြီး စိတ်အေးရပါသည်။

"ကဲ... ဒီနေ့ ဘယ်သွားမလဲ"

"အင်းလျားပဲ သွားတာပေါ့၊ မောင်ရော အဲဒီကိုသွားချင်ရဲ့လား"

ဘယ်သွားသွား ဘယ်စားစား မောင့်ဆန္ဒကို ရှေ့တန်းတင် ဦးစားပေးတတ်တာ အကျင့်တစ်ခုလို ဖြစ်နေခဲ့ပြီ။

အပြင်ထွက်လည်တာတောင် မောင်က ဒီအရောင်ဝတ်ဆိုမှ ဝတ်တတ်တာလည်း အကျင့်တစ်ခုပင်။ ဒီနေ့တော့ မောင်နဲ့မေလေးက အဖြူအနက်ဝတ်စုံဆင်တူလေးတွေ ဝတ်ထားတာမို့ သိပ်ချစ်ကြတဲ့ချစ်သူတွေမှန်း တမင်သိသာပေါ်လွင်နေ၏။

စတိုင်လ်ပင်နီအနက်နှင့် ရှပ်အဖြူကို ဝတ်ထားသော မောင့်ပုံစံက အသားဖြူဖြူ အရပ်မြင့်မြင့်ကလေးမို့ သပ်ရပ်သန့်ရှင်းပြီး နုသစ်လန်းဆန်းသောအသွင်က အပြည့်အဝ ထင်ရှားနေသည်။ မေလေးကတော့ မောင့်လို အသားအရေဖြူဖြူဝင်းဝင်းလေးမဟုတ်ဘဲ ညိုညက်ညက်ကလေးနှင့် ဆွဲဆောင်မှုရှိစွာ လှသူဖြစ်ပါသည်။

အသားညိုပေမယ့် မျက်ခုံးမျက်လုံးလေးတွေက သူများ





တွေထက် ထင်ထင်ရှားရှားလေး လှတာမို့ အလုကြိုက်သောမောင့်ရဲ့ချစ်သူဖြစ်ခွင့်ရခြင်းပဲ ထင်ပါရဲ့။

"မောင်တို့လည်း တစ်ခါသွားလိုက် အင်းလျားပဲ။ နေရာက ထပ်နေပြီနော်"

"ဒါဆို မောင်က ဘယ်သွားချင်တာလဲ"

မောင်က မေလေးပါးတစ်ဖက်ကို ချစ်စနိုးဖျစ်ညှစ်လိမ်ဆွဲရင်း...

"ဘယ်မှမသွားချင်ပါဘူး မေလေးရယ်။ အင်းလျားက အရမ်းလွတ်လပ်တာ။ ဒီကနေ နီးနီးလေးပဲ, သွားမယ်နော်"

နူးညံ့ချိုသာသော မောင့်စကားသံအဆုံး မေလေးက နာခံရိုကျိုးတတ်စွာ ခေါင်းညိတ်လိုက်မိသည်။

တစ်ဖက်သား နားဝင်အောင် စိတ်ထား သိမ်မွေ့ပျော့ပျောင်းလာအောင် တတ်နိုင်သည့်အစွမ်းကို ပိုင်ဆိုင်ထားသော မောင့်ကို ဘယ်လိုလူမျိုးကမှ လွန်ဆန်နိုင်မည်မဟုတ်ပါ။ အဲ့သလောက်ထိအောင် မောင်က စကားချိုချိုလေးတွေကို ပြောတတ်လေသည်။

ဒါပေမဲ့ မောင့်စကားတွေနဲ့ မောင့်စိတ်ဓာတ်က အမြဲလို ဆန့်ကျင်ဘက်ဖြစ်သည်။ မောင်က ဘယ်သောအခါမျှ စိတ်ရှည်



www.burmeseclassic.com

www.burmeseclassic.com



သည်းခံတတ်သူမဟုတ်သည့်အပြင် သူ့ဆန္ဒနှင့်မကိုက်လျှင် ခက်ထန်ကြမ်းတမ်းရမှာလည်း ဝန်မလေးချေ။ မေလေးအကြောက်ဆုံးက မောင်စိတ်ဆိုးသွားမှာကိုဖြစ်သည်။

"မေလေး"

"ဟင်, ဘာလဲမောင်၊ ဘာလဲဟင်"

ပျာပျာသလဲထူးလိုက်သော မေလေးပုံစံကြောင့် မောင်က မျက်မှောင်ကြုတ်ပြီး အသေအချာစိုက်ကြည့်နေသည်။

"တွေ့လား, အဲဒါတွေမကြိုက်တာ၊ ဘာတွေဒေးနေတာလဲ။ မောင့်ကိုဘေးမှာထားပြီး ဘာကိုစဉ်းစားနေတာလဲ"

မောင့်စကားကြောင့် မေလေး လန့်သွားမိတာသပ်သပ်၊ သဝန်တိုတတ်တဲ့မောင့်စိတ်ကို ချစ်သွားမိတာသပ်သပ် ဖြစ်သွားရသည်။

"မဟုတ်ပါဘူး မောင်ကလည်း၊ မေလေးက ဘယ်သူ့အကြောင်း အချိန်ကုန်ခံပြီး စဉ်းစားရမှာလဲ။ အမယ်လေး!"

စကားပြောရင်း မောင့်မျက်နှာကို မော့ကြည့်လိုက်တာမို့ ကျောက်ခဲတစ်လုံးကို အမှတ်မထင် ခလုတ်တိုက်မိတာကြောင့် မေလေး ရှေ့ကို ယိုင်ခနဲဖြစ်သွားရသည်။

"ဟာ. . . ကွာ"





စိတ်ပျက်စွာ ရေရွတ်ညည်းညူသံနှင့်အတူ မောင်က မေလေးလက်ကို ဆွဲထားပေးတာကြောင့် လဲမသွားသော်လည်း လူတွေအများကြီးရှေ့မှာမို့ နည်းနည်းတော့ ရှုပ်ပျက်ဆင်းပျက် ဖြစ်သွားရပါသည်။

"ဟို. . . ဟိုဟာလေ"

"တိတ်တိတ်နေပါ မေလေးရယ်။ ဘာမှမပြောနဲ့တော့။ ခဏခဏပြောဖူးတယ်။ နမော်နမဲ့မနေပါနဲ့လို့။ အခုနေသာ ဟပ်ထိုးလဲကျသွားရင် သွားပြီ. . . အရှက်ကွဲတော့မှာ"

မေလေးလက်ကို တင်းတင်းဆုပ်ရင်း နှုတ်ကလည်း တတွတ်တွတ်ဆူသွားသောမောင့်ကိုမော့ကြည့်ရင်း မေလေး ဘာမှလည်း ပြန်မပြောရဲဘဲ အရုပ်တစ်ရုပ်လို လိုက်ပါလာရသည်။

"ထိုင်, ဘာမှာမလဲ"

"ဟို. . . မောင်ကြိုက်တာ မှာလေ"

"အဲဒါဆို ကော်ဖီပလိန်းနှစ်ခွက် အရင်မှာလိုက်မယ် နော်"

"ဟုတ်"

မေလေးရဲ့'ဟုတ်'ဆိုတဲ့ တရိုတသေလေလေသံအဆုံး မောင်က တစ်ဖက်ကို မျက်နှာလွှဲပြီး မသိမသာပြုံး၏။ မောင်က မေ



www.burmeseclassic.com

www.burmeseclassic.com



လေးထက် သုံးနှစ်ကျော် လေးနှစ်နီးပါး ငယ်ပေမယ့် အရာရှ
မှာ လူကြီးဆန်စွာ ဦးဆောင်တတ်သူမို့ အလိုလိုနေရာရနေခြင်း
လားမဆိုတတ်။ မောင့်ရှေ့ရောက်လျှင် မေလေးက အမြဲတမ်း
ကလေးတစ်ယောက်လို ဖြစ်ဖြစ်သွားရသည်။

ချစ်ကြောက် ရှိသေဆိုတာ မေလေး မောင့်အပေါ်ထား
တဲ့ သဘောထားကို ပြောခြင်းထင်ပါရဲ့။

ကော်ဖီခါးခါးကြီးကို မေလေး ဘယ်တုန်းကမှ မက်မော
နှစ်မြို့က်စွာသောက်လေ့မရှိပေမယ့် မောင့်အကြိုက်တစ်ခုမို့ ယခု
လို သွားလေရာမှာ စွဲစွဲမြဲမြဲသောက်တတ်နေခြင်းပင်ဖြစ်သည်။

"မေလေး, မောင်ပြောတာကြားလား"

"အမ်. . . ဘာပြောလိုက်တာလဲဟင်"

မောင်က ကျွတ်ခနဲ စုတ်သပ်ရင်း ခေါင်းခါသည်။

"သေချာတယ်၊ မင်းစိတ်တွေ တခြားရောက်နေပြီ"

"အို! မဟုတ်ပါဘူး. မေလေး မောင့်အကြောင်းပဲ တွေး
နေတာ"

သူ့မစကားကို သဘောကျသွားသယောင် ရှိပေမယ့်
ခမောင့်မျက်နှာက သိပ်တော့ ကြည်လင်မလာသေးပါ။

"ဘာပဲဖြစ်ဖြစ် ဒီတစ်ခါထပ်ပြောတာ မကြားရင် မောင့်





အခိုးမဆိုနဲ့နော်။ ဟိုနေ့က ပြောထားပြီးသား, မေးမလို့။ မောင့်
မွေးနေ့မှတ်မိလား"

မေလေးရင်ထဲ ထိတ်ခနဲဖြစ်သွားအောင်ပင် ဝမ်းသာ
သွားရသည်။

"မှတ်မိတာပေါ့၊ မောင့်မွေးနေ့က နိုဝင်ဘာလ နှစ်ဆယ့်
တစ်ရက် ဟုတ်တယ်မလား။ အဲ့နေ့က ဗုဒ္ဓဟူးနေ့မဟုတ်ဘူး။
စနေနေ့ကျတယ်လေ။ မနှစ်ကတော့ မွေးနေ့နဲ့မွေးရက် တစ်ထပ်
တည်းကျတယ်နော်။ ဒီနှစ်တော့ မောင့်မွေးနေ့က စနေနေ့ဖြစ်
နေတယ်။ အဲ့နေ့ ဘုရားသွားမယ်နော်"

"အင်း. . . မှတ်မိသားပဲ"

ဆရာမရှေ့မှာ ကျက်ထားပြီးသား စာတစ်ပုဒ်ကို အလွတ်
ရွတ်ပြနိုင်သော ကလေးတစ်ယောက်ကို ကြည့်ပုံမျိုးနှင့် အကြည့်
ခံရသည့်အခါ မေလေးရင်ထဲမှာ ပီတိလှိုင်းကလေးတစ်မျိုး ငြိမ့်
ခနဲဖြစ်သွားရ၏။

မေလေး မနေတတ်တော့သလို မောင့်အကြည့်တွေရှေ့
မှ လွှဲဖယ်ရင်း ထောင့်တစ်နေရာက စားပွဲကို ဘာရယ်မဟုတ်
လှမ်းအကြည့်မှာတော့ ခုနပျော်ရွှင်နေသည့်စိတ်ကလေးဟာ ဘယ်
ဆီလွင့်ပြေးသွားမှန်းမသိအောင်ပင် ရင်ထဲ ဒိန်းခနဲတုန်လှုပ်သွား



www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။

နေရောင်နီ. . . မေလေးတို့ထိုင်နေသော စားပွဲနှင့် မျက်စောင်းထိုးစားပွဲမှာ တစ်ယောက်တည်းထိုင်နေပြီး မေလေးနဲ့ မောင့်ကို အသေအချာထိုင်ကြည့်နေတာမို့ ဒေါသစိတ်နဲ့ ထိတ်လန့်အံ့ဩစိတ်က ရင်မှာ တစ်ပြိုင်တည်းဖြစ်တည်လာရသည်။

မေလေးမျက်နှာကို တစိုက်မတ်မတ် စောင့်ကြည့်အကဲခတ်နေသောမောင့်ကို မေ့လျော့စွာပင် မေလေး သူမကို မျက်လုံးပြူးကြီးနှင့် အတန်ကြာငေးစိုက်ကြည့်နေမိသည်။

မေလေးမျက်နှာမှ ထိတ်လန့်အံ့ဩရိပ်တွေကြောင့် သူမက သဘောကျစွာပြုံးရင်း နှုတ်ဆက်သည့်အနေနှင့် မျက်ခုံးပင့်ပြလေသည်။

"ကျွတ်!. . . ဒီမိန်းမတော့"

နှုတ်က အသံထွက်အောင်ပင် ရေရွတ်လိုက်တာမို့ မောင်က မျက်မှောင်ကြုတ်ရင်း နောက်ကိုလှည့်ကြည့်ရန် ပြင်လေသည်။

"မကြည့်နဲ့ မောင်"

သိပ်မကျယ်ပေမယ့် ခပ်စူးစူးအော်သံကြောင့် မောင်က မေလေးကို ဆတ်ခနဲလှည့်ကြည့်လာသည်။

"ဘာဖြစ်လို့လဲ၊ ဘယ်သူမို့လို့ အဲလောက်ထိ ဣန္ဒြေ





ပျက်နေတာလဲ"

"ဟိုဟို. . . မေလေးအစ်မ၊ အဲဒါ. . ."

"ဘာဖြစ်လဲ, မေလေးမိဘတွေတောင် မောင်နဲ့တွဲနေတာ သိနေတာပဲဟာ။ မေလေးအစ်မကို ဂရုစိုက်စရာလား"

"မောင်မသိပါဘူး၊ အဲ့အစ်မက သိပ်ဆိုးတာ။ မောင်မကြည့်ပါနဲ့။ လုံးဝလှည့်မကြည့်လိုက်နဲ့နော်။ မေလေးလည်း သူ့ကိုမကြည့်တော့ဘူး"

"ဘာလို့ အဲလောက်ပျာယာခတ်နေတာလဲကွာ။ ကြည့်မိတော့ ဘာဖြစ်လဲ။ သူ့ကို ဘာကိစ္စ အသားလွတ်ကြီး ကျွတ်နေရမှာလဲ"

ပြောပြောဆိုဆို မောင်က နောက်ကို ဆတ်ခနဲလှည့်ကြည့်၏။ မေလေးရင်ထဲ ဒိန်းခနဲပင် တုန်သွားရလေသည်။

"ဘယ်မှာလဲ. . . ဘယ်ရောက်သွားပြီလဲ"

မောင်က မကျေမနပ်ရေရွတ်ရင်း ဒီဘက် ပြန်လှည့်လာသည်။

Country Shirt အစိမ်းရင့်ကွက်ကျဲနှင့် Quarter pants အဖြူရောင်ကို ဝတ်ထားသောနေရောင်နီက ကြိုးရှည်အိတ်တစ်အိတ်ကို စလွယ်သိုင်းရင်း ဆိုင်ထဲမှထွက်သွားတာမို့



www.burmeseclassic.com

www.burmeseclassic.com



မေလေးကတော့ နောက်ကျောကိုသာ မြင်လိုက်ရသည်။

"ဟို. . . သူ. . . သူ ထွက်သွားပြီ မောင်"

"ကျွတ်. . . ဘာလဲကွာ၊ ဘာကိစ္စ မေလေးက အရမ်း ကြောက်နေရတာလဲ၊ လူလူချင်း အဲ့လောက် ကြောက်နေရတာ လုံးဝမမိုက်ဘူးကွာ။ ဒီတစ်ခါတွေ့ရင် ပြော, မောင်ကိုယ်တိုင် သူနဲ့မျက်နှာချင်းဆိုင်ရှင်းမယ်"

မေလေး ရင်ဘတ်ကိုဖိပြီး ခေါင်းကို ဖြည်းညှင်းစွာ ခါ ရမ်းလိုက်သည်။

"မဖြစ်ပါဘူး မောင်ရယ်၊ မောင်နဲ့တွေ့လို့မဖြစ်ပါဘူး"

"ဘာ! တွေ့လို့မဖြစ်ဘူး,ဟုတ်လား၊ ဘာဖြစ်လို့လဲ၊ သူ က ရူးနေလို့လား"

"အင်း, ဟုတ်တယ်၊ သူက သိပ်စိတ်မမှန်ဘူး"

ဖြစ်ချင်ရာဖြစ်, မေလေး ချောလဲ ရောထိုင်ပစ်လိုက် သည်။ ကံကောင်းချင်တော့ မောင်က ထိုစကားကိုပင် ယုံကြည် သွားပုံရလေသည်။

"ဒါနဲ့များကွာ, စောစောက ပြောရောပေါ့။ အဲလို စိတ် မနှံ့ဘဲ လျှောက်သွားနေတာကို သူ့မိဘတွေက ဒီအတိုင်းလွှတ် ထားတာပဲလား"





"အင်း. . . သိပ်အဆိုးကြီးတော့ မဟုတ်ဘူးပေါ့ မောင် ရယ်။ သူက ယဉ်ယဉ်လေး ရူးနေတာ။ Love-sick သဘော မျိုးဖြစ်နေတာလေ။ သူ့ရှေ့မှာ သမီးရည်းစားတွေ စုံတွဲတွေမြင် ရင် သူ့ရောဂါက ဖောက်လာရော"

"ဟင်! ဒါနဲ့များ အင်းလျားကို လာရတယ်လို့။ ရောဂါ ကတော့ အခြေအနေတော်တော်ဆိုးတော့မှာပဲ"

မောင်က တကယ်ပင် ယုံမှတ်ကာ စိတ်ရှုပ်စိတ်ပျက် ခြင်းတစ်ဝက်၊ ကရုဏာသက်ဟန်တစ်ဝက်နှင့် ရေရွတ်နေလေ တော့သည်။

ခွင့်လွှတ်ပါ နေရောင်နီ. . .

နင့်ကို စိတ္တဇဝေဒနာသည်တစ်ယောက်လို့ လိမ်လည် ပြောဆိုမိတဲ့အတွက် စိတ်မကောင်းပါဘူး။

မောင့်ကိုလည်း ဖွင့်မပြောရက်ဘူးလေ။

တကယ်တမ်းတော့လည်း နင်က Love-sick ရနေတဲ့ သူတစ်ယောက်ပါပဲ။

မောင့်ကိုမချစ်တော့ဘဲနဲ့ ဘာလို့ နှောင့်ယှက်ချင်နေရ တာလဲ။

ကျေးရွာပြုပြီး အတိတ်က အရိပ်ဆိုးတွေထဲက မောင့်



www.burmeseclassic.com

www.burmeseclassic.com



ကို လွှတ်မြောက်ခွင့်ပေးပါ။

တို့နှစ်ယောက်ရဲ့အချစ်က တကယ်ကို စစ်မှန်မွန်မြတ်ပါတယ်။ မင်းကြုံခဲ့သလိုမဟုတ်ဘူး နေရောင်နီ။

မောင်က မေလေးကို သိပ်ချစ်တာပါ။

ဂျူးဂျူးဂျူး



အခန်း (၁၈)

ရှေ့ကိုလှမ်းနေပေမယ့် ဦးတည်ရာမရှိတာမို့ သူ့မ ခြေလှမ်းတွေက အားမပါချေ။

လေထဲမှာပင် တလွင့်လွင့်မျောနေရသလို သူ့မစိတ်တွေလည်း လွင့်ချင်ရာ လွင့်နေတော့သည်။

စိတ်ဓာတ်ကျပေမယ့် နောက်ဆုတ် အရှုံးပေးဖို့တော့ဖြင့် ရောင်နီ တစ်ခါမှမတွေးခဲ့ဖူးပါ။

ကန်ဘောင်အတိုင်း တစ်လှမ်းချင်း လျှောက်လာရင်းဘေးဘီကို လုံးဝမကြည့်မိချေ။

ခုံတန်းလျားလေးတွေမှာ ထိုင်ရင်း စကားတီးတိုးဆိုနေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည့်ချစ်သူတွေဟာလည်း သူမနှင့် ဘာမှမသက်ဆိုင်။ ယုတ်စွအဆုံး သူမ နင်းဖြတ်လျှောက်လှမ်းနေသည့် အင်းလျားကန်ဘောင်ပင် သူမနှင့် မည်သို့မျှ မပတ်သက်သယောင် ထင်မြင်ခံစားနေရလေသည်။

နေပူထဲမှာ ဆောင်းစရာထီးမပါဘဲ အိတ်တစ်လုံးလွယ်ပြီး တစ်လှမ်းချင်းလျှောက်နေသော သူမပုံစံက စိတ်ညစ် စိတ်လေနေမှန်း သိသာလွန်းလှသည်။

"အစ်မ"

"ဟင်"

ရှေ့တည့်တည့်မှာ ပိတ်ရပ်ရင်း ခေါ်လိုက်သံကြောင့် ရောင်နီ ပခုံးနှစ်ဖက်ပင် ဆတ်ခနဲတုန်သွားရသည်။ ရှေ့မှာ ရပ်နေသူကို မော့ကြည့်မိတော့ တီရှပ်အနီရဲရဲကလေးနှင့် ဂျင်းပင်န်အပြာရောင်ကိုဝတ်ထားသော ကောင်လေးတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ရောင်နီ တစ်ခါမှမမြင်ဖူးသော ကောင်လေးက ရောင်နီ့ကို အနှစ်နှစ်အလလက ခင်မင်ရင်းနှီးပြီးသားလို အစွမ်းကုန်ပြုံးပြနေတာမို့ တစ်ဒင်္ဂတော့ အံ့သြမှင်တက်သွားမိပါသည်။

"အစ်မ, ပိုက်ဆံနှစ်ရာလောက် ပေးပါလားဟင်။ အိမ်





ပြန်စရာ ကားခမရှိတော့လို့"

"ဟယ် !"

ရောင်နီ တအံ့တသြပင် ဟယ်ခနဲ ရေရွတ်လိုက်မိတော့သည်။ တစ်ကိုယ်လုံး ဆင်မြန်းထားတာတွေက ခေါင်းကနေခြေဖျားအဆုံး သိန်းကျော်တန် အဝတ်အစားတွေ၊ ဖိနပ်တွေဖြစ်ပြီး ပုံစံကလည်း သပ်ရပ်သားနားနေပါလျက် သူမဆီက ပိုက်ဆံလာတောင်းနေတာမို့ ရောင်နီ ယုံရခက် မယုံရခက်ဖြစ်နေမိ၏။

"တကယ်ပြောတာပါ၊ နှစ်ရာလောက် မပေးနိုင်ဘူး ပေါ့ဟင်"

ဟို. . . ပေး. . . ပေးနိုင်ပါတယ်၊ ဒါပေမဲ့ ဒီက ပိုက်ဆံအိတ် ပျောက်သွားလို့လား။ နှစ်ရာတည်းနဲ့ အိမ်ပြန်လို့ရလို့လား၊ ပုံစံက မထင်ရဘူးနော်"

"ပုံစံကို အထင်မကြီးပါနဲ့ အစ်မရယ်၊ တကယ်မရှိလို့ပါ။ နှစ်ရာတော့ ပေးပါနော်"

ကောင်လေးရဲ့သနားစဖွယ်အပြောကြောင့် ရောင်နီ တအံ့တသြဖြစ်နေရင်းကပဲ အိတ်ထဲက ပိုက်ဆံကို ထုတ်လိုက်သည်။

"နှစ်ရာတန်တောင် မရှိတော့ဘူး။ ငါးရာပဲရှိတယ်။ ဒီ



www.burmeseclassic.com

www.burmeseclassic.com



လိုပိုပို ယူသွားပေါ့''

''ဟုတ်. . . ကျေးဇူးတင်ပါတယ် အစ်မရယ်''

ကောင်လေးက သူမ ကမ်းပေးသော ငါးရာတန်တစ်ရွက်ကို ခပ်သွက်သွက်ဆွဲယူရင်း ရှေ့က ချာခနဲလှည့်ထွက်သွား၏။ ရုပ်လေးကလည်း သနားကမား၊ အဝတ်အစားတောက်တောက်ပြောင်ပြောင်နှင့် လူငယ်ဖြစ်ရက်နှင့် တကယ်ဒုက္ခရောက်တော့ အရှက်တွေ သိက္ခာတွေ ငဲ့မနေနိုင်ဘဲ ပွင့်ပွင့်လင်းလင်း အကူအညီလာတောင်းရသည့်အဖြစ်ကို ရောင်နီ တကယ့်ကိုပင် ကရုဏာဖြစ်သွားမိပါသည်။

ထို့ကြောင့် ကောင်လေးထွက်သွားရာဆီ ရောင်နီ လိုက်ငေးနေမိ၏။

''ဖြောင်း!. . . ဖြောင်း!. . .''

''တော်တယ်, တော်တယ်၊ နင်က ငါထင်ထားတာထက်ကို ပိုတော်တယ် သီဟ''

ချိုလွင်စူးရှသောအသံလေးနှင့်အတူ ထွက်ပေါ်လာသော လက်ခုပ်သံကြောင့် ရောင်နီ့မျက်လုံးတွေက အသံလာရာဆီ စူးခနဲရောက်ရှိသွားရသည်။

ကန်ဘောင်အဆင်း လှေကားထစ်လေးမှာ ထိုင်နေသော





ကောင်မလေးတစ်ယောက်နှင့် ရောင်နီ့ထံက ပိုက်ဆံလာတောင်းသောကောင်လေးဖြစ်နေတာမို့ ပိုပြီးအံ့ဩသွားမိပါသည်။

ကောင်မလေးက ထိုင်ရာမှ ထရပ်ပြီး ခုနကောင်လေးကို မျက်နှာချင်းဆိုင်လိုက်ကာ. . .

''နင်က ဘယ်နေရာမှာ တော်တာလဲ သိလား''

ဟု ခပ်ကျယ်ကျယ်လေး အော်မေးပါသည်။ ကောင်လေးက ကောင်မလေးမျက်နှာကို ခေယယ ငေးကြည့်ရင်း ခေါင်းခါပြသည်။

''နင် ဘယ်နေရာမှာ တော်လဲဆိုတာ ငါပြောပြမယ်။ သေချာနားထောင်။ နင်က အရှက်မရှိ မျက်နှာပြောင်တိုက်ရဲတဲ့နေရာမှာ တော်တာ.သိပြီလား။ ယောက်ျားတန်မဲ့ အဲ့လောက် မျက်နှာပြောင်တိုက် သိက္ခာကျခံရဲမှတော့ ဘယ်မှာလာကောင်းတော့မှာလဲဟယ်။ သွားသွား. . . နင့်ကိုအမှတ်လျှော့လိုက်ပြီ။ ငါနဲ့ချစ်သူဖြစ်ဖို့နေနေသာသာ သူငယ်ချင်းအဖြစ်တွဲဖို့တောင် ပထမအဆင့် အစစ်ဆေးခံတဲ့နေရာမှာပဲ ပြုတ်သွားပြီ။ ကဲ, ညောင်းတော့''

ကောင်မလေးရဲ့စကားအဆုံး ကောင်လေးက အသနားခံ တောင်းပန်တိုးလျှိုးသောပုံစံလေးနှင့် ရပ်နေကာ. . .



www.burmeseclassic.com

www.burmeseclassic.com



''အဲလိုမလုပ်ပါနဲ့ သဒ္ဓါရယ်၊ နင်ပဲ ငါ့ကို မရရအောင် တောင်းခဲ့လို့ ခိုင်းပြီးတော့''

''အိုး. . . ငါခိုင်းတိုင်း လုပ်စရာလား။ နင့်မှာ ဦးနှောက် မရှိဘူးလား။ အလကား အရုပ်မရှိ ကဲ. . . သွားပါတော့ဟယ်၊ အဲဒီညှောင်စိစိလေသံကို ရွံလွန်းလို့။ သွား. . . ပိုက်ဆံတောင်း တဲ့နေရာမှာပဲ အဲဒီဒီဖိုင်းကိုဖမ်းထား။ ငါ့ရှေ့မှာ လာမလုပ်နဲ့တော့၊ အချိန်မရှိဘူး၊ ငါ သင်တန်းကိုပြေးရဦးမှာ''

ကောင်မလေးရဲ့ စွာကျယ်ကျယ်စကားသံအဆုံး ကောင် လေးက ခေါင်းငိုက်စိုက်နှင့် ထိုနေရာမှ လှည့်ထွက်သွား၏။

''ဟဲ့. သီဟ၊ ဒီမှာ နင့်ပစ္စည်းတွေ ယူသွားဦးလေ''

ကောင်လေး လှည့်အကြည့်၊ ပြောပြောဆိုဆို သူမလေး က လက်ထဲက သော့တွဲတစ်ခုနှင့် ဟန်းဖုန်းလေးကို ကောင်လေး ထံသို့ ပစ်ပေးလိုက်သည်။

ရုတ်တရက်ကြီးမို့ ကောင်လေးခမျာ ထိုပစ္စည်းတွေကို ပြုတ်မကျအောင် ကိုးယို့ကားယားလိုက်ဖမ်းရလေသည်။ ထိုပုံစံ ကိုကြည့်ပြီး ကောင်မလေးက ခါးထောက်လျက် အားရပါးရ ရယ် မောနေ၏။

စင်းဖြောင့်နေသော အနက်ရောင် ဆံနွယ်ရှည်တွေကို





ဘေးဘယ်ညာ နှစ်ဖက်ခွဲချည်ထားသော ကောင်မလေးပုံစံက အရမ်းလှတာကြီးမဟုတ်ပေမယ့် မြင်တာနှင့် ချစ်ခင်နှစ်လိုဖွယ် အသွင်က ထင်ရှားနေသည်။

ကြက်သွေးရောင် စကပ်တိုတိုကားကားလေးက ပေါင် လယ်လောက်သာရှိတာမို့ ဆင်စွယ်ရောင်လို ဝင်းနှစ် ဖြူဥသော ပေါင်တံသွယ်သွယ်လေးတွေကို ချစ်စဖွယ်မြင်နေရ၏။ ခန္ဓာကိုယ် လေးက ပါးပါးလျားလျားနှင့် ကလေးဆန်စွာ အပြစ်ကင်း ချော မောနေသောသူမလေးကို ရောင်နီ မြင်မြင်ချင်း သဘောကျသွား သည်။

ခပ်ကျောကျော ခပ်ရင့်ရင့်စရိုက်လေးကလည်း ဘယ် လိုမှ စိတ်မဆိုးရက်လောက်အောင် သဘောကျစရာကောင်းနေ ပြန်သည်။

သီဟဆိုသော တိုးကောင်လေးကို ရောင်နီ့ထံလွှတ် ပြီး ပိုက်ဆံတောင်းခိုင်းတာလည်း သူမပင်ဖြစ်ရမည်။ ရောင်နီ သူမကို နေရာမှာ ရပ်တန့်ငေးမောနေမိတာ ဘယ်လောက်ကြာ သွားသည်မသိ။ သူမက ဖျတ်ခနဲလှည့်ကြည့်လာတော့မှပဲ သတိ ဝင်လာရတော့၏။

ရောင်နီ့ကိုမြင်တော့ သူမက သွားတက်ကလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ပေါ်အောင် လှစ်ခနဲရယ်ပြလေသည်။

ညာဘက်ပါးပြင်မှာ ပါးချိုင့်ခွက်ကလေး ပေါ်သွားတာကအစ ချစ်ဖို့ကောင်းနေသည်။

သူမက လက်ထဲမှ ငါးရာတန်တစ်ရွက်ကို မြှောက်ပြရင်း. . .

''ဒါ အစ်မပိုက်ဆံမှတ်လား၊ သီဟ လာတောင်းတာလေ။ ရော့. . . ပြန်ယူပါ''

ဟု ဆိုလေသည်။

ရောင်နီပြုံးရင်း သူမလက်ထဲက ပိုက်ဆံကို ပြန်ယူလိုက်သည်။

''အစ်မလည်း သီဟနီးပါး အ,တာပဲနော်။ လူတွေကို အလွယ်တကူယုံပစ်လိုက်တာပဲ၊ နည်းနည်းမှကို အကဲမခတ်တော့ဘူး''

သူမစကားကြောင့် ရောင်နီ ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိသည်။

''ဟုတ်တယ်၊ ကိုယ်က အရမ်းယုံလွယ်တတ်တယ်။ ဒါကြောင့် ဒုက္ခရောက်ခဲ့ဖူးတယ်''

ရောင်နီ့စကားအဆုံး သူမက မျက်ခုံးပင့်ရင်း ပခုံးကိုပါ





ဟန်ပါပါတွန့်ပစ်လိုက်ကာ. . .

''ဒါဆို သဒ္ဒါ့ခံယူချက်က အရမ်းမှန်သွားပြီပေါ့''

''ညီမက ဘယ်လိုခံယူချက်မျိုး ထားလို့လဲ''

''ဘယ်သူ့ကိုမှမယုံရင် ဘာမှကြောက်စရာမလိုဘူးတဲ့။ အဲဒီ့အတိုင်း နေတာလေ။ ဟဲဟဲ. . .''

ခုမှ ဆယ့်ခုနှစ်နှစ် ဆယ့်ရှစ်နှစ်သာ ရှိဦးမည့်ကောင်မလေးတစ်ယောက်ထံမှ လက်တွေ့ကျသော ဘဝဒဿနတစ်ခုကို ကြားလိုက်ရသည့်အခါ ရောင်နီ့ခေါင်းထဲ အကြံဉာဏ်တစ်ခုက ချက်ချင်းပင် ပြိုးပြက်လင်းလက်သွားလေတော့၏။

''ဒါဆို ညီမဘဝမှာ တစ်ခါမှ ဒုက္ခမရောက်ခဲ့ဘူးပေါ့''

''ဟင့်အင်း, စိတ်တောင်မညစ်ခဲ့ဖူးဘူး။ ဒီနေ့အထိ သဒ္ဒါကစားလာတဲ့ဂိမ်းတွေ တစ်ပွဲမှ မရှုံးဖူးသေးဘူး''

ဘဝအကြောင်းက‌နေ ဘယ်ဂိမ်းတွေဆီ ရောက်ကုန်ပါလိမ့်ဟု ရောင်နီ ကြောင်အမ်းအမ်းဖြစ်သွားစဉ်မှာပဲ သဒ္ဒါက. . .

''သဒ္ဒါ ကစားတယ်ဆိုတဲ့ဂိမ်းက P2 တို့ ဘာတို့ကို ပြောတာမဟုတ်ဘူးနော်။ သက်ရှိလူသားတွေနဲ့ ဒါချင်းပြိုင်တဲ့ဂိမ်း''

ဟုဆိုကာ သူမရဲ့လက်ချောင်းဖွေးဖွေးသွယ်သွယ်လေး



www.burmeseclassic.com

www.burmeseclassic.com



တွေနှင့် နားထင်ကို ထောက်ပြလေသည်။

"ဩော်. လူတွေနဲ့ပဲ ဉာဏ်ချင်းယှဉ်တာပေါ့။ ဟုတ်လား. . . စိတ်ဝင်စားစရာပဲ။ အဲဒါက ဘယ်လိုကစားနည်းမျိုးလဲ"

ရောင်နီ့စကားအဆုံး သူမက တုတ်တံပါသော ချောကလက်သကြားလုံးတစ်ခု၏ အပေါ်အုပ်ပလပ်စတစ်ကလေးကို ခွာကာ ပါးစပ်ထဲ ထည့်လိုက်ရင်း. . .

"စိတ်ဝင်စားရင်တော့ ပြောပြရမှာပေါ့"

ဟု စကားအစပျိုးကာ ကန်ဘောင်အတက်အဆင်းလှေကားထစ်လေးမှာ ပြန်ထိုင်ချလိုက်တာမို့ ရောင်နီပါ ထိုနေရာမှာ လိုက်ထိုင်ရလေသည်။

"ဒီလို အစ်မရဲ့၊ သဒ္ဒါကစားတဲ့ ဂိမ်းပွဲက လူများများ မလိုဘူး။ ပြိုင်ဘက်က တစ်ယောက်တည်းပဲ။ လောင်းကြေးက တော့ သိပ်မညီမျှဘူးထင်တယ်။ သူ့ဘက်က နှလုံးသားနဲ့ရင်းရတာမျိုးရှိသလို အချိန်ကို ရင်းကြတာမျိုးလည်း ရှိတယ်။ သဒ္ဒါ့ဘက်ကတော့ ဘယ်လိုပြိုင်ဘက်လာလာ, ဦးနှောက်ကိုပဲ ရင်းတယ်။ ခုနတင် အစ်မရှေ့မှာ ဂိမ်းတစ်ပွဲ နိုင်လိုက်သေးတယ်လေ၊ သဒ္ဒါက အမြဲတမ်း Winner ပဲ"

သူမစကားတွေကို ရောင်နီ တဖြည်းဖြည်းသဘောပေါက်





စ,ပြုလာသည်။

"ဩော်. . . သိပြီ ညီမဂိမ်းက စိတ်ဝင်စားစရာပဲ။ ဒီနေ့အထိ ညီမ တစ်ခါမှမရှုံးဖူးဘူးပေါ့နော်"

"ဟင့်အင်း, ရှုံးလို့ဘယ်ဖြစ်မလဲ အစ်မရဲ့။ ရှုံးရင် ပေးရမယ့်လျော်ကြေးက နည်းတာမှတ်လို့"

"ဒါနဲ့ ညီမမှာ Playmate တွေရော အများကြီးပဲလား"

"များတာတော့ မေးမနေနဲ့ အစ်မရေ၊ သဒ္ဒါတက်သမျှသင်တန်းတိုင်းမှာ Playmate ရှိပြီးသား။ လူချင်းမတွေ့ရလည်း ကိစ္စမရှိပါဘူး။ သဒ္ဒါ့မှာ ကိုယ်ပိုင်ဝက်ဘ်ဆိုဒ်ရှိတော့ အားလုံးအဆင်ပြေတယ်။ ဒီဂိမ်းက သဒ္ဒါ့အတွက် စိတ်အပန်းဖြေတဲ့နည်းတစ်ခုပဲ။ စာတွေနဲ့ ဦးနှောက်က အရမ်းပင်ပန်းလာပြီဆို ဒီနည်းနဲ့ Wash လုပ်ပစ်လိုက်တာပဲ။ ဒီဂိမ်းထဲ ဝင်ကစားချင်တဲ့လူတွေများလွန်းလို့ နံပါတ်နဲ့စဥ်ပြီး စောင့်ခိုင်းထားရတယ်"

"ဟုတ်လား, ဒါဆို သူတို့က ညီမဆီက ဘယ်လိုလောင်းကြေးမျိုးကို မျှော်လင့်ထားလို့လဲ"

ရောင်နီ့စကားအဆုံး သူမက သကြားလုံးကို တုတ်တံမှကိုင်ကာ ဘယ်ဘက်ပါးစောင်မှ ညာဘက်ပါးစောင်သို့ ပြောင်းငုံရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"အဟီး. . . ပြောရရင် ရယ်စရာကြီး။ ညီမရဲ့ဂိမ်းမှာ Level သုံးခုရှိတယ်။ ပထမဆုံးအဆင့်အနေနဲ့ အင်တာနက်က တစ်ဆင့် ဉာဏ်စမ်းမေးခွန်းတွေမေးတယ်။ အရမ်း Bright ဖြစ်တဲ့လူမှ ဖြေနိုင်တဲ့မေးခွန်းတွေပေါ့။ အဲ့အဆင့် အောင်မြင်ရင် ညီမနဲ့လူချင်းတွေ့ခွင့်ရမယ်။ ဒါပေမဲ့ လွယ်လွယ်နဲ့တော့ မဟုတ်ဘူး။ ညီမကိုတွေ့အောင်ရှာနိုင်မှ ရမှာ။ တွေ့ပြီးသွားရင် ညီမဆင်တဲ့ trap ထဲကလွတ်အောင် ရုန်းနိုင်ရမယ်။ အဲဒါ နောက်ဆုံးအဆင့်။ အဲဒီသုံးဆင့်လုံး အောင်မြင်ရင် ညီမနဲ့သူငယ်ချင်းဖြစ်ခွင့်ရမယ်။ ပြီးရင် တစ်လအတွင်း ညီမကို လွတ်လပ်စွာချစ်ရေးဆိုခွင့် အခြေတောင်းခွင့်ရှိတယ်"

"တစ်လကျော်သွားရင်ရော"

"အဲဒါဆိုရင်တော့ get out လို့ပြောလိုက်တာပေါ့။ တစ်လကြီးများတောင် အနီးကပ်နေပြီး ရအောင်မကြိုးစားနိုင်တဲ့ လူကို ဘာကိစ္စ သနားနေရမှာလဲ"

"တစ်လတိတိ သူငယ်ချင်းဖြစ်ခွင့်ဆိုတဲ့ တတိယအဆင့်ကို ဘယ်နှယောက်လောက် ရောက်လာဖူးလဲဟင်။ သူတို့ကရော ကျေကျေနပ်နပ်နောက်ဆုတ်သွားရဲ့လား"

"အင်း. . . လေးငါးဆယ်ယောက်လောက် ရောက်လာဖူးတယ်။ အဟင်း. . . နောက်ဆုတ်တာတော့ ကျေကျေနပ်နပ်မဟုတ်ဘူး။ ပျော်ပျော်ပါးပါးနဲ့ကို လစ်သွားကြတာ"

"ဟယ်! ဘာဖြစ်လို့လဲ"

"ညီမက ကောင်းကောင်းပညာပေး နှိပ်စက်လိုက်တာကိုး။ ခုန သီဟဆိုရင် တစ်လတိတိ ညီမဘေးမှာနေဖို့ အခွင့်အရေးတောင် မရလိုက်ရှာဘူး။ သူက အရမ်းနှံ့လွန်းလို့ တမင်ပထုတ်လိုက်တာ။ အဲလိုပြိုင်ဘက်မျိုးကျတော့ သိပ်ပျင်းဖို့ကောင်းတာ အစ်မရဲ့။ ဒါကြောင့် စောစောစီးစီး ဒိုးခိုင်းလိုက်တာ။ သိပ်အထာမကျတဲ့လူတွေအတွက် အချိန်အကုန်မခံနိုင်ဘူးလေ။ ညီမမှာ ကျောင်းစာတွေကလည်း တစ်ဖက်ရှိသေးတာ။ နောက်ပြီး ဘာညာသင်တန်းတွေလည်း တက်နေရသေးတယ်"

"ညီမက ကျောင်းတက်နေတုန်းလား။ ဘယ်တက္ကသိုလ်မှာ တက်နေတာလဲ"

"နိုင်ငံခြားဘာသာတက္ကသိုလ်မှာ ပြင်သစ်စာနဲ့ ဒုတိယနှစ် တက်နေတာလေ"

"ဩော်. . . UFL တက်နေတာပေါ့။ ညီမက စာတော်တာပဲ"

"ဟင့်အင်း, မတော်ပါဘူး။ ညီမက ပေါက်တတ်ကရ




ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



နေရာမှာပဲ Genius ဘွဲ့ရထားတာ။ စာသိပ်ရတာမဟုတ်ဘူး။ ဒါနဲ့ အစ်မကရော ဘာလုပ်လဲဟင်။ ကျောင်းတော့ ပြီးပြီထင်တယ်"

"အင်း. . . ကိုယ်က Psycho နဲ့ ကျောင်းပြီးသွားပြီ။ လောလောဆယ်တော့ ဘာအလုပ်မှမရှိသေးပါဘူး။ အလုပ်ရှာနေဆဲဆိုပါတော့။ ညီမက တခြားသင်တန်းတွေတက်တယ်ဆိုတော့ ဘယ်မှာတက်တာလဲဟင်"

"လှည်းတန်းမှာရော ပန်းဆိုးတန်းမှာရော အစုံပဲ။ အခု လောလောဆယ် လှည်းတန်းမှာ English Speaking နဲ့ ကွန်ပျူတာ တက်နေတယ်။ ကျူရှင်က ပန်းဆိုးတန်းမှာ၊ ပြင်သစ်ဘာသာသီးသန့်က ရှစ်မိုင်ကို သွားတက်ရတာ"

သူမစကားကြောင့် ရောင်နီ မျက်လုံးပြူးသွားရပါသည်။

"ဒါဆို တစ်ပတ်လုံးလုံး ညီမက နေရာအနှံ့ လှည့်ပတ်ပြေးနေရတာပေါ့။ ဟုတ်လား"

"အင်း၊ ဒါပေမဲ့ သဒ္ဒါက ယာဉ်မောင်းလိုင်စင် ရထားပြီးပြီဆိုတော့ အိမ်က ကားပေးထားတယ်လေ"

"ဪ. . . တော်သေးတာပေါ့"

သဒ္ဒါဟာ သူဌေးသမီး ဥစ္စာပေါ ရုပ်ချော ပညာတတ်





ကလေးဖြစ်ပေမယ့် ဂုဏ်ကလေးဆန်ပြီး ဖော်ရွေရင်းနှီးဟန်တွေကြောင့် ရောင်နီ ခင်မင်သွားမိသည်။ ထို့အတူ သူမကိုမြင်ပြီးကတည်းက စိတ်ထဲမှာ အကြံအစည်တစ်ခု ဖြစ်လာခဲ့ခြင်းဟာ သူမပြောစကားတွေ နားထောင်လိုက်တော့ ပိုပြီး ခိုင်မာစွာ ဆုံးဖြတ်လိုက်မိပါသည်။

ဒါပေမဲ့ သူမ စိတ်ဝင်စားလာအောင်တော့ ခေါင်းစဉ်အဆန်းတစ်ခု ထပ်ပေးဖို့ လိုအပ်လေသည်။

"ဒါနဲ့ အစ်မက အင်းလျားကို တစ်ယောက်တည်း ဘာလာလုပ်တာလဲဟင်။ ဒီကို ဘယ်သူမှ တစ်ယောက်တည်းမလာကြဘူး။ လာခဲ့ရင်လည်း သူတို့က လူကောင်းတွေမဟုတ်ဘူး"

"ဘာတွေမို့လို့လဲ"

"အသည်းကွဲသမားတွေလေ၊ အရင်က ချစ်သူနဲ့အတူ သွားခဲ့ဖူးတဲ့နေရာလေးမှာ အလွမ်းလာဖြေကြတာ။ တစ်ယောက်တည်း လမ်းလျှောက်မယ်၊ ကန်ရေပြင်ကြီးကိုကြည့်ပြီး မျက်ရည်ဝဲမယ်။ အဲလိုပေါ့"

သူမထင်ရာတွေ ပြောနေသော ကောင်မလေးရဲ့စကားတွေကို မှားသည်မှန်သည်ဝေဖန်မနေတော့ဘဲ ဒီအတိုင်း လွှတ်ထားပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှလည်း သူမ ဆင်တဲ့အကွက်ထဲ တန်းဝင်လာမှာကိုး။

"ဟုတ်တယ်၊ ကိုယ် အသည်းကွဲနေတယ်၊ အဲ့အတွက် ကုစရာဆေး မရှိမှန်းသိပါတယ်။ ဒါပေမဲ့ စိတ်သက်သာရာ ရအောင် တစ်ခုခုလုပ်သင့်တယ်လို့ ထင်တယ်လေ။ အဲလိုမှမဟုတ်ရင် တစ်သက်လုံး ကိုယ်ကြေကွဲနေရမှာ"

"ဟုတ်တာပေါ့၊ ဒါ မှန်တယ်။ သဒ္ဓါဆို ကိုယ့်ကို စိတ်အနှောင့်အယှက်သေးသေးလေး ပေးရင်တောင် ပြန်ပြီးကလဲ့စားချေပစ်တာ"

"ကိုယ့်အတွက်တော့ အဲဒါမဖြစ်နိုင်တော့ပါဘူး ညီမရယ်။ လူတစ်ဖက်သားကို ကလဲ့စားချေနိုင်တဲ့ အစွမ်းအစလည်း မရှိပါဘူး။ ဒီတော့ ဒီအတိုင်း အသည်းကွဲနေရုံပဲ ရှိတာပေါ့"

ရောင်နီပြောသမျှကို သူမက မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် နားထောင်နေသည်။

"အစ်မရဲ့အသည်းကွဲဇာတ်လမ်းကို ပြောပြမလားဟင်။ သဒ္ဓါစိတ်ဝင်စားလို့"

သူမစကားအဆုံး ရောင်နီ ကျေကျေနပ်နပ်ပင် ခေါင်းညိတ်ပြလိုက်လေသည်။

သဒ္ဓါကလည်း မျက်လုံးလေးအဝိုင်းသားနှင့် မေးထောက်





ရင်း သူမစကားတွေကို စိတ်ဝင်စားစွာ နားထောင်လေတော့၏။

ရောင်နီပြောသမျှတွေကို နားထောင်ပြီး သူမမျက်လုံးလေးတွေ အရောင်တလက်လက်ဖြစ်လာတာကို တွေ့ရသည့်အခါမှာတော့ ရောင်နီ စိတ်ကျေနပ်စွာ ပြုံးလိုက်မိပါ၏။

သဒ္ဓါ့မျက်လုံးထဲမှာ ခံပြင်းဒေါသဖြစ်မှုတွေ၊ အားမလိုအားမရဖြစ်မှုတွေကိုလည်း တွေ့နေရလေသည်။ ရောင်နီ့ဇာတ်လမ်းလေး အဆုံးသတ်သွားတော့ သူမက တောက်တစ်ချက်ခေါက်သည်။

"ဒါ သက်သက်မိုက်ရိုင်းတာပဲ။ အစ်မကရော ဘာလို့ချက်ချင်းပြန်မလာလဲ။ ဒီလောက် အချိန်တွေ ကြာသွားမှတော့ ယောကျာ်းလေးဆိုတာ နီးစပ်ရာကို စိတ်ယိုင်သွားတတ်တာပဲ"

"ဒါပေမဲ့ ညီမရယ်၊ အစ်မပြန်မလာဘူးဆိုတာ ပြန်မလာချင်လို့မဟုတ်တာ။ အခြေအနေအကြောင်းကြောင်းကြောင့် မလာနိုင်တာ။ အစ်မ ကျန်းမာရေးကြောင့် အိပ်ရာထဲလဲနေခဲ့ရတာ။ သူ ဒါတွေမသိဘူး။ သိဖို့လည်း မကြိုးစားခဲ့ဘူး"

"အခု အစ်မက ဘာဖြစ်စေချင်တာလဲ"

"သူ အစ်မဘက်ကို ဘယ်လိုမှစိတ်လည်လာမှာ မဟုတ်တော့ဘူးဆိုတာ သိလိုက်ရတဲ့နောက်ပိုင်း သစ္စာမရှိတဲ့သူ့ လုပ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



ကို သူ့ဘေးက မိန်းကလေးကို သိစေချင်လာတယ်။ ပြီးတော့ သူ့မှာ တကယ့်အချစ်စစ်ဆိုတာ မရှိဘူး။ အဲဒါကို ဟိုကောင်မလေးက မသိဘဲ သူ့ကို သံယောဇဉ်တွယ်နေရှာတယ်။ တစ်နေ့ သူ ထားခဲ့ဦးမှာပဲ၊ အဲလိုမဖြစ်စေချင်ဘူး။ ဒါပေမဲ့ လင်းထင် သစ္စာမရှိဘူးဆိုတာလည်း သက်သေပြချင်လာတယ်''

''အစ်မ သူနဲ့ထိပ်တိုက်တွေ့ပြီး ရှင်းလိုက်ပါလားဟင်။ အဲဒီ့အခါ အစ်မအပေါ် သူ ဘယ်လိုသဘောထားမလဲဆိုတာ ပွင့်ပွင့်လင်းလင်းသိရတာပေါ့''

ရောင်နီ ခေါင်းကို တအားခါရမ်းလိုက်မိသည်။

''ဟင့်အင်း, မတွေ့ချင်ဘူး။ သူ့သဘောထားကို ကိုယ် နားလည်ပြီးပြီ။ ကိုယ် နယ်ကိုပြန်သွားပြီး နှစ်ပတ်အကြာမှာပဲ ကောင်မလေးတစ်ယောက်နဲ့ ချစ်သူတွေဖြစ်သွားတာ။ ပြီးတော့ နောက်ထပ်မိန်းကလေးတွေ အများကြီးနဲ့ ဇာတ်လမ်းတွေ ထပ်ဖြစ်တယ်။ နေရောင်နီဆိုတဲ့မိန်းမကို လုံးဝအသိအမှတ်မပြုဘဲ မေ့ထားရစ်တာ အဲဒါကိုမကျေနပ်ဆုံးဘဲ''

''အခု အစ်မ ဘယ်မှာနေလဲဟင်။ အရင်နေခဲ့တဲ့အိမ်မှာပဲလား။ သူနဲ့ရော တွေ့သေးလား''

''ဟင့်အင်း, ကိုယ် အဲဒီအိမ်မှာ မနေပါဘူး။ သူနဲ့လည်း





တစ်ခါမှမတွေ့ဖြစ်တော့ဘူး''

သဒ္ဒါက ခေါင်းတဆတ်ဆတ်ညိတ်ရင်း စိတ်ဝင်တစား နားထောင်နေရာမှ. . .

''အစ်မစိတ်ထဲမှာ လင်းထင်ကို ချစ်မနေတော့တာ သေချာလားဟင်''

ရောင်နီ ခေါင်းညိတ်ပြလိုက်သည်။

''မေစုမွန်မှမဟုတ်ဘူး, သူ့ကို ဘယ်မိန်းကလေးနဲ့ပဲဖြစ်ဖြစ် ကွဲစေချင်တာ။ အဲဒါ နေရောင်နီရဲ့ကျိန်စာပဲ။ လင်းထင်က ဘယ်မိန်းမကြောင့်မှ အသည်းမကွဲတတ်ဘူးတဲ့။ အဲဒါကြောင့် သူ့ကို အသည်းကွဲစေချင်တယ်''

''သိပ်ကိုစိတ်ဝင်စားစရာကောင်းတဲ့ဂိမ်းပဲ။ ဒီတစ်ခါတော့ အဲဒီပွဲကို ဝင်ကစားဖို့ သဒ္ဒါကစပြီး invite လုပ်ပါရစေ။ ဘယ်လိုလဲ အစ်မ''

သူမတို့နှစ်ယောက် အတန်ကြာအောင် မျက်ဝန်းချင်း ဆုံကြည့်လိုက်မိ၏။

''တကယ်လုပ်နိုင်ပါ့မလား။ ဒီပွဲက အလျော်အစားကြီးတယ် သဒ္ဒါ။ မင်းပြိုင်ရမယ့်ပြိုင်ဘက်က သံမဏိအသည်းနဲ့လူ။ ဘယ်လိုခွဲနိုင်မှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"သဒ္ဒါက အသည်းမခွဲပါဘူး။ သံမဏိကို အရည်ပျော်အောင် လုပ်မှာ"

"အိုကေ. . . အောင်မြင်ပါစေလို့ ကိုယ်ဆုတောင်းမယ် သဒ္ဒါ။ ညီမကို အရမ်းကျေးဇူးတင်ပါတယ်"

ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်အဝရှိသော သဒ္ဒါ့ အပြုံးက ပီပြင်လွန်းလှ၏။ ရောင်နီ့ရင်ထဲမှာတော့ ဒွိဟစိတ်နှင့် တဒိတ်ဒိတ်ခုန်နေရလေသည်။

ဂျူဂျူဂျူ



## အခန်း (၁၉)

သူ စိတ်ရှုပ် စိတ်ပျက်လှစွာ တောက်တစ်ချက် ခေါက်ရင်း ဖုန်းကို ခွပ်ခနဲ ပြန်ချပစ်လိုက်သည်။

ခုံပေါ်မှာ ဝုန်းခနဲ ပစ်မှီထိုင်ချရင်း မျက်လုံးတွေကို စုံမှိတ်လိုက်တော့ မျက်လုံးအပိုင်းသားနှင့် တစ်စုံတစ်ရာကို ကြောက်ရွံ့ထိတ်လန့်နေဟန်ရှိသော မေလေးမျက်နှာကို မြင်ရလေသည်။ အခုတလော မေလေးကိုကြည့်ရတာ တစ်ခုခုကို အလွန်အမင်း စိုးရိမ်နေပုံရကာ သူ မသိအောင် ဖုံးကွယ်လျှို့ဝှက်မှု ရှိနေသည်ဟု ထင်ရလေသည်။

အပြင်သွားဖို့ ဖုန်းဆက်တိုင်း အကြောင်းအမျိုးမျိုးပြ



www.burmeseclassic.com

www.burmeseclassic.com



ရှောင်လွှဲခဲ့ပေါင်းလည်း များပြီ။ သွားမိတော့လည်း မျက်လုံးတွေက ကျီးကန်းတောင်းမှောက်နှင့် တစ်ယောက်ယောက်က လိုက်ချောင်းတာ ခံနေရသလို မငြိမ်မသက်ဖြစ်နေတတ်သည်။

ဒီနေ့ အလုပ်နားရက်ဆိုပေမယ့် နေမကောင်းဘူးဆိုတာကြောင့် ဘယ်လိုမှတွေ့ခွင့်မရနိုင်သည့်အဖြစ်ဟာ တကယ်မှဟုတ်ရဲ့လားဆိုပြီး သံသယဝင်လာမိ၏။

ဘုရားသွားသည့်နေ့ကျရင်တော့ ထိုပြဿနာရဲ့အရင်းအမြစ်ကို တွေ့အောင်ရှာပြီး ရှင်းရမည်ဟု စိတ်ထဲ တေးထားလိုက်သည်။ သူ နေရာမှထရပ်ပြီး အခန်းထဲသွားရန် ပြင်လိုက်စဉ်မှာပဲ ရုတ်တရက်ထမြည်လာသောဖုန်းသံကြောင့် သူ ဖုန်းကိုကောက်ကိုင်လိုက်ရသည်။

''ဟဲလို, ပြောပါ''

''ဟဲလို. . . ဆရာလင်းထင်သူရန်နဲ့ စကားပြောချင်လို့ပါရှင့်''

တစ်ခါမှမရင်းနှီးသော မိန်းကလေးအသံရှင်ကြောင့် လင်းထင် အံ့ဩသွားမိသည်။

''ဟုတ်ကဲ့, ကျွန်တော် လင်းထင်ပါ''

''ဩော်, ဟုတ်လား၊ ဆရာ့ဆီမှာ ကျောင်းသားသစ်





အပ်ချင်လို့ပါ''

''ဟို. . . ကျောင်းအပ်ချင်ရင် ကျွန်တော်လိုက်သင်နေတဲ့ဝိုင်းတွေ ရှိတယ်။ အဲဒီကိုဆက်သွယ်လို့ရပါတယ်။ ကျွန်တော်အိမ်လိုက်မသင်ပါဘူးခင်ဗျ''

တစ်ဖက်မှ ခေတ္တအသံတိတ်သွားသည်။

''အိမ်လိုက်သင်ဖို့ မဟုတ်ပါဘူးဆရာ။ ဝိုင်းမှာလည်း မအပ်ချင်ဘူး''

''ဒီတော့''

''အားတော့နာပါတယ် ဆရာ။ ဆရာ့ရဲ့ Privacy အချိန်မှာ သင်ပေးလို့ရမလား။ ဆရာ့အိမ်မှာပဲဖြစ်ဖြစ်ပေါ့''

သူဘာဖြေရမှန်းမသိအောင် ရုတ်တရက်အံ့ဩသွားရပါသည်။

''ကျွန်တော့်အိမ်မှာနေတဲ့အချိန်က မရှိသလောက် ရှားပါတယ်။ ဘာသာစုံ ဘယ်လိုမှမဖြစ်ဘူးထင်ပါတယ်။ ဆယ်တန်းကျောင်းသားတစ်ယောက်အတွက် ဘာသာစုံဝိုင်းမှာ တက်ခိုင်းတာပဲ သင့်တော်ပါတယ်''

သူ့စကားအဆုံး တစ်ဖက်မှ ရယ်သံသဲ့သဲ့ထွက်လာ၏။

''ဆယ်တန်းကျောင်းသားမဟုတ်ပါဘူး ဆရာ။ ဆရာ့



www.burmeseclassic.com

www.burmeseclassic.com



ဆီမှာ အင်္ဂလိပ်တစ်ဘာသာတည်း သင်ချင်တာပါ''

''အခုဖုန်းဆက်နေတဲ့သူက''

''သဒ္ဒါချိုပါ ဆရာ။ သဒ္ဒါက UFL ကျောင်းသူတစ်ယောက်ပါ။ အင်္ဂလိပ် သီးသန့်လေ့လာချင်လို့ ဆရာ့ကိုအကူအညီတောင်းတာပါ''

အင်္ဂလိပ်စာ လေ့လာချင်သည်ဆိုသောကြောင့် သူ နည်းနည်းတော့ စိတ်ဝင်စားသွားမိသည်။

''ဒါနဲ့ ကျွန်တော့်လိပ်စာ ဘယ်ကရလဲမသိဘူး''

''ဆရာစာသင်တဲ့ကျူရှင်တွေကနေ စုံစမ်းတာပါ။ တခြား Language Centre တွေမှာ မသင်ချင်တဲ့အတွက် ဆရာ့ဆီမှာ အကူအညီတောင်းတာပါ။ အဲဒါလေး ဖြစ်မဖြစ်, တစ်ချက်လောက်သိပါရစေရှင်။ အနည်းဆုံး တစ်ပတ်မှာ သုံးနာရီလောက်ဘယ်အချိန်ဖြစ်ဖြစ်ပေါ့''

''အင်း. . . တစ်ပတ်လုံးမှာ ဗုဒ္ဓဟူးနေ့တော့ ရတယ်။ ညနေပိုင်းနဲ့မနက်စောစောပေါ့။ နှစ်ချိန်ခွဲသင်ရမယ်။ ဖြစ်လား''

ဘာကြောင့် သူ ချက်ချင်းအဖြေပေးလိုက်မိမှန်း ကိုယ့်ကိုယ်ကိုတောင် နားမလည်နိုင်တော့ပါ။ တကယ်ဆို အဲ့အချိန်တွေက သူ့ရဲ့ရှားရှားပါးပါးအားလပ်ချိန်လေးတွေဖြစ်ပြီး မလေး





ရဲ့ Off ရက်ဖြစ်တာမို့ အပြင်ထွက်လျှောက်လည်ရန် သီးသန့်ထားခြင်းဖြစ်၏။

ယခု လူကိုမမြင်ဖူးရပါဘဲ ချိုရှရှအသံလေးနှင့် တစ်ဆရာတည်းဆရာနေသော UFL ကျောင်းသူမလေးကို စာသင်ပေးရန် တစ်ထိုင်တည်း ဆုံးဖြတ်ချသဲ့သောတူလိုက်ခြင်းအတွက် လင်းထင် ကိုယ့်ကိုယ်ကို အံ့ဩနေမိသည်။

''အခု ဗုဒ္ဓဟူးနေ့နော် ဆရာ။ ဒီနေ့စလို့ရပြီလား မသိဘူး''

''ဗျာ. . . ဟုတ်ကဲ့၊ ရတော့ရပါတယ်။ ဒါပေမဲ့ အဲဒီကလာရမှာ''

''သဒ္ဒါက ဆရာ့အိမ်ရှေ့ ရောက်နေပါပြီ''

သူ့လက်ထဲကဖုန်းပင် လွတ်ကျလုမတတ် အံ့ဩသွားရလေတော့သည်။

မယ်မင်းကြီးမလေးက သူ့အိမ်ရှေ့ရောက်မှ အပီအပြင်လှမ်းချိတ်လိုက်တာကိုး။

ဒီနေ့တစ်ရက်တည်း သူ အိမ်မှာရှိတာလည်း ကြုံသိပုံရလေသည်။ သူ တအံ့တဩနှင့်ပင် အိမ်ရှေ့တံခါးဖွင့်လိုက်တော့ အနက်ရောင် အမိုးဖွင့်ဂျစ်ကားပေါ်မှ ဆင်းလာသည့်ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



ကို စတင်တွေ့ရှိလိုက်ရလေတော့၏။

ခြေသလုံးတစ်ဝက်နီးပါးအထိ အဖြူရောင်ကြိုးစတွေ
သိုင်းချည်ထားသော High hell တစ်ရံနှင့် လိုက်ဖက်လှသည့်
ခြေဖမိုးဖြူဖြူ၊ သလုံးသားဝင်းဝင်းကလေးတွေရဲ့ အပေါ်ခပ်ဝေ
ဝေးနေရာမှာရှိသော အဖြူရောင် စကတ်တိုလေးနှင့် တစ်ဆက်
တည်းလိုဖြစ်နေသော လည်ထောင်လက်ပြတ် ဆွယ်တာဖြူဖြူ
လေးကိုဝတ်ထားပြီး ခါးမှာ ခါးပတ်အနက်ရောင် ခပ်သေးသေ
တစ်ခုသာ ပတ်ထားသောသူမပုံစံက ခုမှ မိုးပေါ်က ကျလာသော
တိမ်စိုင်ကလေးနှင့် တူနေသည်။

အဲဒီနောက်မှာတော့ နှစ်လိုဖွယ်အပြုံးတစ်စကို ဖန်တီး
ထားသည့် အလှန်ပါးလွှာသေးသပ်သည့် နှုတ်ခမ်းရဲရဲတစ်စုံနှင့်
အတူ ရှည်လျားမည်းနက်သော မျက်တောင်စိပ်စိပ်တွေ ဝိုင်းရံ
ထားခြင်းခံရသည့် မျက်လုံးဝိုင်းဝိုင်းလေးတစ်စုံကို မင်တက် အံ့
သြဖွယ် တွေ့လိုက်ရလေတော့၏။

ဘေးနှစ်ဖက် ကပိုကရို ခွဲချည်လာသည့် ဆံနွယ်ရှည်
တွေကတော့ အနောက်တိုင်းဆန်သော သူမအပြင်အဆင်တွေ
နှင့် အနည်းငယ်မလိုက်ဖက်စွာ မည်းနက်တောက်ပြောင်နေ၏။
ဤမျှအထိ ခမ်းနားထည်ဝါစွာ လှပလွန်းသော မိန်းကလေးတစ်





ယောက် သူ့ထံသို့ စာလာသင်ခြင်းကို ဘယ်လိုမှမယုံနိုင်ဘဲ အံ့သြပြီးရင်း အံ့သြနေရလေသည်။

သူ့ပတ်ဝန်းကျင်မှာ ခပ်လှလှမိန်းကလေးပေါင်း မြောက်များစွာ တွေ့ဖူးသော်လည်း ဤသို့ တရင်းတနှီး ဆိုက်ဆိုက်မြိုက်မြိုက် ဆုံဖူးခြင်းမရှိတာမို့ သူ ရင်တွေ တဒိတ်ဒိတ်ခုန်နေမိသည်မှာ လွန်အံ့မထင်။

ကျောပိုးအိတ်သေးသေးလေးကို ပခုံးမှာချိတ်ရင်း ခြံထဲသို့ တစ်လှမ်းချင်း ဝင်လာသော သူမရဲ့သွားလာပုံတွေက ယခင်ရောက်ဖူးနေကျ နေရာတစ်ခုလို ရဲရဲတင်းတင်းရှိလှကာ သူ့ကိုလည်း နည်းနည်းမှ ရှက်လန့် ကြောက်ရွံ့နေပုံမပေါ်ပါ။

"သဒ္ဒါချိုပါ ဆရာ၊ ဆရာ့ရဲ့ရှားရှားပါးပါးအားလပ်ချိန်ကို အကျိုးရှိစွာ ဖြုန်းတီးဖို့ ရောက်လာတာဆိုပါတော့"

ပြုံးရိပ်သန်းနေတဲ့ မျက်ဝန်းလက်လက်ကလေးတွေနှင့် တည်ငြိမ်စွာ စကားဆိုလိုက်သော သူမရဲ့ပန်းရင့်ရောင်နှုတ်ခမ်းစိုစိုလေးကိုကြည့်ပြီး သူ အသက်ရှူဖို့ တဒင်္ဂ မေ့လျော့သွားမိလေသည်။

ကလေးဆန်သောပုံစံလေးပေမယ့် မူနွဲ့တီတာ ခရာနေတာမျိုးလည်းမဟုတ်သည့်သူမကိုကြည့်ပြီး ဝေခွဲရခက်၊ နားလည်



www.burmeseclassic.com

www.burmeseclassic.com



ရ ခက်နေမိ၏။ သို့သော် သူမ စာလာသင်ခြင်းကို သွေးရိုးသ
ရိုးကိစ္စဟုတော့ သူ ဘယ်လိုမှမယုံကြည်နိုင်ပါ။

"လာ, အထဲဝင်ပါ"

"ဟုတ်ကဲ့ ဆရာ"

သူ့စကားအဆုံး သူမက တလေးတစားပုံစံလေးနှင့်ပ
ခေါင်းညိတ်ပြရင်း အိမ်ထဲသို့ လှမ်းဝင်လာသည်။ ထိုစဉ်မှာပ
အနောက်ခန်းထဲမှ ထွက်လာသော အန်တီမေ၏ စပ်စပ်စုစုမျက်
လုံးများနှင့် ရင်ဆိုင်တွေ့လိုက်ရ၏။

"ဩော်. . . ဒါ သားညွှန့်သည်ထင်တယ်"

"ညွှန့်သည်မဟုတ်ပါဘူးရှင်၊ ဆရာ့ဆီမှာ စာသင်ဖို့လာ
တာပါ"

"အို. . . ဟုတ်လား"

မယုံနိုင်ဟန်ဖြင့် သူမကို ခြေဆုံးခေါင်းဆုံးကြည့်နေသော
အန်တီမေက အဓိပ္ပာယ်တစ်မျိုး သက်ရောက်သော အကြည့်တစ်
မျိုးနှင့် လင်းထင်ကိုတစ်လှည့် ကြည့်လာပေမယ့် မသိဟန်ဆောင်
နေလိုက်သည်။

"ကိုယ့်စာဖတ်ခန်းက အပေါ်ထပ်မှာ သဒ္ဒါချို. . . မင်း
အတွက် အဆင်ပြေပါ့မလား"





"ရပါတယ် ဆရာ၊ လေဝင်လေထွက်ကောင်းပြီး အလင်း
ရောင်ကောင်းကောင်းရရင် ဖြစ်ပါတယ်"

သူမစကားအဆုံး လင်းထင် ခေါင်းတစ်ချက် ညိတ်ပြီး
အပေါ်ထပ်လှေကားအတိုင်း ရှေ့မှဦးဆောင်တက်လာခဲ့လေသည်။
သူ့နောက်မှ သဒ္ဒါချိုက တိတ်ဆိတ် ကျနွံရစွာပင် လိုက်ပါလာ၏။

စာသင်ဖို့ရောက်လာသော မိန်းကလေးတစ်ယောက်ပုံစံ
က သူတွေ့ဖူးနေကျ မျက်မှန်ထူထူ ဆံပင်တိုတိုနှင့် စာကြမ်းပိုး
ကျောင်းသူမလေးတွေနှင့်မတူဘဲ ဖက်ရှင်ဆန်ဆန် အဝတ်အစား
များနှင့် တောက်ပသားနားစွာ လှပနေခြင်းကို သူကိုယ်တိုင် မယုံ
နိုင်ချေ။ အန်တီမေရဲ့သက်သမကောင်းမျက်လုံးများနှင့် ရင်ဆိုင်ရတာ
လည်း မပြောနှင့်။ သူမပုံစံက လှတယ်ဆိုတာထက် ပိုပြီးမော်
ဒယ်လ်တစ်ယောက်လို ထင်ရှားပေါ်လွင်နေသည့်အပြင် ကိုယ်
တိုင် ကားမောင်းပြီး အိမ်ရှေ့ကို ရောက်လာသတဲ့လေ။

"ဒီအခန်းပဲ ဒါ စာသင်နေကျနေရာမဟုတ်တော့ စား
ပွဲတစ်လုံးနဲ့ ထိုင်ခုံပဲရှိတယ်။ မင်းအတွက် သီးသန့်စားပွဲတော့
မပေးနိုင်ဘူး"

"ကိစ္စမရှိပါဘူးဆရာ။ သဒ္ဒါ အဓိကသင်ချင်တာ En-
glish Speaking နဲ့ Grammar အပိုင်းပါ။ Speaking ကျ



www.burmeseclassic.com

www.burmeseclassic.com



တော့ Listening ကို အားနည်းတဲ့အတွက် ဆရာနဲ့ Practice...''

''ခဏလေး သဒ္ဒါချို... မင်း English Speaking ကောင်းကောင်းကျွမ်းကျင်ချင်တယ်ဆိုရင် စကားပြောရင် မြန်မာတစ်ဝက် အင်္ဂလိပ်တစ်ဝက် ညှပ်ပြောတာတွေ လျှော့ပါ''

သူ့စကားကြောင့် သူမက ရှက်ပြုံးတစ်ချက်ပြုံးရင်း...

''ဟုတ်ကဲ့ ဆရာ၊ အကျင့်ပါနေလို့ နောက်ကိုဆင်ခြင်ပါ့မယ်''

ဟု ချက်ချင်းပြန်ပြောလေသည်။

သူမရဲ့ အစွမ်းကုန်နှိမ့်ချ ရိုကျိုးသော တပည့်ကောင်းဂိသမှုအတွက် သူ တကယ်ပဲ သဘောကျသွားမိ၏။

''စကားမစပ် ဆရာ၊ ဟိုဘက်အိမ်က အိမ်ရှေ့တံခါးကြီး ပိတ်ထားပြီး ဒီဘက် ပြတင်းတံခါးကျတော့ ဘာလို့ ဖွင့်ထားတာလဲ မသိဘူးနော်''

သူမစကားအဆုံး လင်းထင်မျက်နှာက ချက်ချင်းပျက်ယွင်း ညှိုမှောင်သွားလေသည်။ လင်းထင်ရဲ့မျက်နှာအပြောင်းအလဲကိုကြည့်ပြီး သူမ ကျိတ်ပြုံးလိုက်မိ၏။

''ဟုတ်လား၊ ကိုယ်ကတော့ ပတ်ဝန်းကျင်ကို သိပ်သတိ





မထားမိဘူး။ မင်းက အခုမှသာ ရောက်တယ်၊ သိလှချည်လား''

သူ့လေသံက သဒ္ဒါ့ကို စပ်စုလှချည်လားဟု ပြောချင်ပုံရလေသည်။ သူမကတော့ ဖြောင်ကျလှသော သူ့ရဲ့ဝေဖန်မှုအတွက် နည်းနည်းမှမတုန်လှုပ်ချေ။

''ဒီကိုအခုမှရောက်တယ်လို့ ဆရာ့ကိုမပြောမိပါလား။ သဒ္ဒါ ဒီလမ်းထဲကို ခဏခဏရောက်ပါဖူးတယ်''

''ထားလိုက်ပါတော့၊ အဲဒီအိမ်ကို စိတ်ဝင်စားရင် ဒီရပ်ကွက်ထဲမှာ စုံစမ်းလို့ရပါတယ်။ အခုလောလောဆယ်တော့ စာသင်ဖို့ အသင့်ပြင်ပါ''

''ဟုတ်ကဲ့ ဆရာ''

ဒီလိုကျပြန်တော့လည်း သူမပုံစံက အပြစ်ကင်းစင်လှသော ကလေးတစ်ယောက်နှယ်။ လင်းထင်ဆီသို့ရောက်လာပုံကိုက စိတ်ဝင်စားဖွယ်အပြည့်နှင့် ဆွဲဆောင်မှုရှိသော လှပခမ်းနားမှုများပါ ပါဝင်လေသည်။

သို့သော် ဘေးပတ်ဝန်းကျင်ကို စိတ်ဝင်တစား စပ်စုမေးမြန်းပုံကတော့ မသိတတ် ဆိုးရွားလွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ရပါတယ်" တဲ့။

တကယ်တော့ အားတုံ့အားနာ ပြောလိုက်ရတဲ့စကား တစ်ခွန်းအတွက် ရင်းနှီးလိုက်ရတာတွေကတော့ အများကြီးပါပဲ။ ရပါတယ်ဆိုတဲ့စကားရဲ့ နောက်ကွယ်မှာ စိတ်မကောင်းဖြစ်ရတာတွေ၊ မကျေမနပ်ဖြစ်ရတာတွေက အများကြီးရှိနေတာ တကယ်ခံစားဖူးမှ သိကြမှာပါ။

"မမေလေး မျက်နှာသိပ်မကောင်းဘူး။ ဘာဖြစ်လို့လဲဟင်"

ငိုချင်ရက် လက်တို့မေးခွန်းမျိုး မေးလိုက်သော ဖုန်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com



က ကောင်မလေးကို သူမ ဇဝေဇဝါမော့ကြည့်လိုက်မိသည်။ တစ်ခုခုစိတ်မကောင်းဖြစ်လျှင် ရင်ထဲ သိမ်းဆည်းမထားတတ်သောအကျင့်က ဆိုးတော့ ဆိုးလွန်းသည်။

ယခုလည်း မိုးငယ် မေးလိုက်တာကို မဖြေဘဲ နေလို့ရသားနှင့် ဖြစ်ကြောင်းကုန်စင်ကို အစအဆုံး ဖွင့်ဟပြောဆိုချင်စိတ်က အလိုလိုဖြစ်လာရ၏။

"စိတ်ထဲမှာ တစ်မျိုးကြီးပဲ မိုးငယ်ရယ်။ မောင်နဲ့မတွေ့ရတာ တစ်လနီးပါးတောင် ရှိနေပြီ"

"ဩော်, ဒါကြောင့်ကိုး။ ထင်တော့ထင်သားပဲ။ သေချာအောင် မေးလိုက်တာ"

အဘယ်မျှ ဆိုးရွားလိုက်သည့်စကားပါလိမ့်။

သူ့ကို ဖွင့်ပြောကာမှ အားပေး နှစ်သိမ့်ဖော်မရသည့်အပြင် မီးလောင်ရာ,လေပင့် လာလုပ်နေသောကြောင့် စိတ်ထဲစပ်ဖျဉ်းဖျဉ်းဖြစ်သွားမိ၏။

"တကယ်တော့ တို့အပြစ်တွေ အများကြီးပါတယ်, သိလား။ ဟိုရက်တွေတုန်းက Off ရက်တိုင်း မောင်နဲ့တွေ့နေကျကို သွားမတွေ့မိဘူး။ ခုကျတော့ မောင်က မအားဘူးတဲ့။ အိမ်မှာတောင် စာသင်နေရလို့ ကောင်းကောင်းမနားရဘူးတဲ့လေ"





"ဒါဆိုလည်း အစ်မ အလုပ်ဆင်းချိန် လာကြိုခိုင်းပေါ့"

"ညကိုးနာရီ,ဆယ်နာရီကြီး မဖြစ်ပါဘူး ညီမရယ်။ စာကျက်ရတာတစ်ဖက်၊ စာသင်ရတာတစ်ဖက် ပင်ပန်းရတဲ့ကြားထဲအလုပ်ဆင်းချိန် လာကြိုနေရရင် သူဘယ်အချိန် သွားနားမလဲ"

သူမစကားကို မိုးငယ်က ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

"ဒါလည်း ဟုတ်တာပဲနော်။ အစ်မတို့နှစ်ယောက်ကအရင်တုန်းက အလုပ်တူတူဆိုတော့ နေ့တိုင်းတွေ့နေရပြီး ခုကျတော့. . ."

"အလုပ်အတူတူဆိုတုန်းကတော့ စိတ်ချမ်းသာတာပေါ့နော်။ ဒါပေမဲ့ သူက အဲလိုအလုပ်မျိုးကို ရေရှည်လုပ်ဖို့ စိတ်ကူးမှမရှိတာ။ အခိုက်အတန့်မို့ လုပ်တာလေ။ အင်း, ဒီအတိုင်းသာတာရှည်ဝေးနေရရင်တော့ မဖြစ်သေးပါဘူး"

"ဒါဆိုလည်း မြန်မြန်လက်ထပ်လိုက်ပေါ့ အစ်မရယ်။ သူလည်း ကျောင်းပြီးနေပြီပဲဟာ"

"ကျောင်းပြီးပေမယ့် သူ့အလုပ်က အတည်တကျမှ မဟုတ်သေးတာ။ တို့ကတော့ လက်ထပ်ချင်နေပြီ။ သူက သူ့ရည်မှန်းချက်တွေ မပြည့်မချင်း လက်ထပ်ဦးမှာ မဟုတ်သေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူက တို့ကို ပြည့်ပြည့်စုံစုံနဲ့ မကြောင့်မကြ ထားချင်တာလေ''

''ဒါပေမဲ့ ယောကျ်ားဆိုတာမျိုးက မီးဝေး,ချိတ်မာပဲ အစ်မရဲ့။ မတွေ့တာကြာရင် သွေးအေးသွားတတ်တယ်။ ကိုယ့်နောက်ကွယ်မှာ သူဘာလုပ်နေတယ်ဆိုတာ အမြဲလေ့လာပေါ့''

မိုးငယ်စကားကြောင့် သူမရင်ထဲ ထိတ်ခနဲဖြစ်သွားရသည်။

''မောင့်ကိုတော့ ယုံပါတယ်။ သူ့မှာ မိန်းကလေး သူငယ်ချင်းတွေ ဘာတွေလည်း ရှိနိုင်တာပဲ။ ဒါမျိုးက စုံစမ်းလည်း အမှန်သိချင်မှသိရမှာ။ တို့ကတော့ တစ်နေ့ မောင်နဲ့အသေအချာ လက်ထပ်ရမယ်လို့ ယုံကြည်ထားတယ်။ တို့ကိုယ်တိုင်ကလည်း မောင်ကလွဲပြီး တခြား ဘယ်သူ့ကိုမှ စိတ်ဝင်စားလို့ မရတော့တာ''

''ဒါက အစ်မဘက်က အမြင်လေ။ မိန်းမတွေက ဒီအတိုင်းပါပဲ, တစ်ယောက်ဆိုတစ်ယောက် မျက်စိမှိတ်ယုံတာ။ သူတို့ကတော့ အမြဲတမ်း မျက်စိတစ်ဖက်တည်း မှိတ်ထားတာ အစ်မရဲ့။ ကျန်တဲ့တစ်ဖက်က အလန်းလေးတွေ့ရင် ရရ,မရရ ရှိုးလိုက်တာပဲ''

မျက်နှာအမူအရာအမျိုးမျိုးနှင့် အားပါးတရပြောနေသော





မိုးငယ်စကားကို နားထောင်ပြီး မေလေး ရယ်ချင်လာသည်။

''နင်ကလေ, ပြောလည်းပြောတတ်တယ်။ ကြဲကြဲဖန်ဖန်တွေ''

''အံ့မယ်! အမှန်အကန်တွေနော်၊ မိုးငယ်တို့က ရည်းစားသာ မထားတာ. . . အီစီကလီဇယားတွေ အပြည့်ဆွဲထားတော့ အထာနပ်နေပြီ။ တယုတယနဲ့ ဂရုတစိုက်လုပ်ပြတဲ့ ယောကျ်ားတွေက ပိုကြောက်ဖို့ကောင်းသေးတယ်''

''မောင်က အဲလိုမဟုတ်ပါဘူးဟယ်၊ တို့နဲ့တွေ့ရင် လက်ထပ်ပြီးတဲ့အခါ ဘယ်လိုနေမယ်၊ ဘာတွေလိုအပ်မယ်ဆိုတာတွေပဲ ပြောတာပါ။ အမြဲတမ်း ဘဝရှေ့ရေးအတွက်ပဲ တိုင်ပင်နေတတ်တာ''

''အဲဒါအရှောင်းဆုံး အယုံသွင်းနည်းတစ်မျိုးလို့ မထင်ဘူးလား မေစုမွန်။ ဒါမှ ယောကျ်ားတစ်ယောက်အပေါ် လုံးလုံးလျားလျား ယုံကြည်မှီခိုချင်လာမှာပေါ့။ တစ်နေ့ ကိုယ်တို့လက်ထပ်ကြမယ်ဆိုတဲ့စကားက မိန်းမတစ်ယောက်ကိုကြဲဖို့ အကောင်းဆုံးလက်နက်ပဲ''

စကားအဆုံး မေလေးရော မိုးငယ်ပါ အသံလာရာဆီ မော့ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



Sky blure ဂျင်းပင်န်နှင့် အဖြူဆွတ်ဆွတ် တီရှပ်ပွပွကိုဝတ်ဆင်ထားပြီး အညိုရောင် ဆံနွယ်အခွေအလိပ်တွေကို ပခုံးပေါ်မှာ ကပိုကယိုဖြန့်ချထားသော နေရောင်နီက လက်နှစ်ဖက်ကို တင်းတင်းပိုက်ရင်း သူမရှေ့မှာ ခပ်တည်တည်ရပ်နေသည်ကို တွေ့လိုက်ရလေသည်။ မိုးငယ်က တအံ့တဩပုံစံလေးနှင့် သူမနှင့်နေရောင်နီကို တစ်လှည့်စီ လိုက်ကြည့်နေ၏။

မေလေး ဒေါသဖြစ်မိပေမယ့် ဘာမှပြန်မပြောတတ်အောင် နှုတ်ဆိတ် ဆွံ့အနေမိသည်။

"ကိုယ်, မင်းနဲ့တွေ့ချင်လို့ လိုက်လာတာ မေစုမွှန်။ ဒီနေ့ အချိန်ရတယ်မှတ်လား။ မောင်နဲ့တွေ့ဖို့ရှိတယ်လို့တော့ မညာနဲ့နော်"

သူမစကားတွေ ရှေ့ဆက်မလွန်အောင် မေလေး ထိုင်ရာမှ အလျင်အမြန်ထရပ်လိုက်ရသည်။

"တစ်နေရာ သွားတာပေါ့။ ဒီမှာမပြောချင်ဘူး"

မေလေးအသံက စိတ်မရှည်သလို ခပ်ဆတ်ဆတ်လေသံပေါက်နေပေမယ့် သူမကတော့ အပြုံးမပျက်ပင် နောက်မှ အေးအေးဆေးဆေးလိုက်ပါလာသည်။

"နင်ဘာလာလုပ်တာလဲ နေရောင်နီ၊ ငါ နင်နဲ့မတွေ့





ချင်တော့ဘူး"

"ကိုယ်ကတော့တွေ့ချင်သေးတယ်၊ တွေ့စရာအကြောင်းလည်း ရှိတယ်လေ"

"ကျွတ်. . ."

သူမ စိတ်ပျက်ညည်းညူစွာ စုတ်တစ်ချက် သပ်မိသွားသည်။ နေရောင်နီက အပြုံးမပျက် အေးစက်စက်လေသံနှင့်. . .

"မင်းနဲ့လင်းထင် ပြတ်သွားပြီလား"

"ဘာပြောတယ်"

ရှုံးခနဲဒေါသဖြစ်သွားသော မေလေးပုံစံကိုကြည့်ပြီး သူမက တဟက်ဟက်ရယ်နေသည်။

"မင်းနဲ့ လင်းထင် လမ်းခွဲလိုက်ပြီလားလို့မေးတာ"

"ဘာကိစ္စလမ်းခွဲရမှာလဲ။ အဲလို လွယ်လွယ်နဲ့ လမ်းခွဲပစ်ရအောင် ငါတို့က ပေါက်လွှတ်ပဲစား အပျော်တွဲခဲ့ကြတာ မဟုတ်ဘူး။ တစ်ဘဝလုံးအတွက် ရည်ရွယ်ပြီး ချစ်ခဲ့တာ"

"ဩော်, ဟုတ်လား၊ မင်းကိုကြည့်ရတာ လင်းထင်နဲ့ဝေးရင် သေသွားတော့မယ့်ပုံပဲနော်။ အခု လင်းထင်က နောက်တစ်ယောက်နဲ့တွဲနေပြီ။ ကဲ. . . မင်းဘာလုပ်မလဲ"

မေလေး ဘယ်ဘက်ရင်အုံက စူးခနဲအောင့်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကို ပြတ်ထွက်လုမတတ် ဖိကိုက်ရင်း နေရောင်နီ့မျက်နှာကို စိုက်ကြည့်နေလိုက်မိ၏။

သွေးအေးသော်လည်း ရက်စက်လှခြင်း အရိပ်အယောင်တွေမရှိသည့် နေရောင်နီ့မျက်နှာက အမှန်တရားအတွက် ဖွတ်မိုက်ရဲမည့် အရိပ်အယောင်တို့ ပြည့်နှက်နေသည်။

"အစကတည်းက ပြောပြီးပြီနော်၊ နင်ပြောတဲ့စကားအတိုင်း ငါမယုံဘူးလို့"

"ကောင်းပြီလေ၊ ဒါဆို မင်းကိုယ်တိုင် စုံစမ်းကြည့်ပေါ့၊ လင်းထင်, ကောင်မလေးတစ်ယောက်နဲ့ တွဲနေတယ်။ တစ်လနီးပါးရှိပြီ။ မင်းမသိတာ အံ့သြစရာပဲ"

နေရောင်နီက ပြောပြီးသည်နှင့် လက်နှစ်ဖက်ကို ဖြန့်လျက် ပခုံးတစ်ချက်တွန့်ကာ သူမရှေ့မှ ချာခနဲလှည့်ထွက်သွားသည်။

"နေရောင်နီ"

မေလေး ဘယ်လိုမှ မနေနိုင်တော့ဘဲ သူမကိုလှမ်းခေါ်လိုက်မိသည်။ သူမက မေလေးကို ကျောခိုင်းလျှောက်နေရင်းမှ ရပ်တန့်လိုက်ပြီး နောက်ကို လှည့်ပြန်ကြည့်လာလေသည်။

"မောင်အဲလိုလုပ်နေတာ နင်ကိုယ်တိုင် တွေ့ခဲ့လို့လား"





သူမက ပခုံးတစ်ချက်တွန့်ရင်း ခြောက်ကပ် အက်ကွဲသောရယ်သံမျိုးနှင့် တမင်ရယ်လိုက်ကာ. . .

"ကိုယ် မင်းကို ဘယ်တုန်းကမှ ညာမပြောခဲ့ဘူး မေစုမွန်။ ယုံတာမယုံတာ မင်းသဘောပဲ"

ဟုဆိုပြီး ဆက်လျှောက်သွားလေတော့၏။

မေလေး ထိုနေရာမှာပဲ ငြိမ်သက်တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့ရလေသည်။ ခန္ဓာကိုယ်က မလှုပ်မယှက် ငြိမ်သက်နေပေမယ့် ရင်ထဲမှာတော့ မီးတောက်တွေ တဝုန်းဝုန်းကျွမ်းလောင်နေသလို ဗလောင်ဆူနေ၏။

မယုံချင်ပေမယ့် တကယ်များလားဆိုတဲ့အတွေးက သူမကို ကောင်းကောင်းနှိပ်စက်နေတော့သည်။ ဘယ်သူ့ကို အပြစ်တင်ရမှန်းမသိသည့်နောက်မှာတော့ သတင်းဆိုးတွေ သယ်လာပေးသော နေရောင်နီ့ကိုသာ မုန်းတီးမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဆရာ၊ ကော်ဖီဝယ်လာတယ်"

"ကျေးဇူးမတင်တော့ဘူးနော်၊ ကိုယ်မှ မမှာတာ"

သူ့စကားအဆုံး သဒ္ဒါချိုက ပြုံးရင်း ကော်ဖီဘူးနှစ်ဘူးကို စားပွဲပေါ် တင်လိုက်သည်။

"ကျေးဇူးတင်ခံချင်လို့ ဝယ်လာတာမှမဟုတ်တာ"

တစ်ခါတစ်ရံ သဒ္ဒါချို သူ့အပေါ် ဆက်ဆံတာ တစ်မျိုးထူးဆန်းနေတတ်သည်။

သူ့စိတ်ဓာတ် သူ့အကြိုက်ကို တော်ရုံလူမသိအောင် လျှို့ဝှက်ထားသမျှဟာ သဒ္ဒါချိုနှင့်တွေ့တော့မှ အလကားသက်



www.burmeseclassic.com

www.burmeseclassic.com



သက် ဖြစ်ကုန်တော့၏။ သူ ဘယ်လောက်ဆူဆူ ငေါက်ငေါက် တစ်ချက်ကလေးမှ အပြုံးမပျက်တတ်သော ကောင်မလေးကို အံ့လည်းအံ့ဩမိပါရဲ့။

"မင်း ဒီကို စာလာသင်ရတာ အဆင်ပြေရဲ့လား။ ဒီက ပြန်ရင် ကျောင်းကိုသွားရသေးတယ်မဟုတ်လား"

"အင်း. . . အချိန်တော့ နည်းနည်းလုရတာပေါ့။ ကား မောင်းရတာ ပင်ပန်းတာလေးတစ်ခုကလွဲရင် အားလုံးအဆင်ပြေ ပါတယ်"

"ဒါနဲ့ ပြီးခဲ့တဲ့အပတ်က ကိုယ်ဝယ်ခိုင်းလိုက်တဲ့စာအုပ် ရလား"

"ဟို. . . အဲဒါ သဒ္ဒါလည်း ရှာတာပဲ မတွေ့ဘူး ဆရာ။ ဒီနေ့ ထပ်ရှာကြည့်ပါ့မယ်"

သူ သက်ပြင်းတစ်ချက် ချမိသွားသည်။ သဒ္ဒါချိုက ခေါင်းငုံ့ထားရာမှ မျက်လုံးတစ်ချက်လှန်ကြည့်ပြီး ချက်ချင်းအကြည့် လွှဲသွား၏။

"အဲဒီစာအုပ်က ရှာစရာမလိုဘူး. . . ဘယ်မှာဖြစ်ဖြစ် အလွယ်တကူရနိုင်တယ်။ မင်း စာအုပ်ဆိုင်သွားခဲ့တာ သေချာ လား"





သူမက ခေါင်းကို ခပ်သွက်သွက်ညိတ်ပြသည်။

"ဘယ်ဆိုင်တွေမှာ ရှာတာလဲ။ အဲဒီဆိုင်တွေကို ဖယ် ပြီး ဒီနေ့ တခြားဆိုင်သွားမယ်၊ ဖြစ်လား"

"ဟုတ်"

"ကဲ. . . အဲဒါဆို အခုသွားမယ်"

စိတ်မြန်လက်မြန်ရှိလှသော လင်းထင်စကားအဆုံး သူမ က နေရာမှထရပ်ပြီး ကျောပိုးအိတ်ကိုပါ ကောက်လွယ်ပြီးသား ဖြစ်နေသည်။

တစ်ချက်တစ်ချက် ထိုအမူအရာစရိုက်ကလေးတွေကို သူ သဘောအကျဆုံးပင်ဖြစ်၏။

"ကားနဲ့မသွားဘူးလားဆရာ"

သဒ္ဒါချို့မောင်းတဲ့ကားပေါ်မှာ ဘေးက အခန့်သား ထိုင် လိုက်ရမှာကို သူ စိတ်ထဲ မလုံမလဲဖြစ်မိတာမို့ တက္ကစီနှင့်သွား ရန်သာ ဆုံးဖြတ်မိ၏။ ထို့ကြောင့် သူမကားဘေးမှ ဖြတ်ကျော် လျှောက်လာမိခြင်းပင်။

သဒ္ဒါချိုက ကားသော့ကိုင်ရင်း သူ့နောက်မှ အမော တကောပြေးလိုက်လာ၏။

"သဒ္ဒါက ကားနဲ့သွားမယ် မှတ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူက လမ်းလျှောက်မယ်ပြောလို့လဲ။ တက္ကစီငှားမှာပေါ့"

"ဩော်"

စကားပြောလျှင် ဘယ်တော့မှ နူးနူးညံ့ညံ့ချိုချိုသာသာ ပြောလေ့မရှိသော သူ့အကျင့်အတိုင်း ဂျစ်ကန်ကန်ပြန်ပြောတော့လည်း သူမက ဘာမှမဖြစ်သလို အေးအေးသက်သာပင်။

"ဟယ်. . . ဟိုအိမ်က အခုတော့ တံခါးတွေအားလုံးဖွင့်လို့ပါလား။ လူရောက်နေပြီထင်တယ်နော်"

သူ့စိတ်ထဲ ဒေါသက ထောင်းခနဲ ပြန်ထွက်လာသည်။ မျက်မှောင်ကြုတ်လျက် သူမမျက်နှာကို ခပ်စူးစူးစိုက်ကြည့်တော့ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် ဘာမှမသိ နားမလည်သည့် ကလေးလေးတစ်ယောက်လိုပင်။

ဘေးအိမ်နှင့်ပတ်သက်ပြီး စပ်စုတတ်ခြင်းကို သူ အလွန်မျက်မုန်းကျိုးမိလေသည်။ သူမကလည်း ဘယ်လောက်ပြောပြော အမှတ်သည်းခြေရှိမည့်ပုံ မပေါ်ချေ။

"မင်းဘယ်လိုဖြစ်နေတာလဲ သဒ္ဒါချို။ ဒီတစ်ရပ်ကွက်လုံးမှာ အဲ့အိမ်က တော်တော်စိတ်ဝင်စားစရာကောင်းနေလို့လား။ အဲ့အိမ်မှာ လူနေတာ မနေတာ မင်းနဲ့ဘာဆိုင်လို့လဲ"





သူ့စကားအဆုံး သဒ္ဒါချိုက ကျောပိုးအိတ်က ကြိုးလေးကို ဆောင့်ဆွဲရင်း ပခုံးတစ်ချက်တွန့်လိုက်ကာ. . .

"ဟုတ်တယ်ဆရာ၊ သဒ္ဒါ အဲ့အိမ်အကြောင်း စိတ်ဝင်စားတယ်။ တစ်ချိန်တုံးက အဲဒီမှာ စိတ်ဝင်စားစရာအကြောင်း တစ်ခုခု ရှိခဲ့လိမ့်မယ်လို့ထင်တယ်။ ဆရာရော နည်းနည်းမှ စိတ်ဝင်မစားဘူးလား"

"လုံးဝကို စိတ်မဝင်စားတာ။ ကိုယ်နဲ့မဆိုင်ဘဲ စပ်စုတတ်တာ အမုန်းဆုံးပဲ။ ဘာဖြစ်လို့ မင်း အဲလောက် စပ်စုနေတာလဲ"

သူ့စကားကြောင့် သဒ္ဒါချိုမျက်နှာက ချက်ချင်းနီရဲညိုမှောင်သွားကာ တလက်လက် စူးရဲတောက်ပနေသောမျက်လုံးတွေက မှေးကျဉ်းသွားပြီး. . .

"အိပ်ချင်ယောင်ဆောင်တဲ့လူက နှိုးရခက်တယ်ဆိုတဲ့စကားက သိပ်မှန်တာပဲ။ အဲ့အိမ်အကြောင်း ဆရာ တမင်မသိဟန်ဆောင်နေတာမှတ်လား။ တမင်မေ့ပစ်ထားတာမှတ်လား။ အဲဒါကြောင့် သဒ္ဒါ စကားအစဖော်တာကို ဒေါသတွေဖြစ်နေတာ"

"ဘာပြောတယ်. . . မင်း"

သူ့ဒေါသက အရှိန်အဟုန်မြင့်သွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး. . . မမေးနဲ့တော့။ ဆရာ့ထက် ဘယ်သူမှ ပိုမသိနိုင်ဘူး"

စကားအဆုံး သူမက လင်းထင်ရှေ့မှ ချာခနဲလှည့်ထွက်ရန် ဟန်ပြင်လေသည်။

သူ အလျင်စလိုပင် သူမလက်တစ်ဖက်ကို ဖမ်းဆွဲထားလိုက်သည်။

သဒ္ဒါချိုက သက်ပြင်းတစ်ချက်ရှိုက်ရင်း လက်ကိုပြန်ရုန်းသည်။ ကားလမ်းဘေး ပလက်ဖောင်းပေါ်မှာ သူတို့နှစ်ယောက်အဖြစ်က ရှန်းရင်းဆန်ခတ်ဖြစ်မှန်းမသိ ဖြစ်နေ၏။

"မင်း ဘာတွေစွပ်စွဲနေတာလဲ သဒ္ဒါချို။ မင်းပြောတာကိုယ် နားမလည်ဘူး"

သဒ္ဒါချိုက သူ့မျက်လုံးတွေကို မယုံသင်္ကာဟန်နှင့် အတန်ကြာစိုက်ကြည့်နေပြီး တစ်စုံတစ်ခုပြောမည်ပြင်ခိုက် မထင်မှတ်သောအဖြစ်တစ်ခုက လျှင်မြန်စွာ ဖြစ်ပျက်သွားတော့၏။

"ရက်စက်တယ်. . . မောင်သိပ်ရက်စက်တယ်"

စူးစူးရှရှအော်သံနှင့်အတူ သူတို့နှစ်ယောက်ဘေးနားကို အပြေးအလွှားရောက်လာသူက မေစုမွန်။

လင်းထင် ဘာပြောရမှန်းမသိ မင်တက်အံ့သြနေစဉ်မှာ





မေလေးရဲ့ညာဘက်လက်က သူ့ပါးပြင်ဆီသို့ အရှိန်ပြင်းပြင်း ရွယ်ကျလာသည်။

"မလုပ်နဲ့"

နောက်ထပ်အော်သံတစ်ခုနှင့်အတူ ရိပ်ခနဲ ထပ်ရောက်လာသောမိန်းမတစ်ယောက်ကြောင့် အားလုံး ကြောင်အမ်းအမ်းဖြစ်သွားကြသည်။

"မလုပ်နဲ့၊ မောင့်ကိုမထိနဲ့နော်။ မောင့်အသားကို နာအောင်လုပ်ရင် မင်းကို ကိုယ်သတ်မိလိမ့်မယ်"

"ဟင်! နေရောင်နီ"

"ဟယ်. . . အစ်မ"

မေလေးနှင့် သဒ္ဒါချိုက သူမကို ပြိုင်တူလှည့်ကြည့်ပြီး နှုတ်က ခပ်တိုးတိုးရေရွတ်လိုက်ကြ၏။

လင်းထင်ကတော့ ဘာကိုမှနားမလည်နိုင်သလို မျက်လုံးအဝိုင်းသားနှင့် တစ်ယောက်ချင်းစီကို တစ်လှည့်စီ လိုက်ကြည့်နေမိလေသည်။

မေလေးက မျက်နှာကို လက်ဝါးနှင့်အုပ်ရင်း တအင့်အင့် ငိုရှိုက်နေလေတော့၏။

"မှားတယ်၊ မေလေး သိပ်မှားသွားတယ်။ နေရောင်နီ



www.burmeseclassic.com

www.burmeseclassic.com



ပြောတာတွေကို မယုံခဲ့ဘူး။ အခုတော့ ယုံသွားပြီ၊ မောင် တကယ် သစ္စာမရှိတဲ့လူ၊ သိပ်ရက်စက်တဲ့လူ။ မေလေး ရင်ကွဲရပြီ နေရောင်နီရယ်''

မေလေးက သူမပခုံးပေါ်မှာ မျက်နှာအပ်ရင်း ငိုချလိုက်တာမို့ လင်းထင် အံ့သြသွားမိသည်။ နေရောင်နီဆိုသော မိန်းမရဲ့မျက်နှာကို သူ တအံ့တသြဖြစ်စွာ ငေးကြည့်နေမိသည်။

သူကို မောင်ဟုခေါ်လိုက်သော မိန်းမတစ်ယောက်မို့ ဇဝေဇဝါဖြစ်စွာ အံ့သြငေးမောနေခိုက်. . .

"ဆရာ ဘယ်အချိန်ထိ ဟန်ဆောင်နေဦးမှာလဲ"

ဟူသော သဒ္ဒါချို့အသံကြောင့် ဆတ်ခနဲ သတိဝင်လာရသည်။

"ဘာကိုပြောတာလဲ။ ကိုယ်က ဘာကိုဟန်ဆောင်နေရမှာလဲ"

စိတ်လှုပ်ရှားခြင်းကြောင့် သူ့အသံက အက်ကွဲတုန်ယင်နေသည်။

''မနေရောင်နီက ဆရာ့ရဲ့ချစ်သူလေ။ ဘာကြောင့် ဖုံးကွယ်ထားချင်ရတာလဲ။ အမှန်အတိုင်း ဝန်မခံဘဲ နေလိုက်ရုံနဲ့ တစ်ချိန်က ပတ်သက်မှုက အလိုလိုမေးမှိန်ပျောက်ကွယ်သွားမှာ





မှမဟုတ်တာ''

သဒ္ဒါချို့စကားကြောင့် သူ အထိတ်ထိတ်အလန့်လန့်နှင့် နေရောင်နီ့မျက်နှာကို လှမ်းကြည့်လိုက်မိသည်။

''အမှန်အတိုင်းပြောလိုက်လေ မောင်။ ချစ်သူရဲ့အသိအမှတ်ပြုခံရဖို့ စောင့်ခဲ့ရတဲ့အချိန်တွေ သိပ်ကိုကြာခဲ့ပါပြီ။ စိတ်ဆိုးတာလေးတစ်ခုနဲ့ တစ်သက်လုံး ပြတ်တောက် ဝေးကွာသွားဖို့ လုံလောက်လို့လား။ မောင့်ဆီကို ကိုယ် ပြန်လာခဲ့တဲ့အချိန်က မနှောင်းသေးပါဘူး မောင်ရယ်။ ပြီးတော့ တစ်ချိန်က အချစ်တွေလည်း ဘာမှမပြောင်းလဲသေးပါဘူး''

တစ်ခွန်းချင်း အေးစက်စွာ ပြောနေသော သူမစကားတွေကြောင့် သူ့ခေါင်းက အဆမတန်ကြီးလာသည်ဟု ခံစားရလေသည်။

''ခင်ဗျား ဘာတွေပြောနေတာလဲ. . . ဘယ်တုန်းက ခင်ဗျားနဲ့ကျွန်တော် ချစ်သူတွေဖြစ်ခဲ့ဖူးလို့လဲ''

သူ့စကားအဆုံး သူမမျက်ဝန်းအိမ်မှ မျက်ရည်တွေက တလိမ့်လိမ့် စီးကျလာကာ. . .

''အခု လက်ရှိအခြေအနေမှာ မောင့်ချစ်သူဖြစ်ခွင့်ရဖို့ မမျှော်လင့်ပါဘူးမောင်ရယ်။ ဒါပေမဲ့ အတိတ်က အဖြစ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ဖုံးကွယ်ထားချင်ရတာလဲ။ တစ်ချိန်က နေရောင်နီဆိုတာ မောင့်ကိုသိပ်ချစ်ခဲ့တဲ့ ကောင်မလေးတစ်ယောက်ပါလို့ မောင် ဘာကြောင့်မပြောရဲရတာလဲ''

''ဘာ! ခင်ဗျားက ကျွန်တော့်ချစ်သူ, ဟုတ်လား။ ဘယ်တုန်းကလဲ၊ တစ်ချိန်ကဆိုတာ ဘယ်ဘဝက အဖြစ်အပျက်တွေကို လာပြောနေတာလဲ''

သူ့စကားအဆုံး မေလေးက မျက်ရည်တွေ ဘယ်ညာ သုတ်ရင်း ခေါင်းမော့လာသည်။

''ဒါဆို ရှင်းရှင်းပဲပြော, မောင်။ မောင် သူ့ကိုမချစ်ခဲ့ဘူးလား။ နေရောင်နီဆိုတဲ့မိန်းမတစ်ယောက်ကို မောင်သိတောင် မသိခဲ့ဘူးလား''

မေလေးစကားကြောင့် သူ့စိတ်အာရုံက လွန်ခဲ့သော နှစ်နှစ်လောက်က အတိတ်ပုံရိပ်တချို့ကို မျက်လုံးထဲ ပြန်မြင်ယောင်လာသည်။

ဒါပေမဲ့ ထိုအရာက သိပ်ပီပီပြင်ပြင်မဟုတ်သည့်အပြင် ဘာမှသေချာရေရာမှုလည်း မရှိတော့ချေ။

''မသိဘူး, နေရောင်နီဆိုတဲ့နာမည်တောင် အခုမှကြားဖူးတာ''





''ဆရာ, အဲလိုမညာနဲ့။ မနေရောင်နီက ဆရာ့အိမ်ဘေးကအိမ်မှာ နေတာ။ အဲ့မှာ နေနေတုန်းပဲ''

''ဘာ!''

သူ သဒ္ဒါချို့မျက်နှာကို တစ်လှည့်ပြန်ကြည့်လိုက်မိ၏။ သူ တကယ်ပဲ ရူးချင်စိတ်ပေါက်သွားမိသည်။ ဒီမိန်းမသုံးယောက် သူ့ကိုရူးအောင် တမင်ဝိုင်းပြီး လုပ်ကြံနေသလားဟုပင် စိတ်ထဲ သံသယဝင်လာရ၏။

''အမှန်အတိုင်းဖြေပါ မောင်။ မေလေး ခွင့်လွှတ်နိုင်ပါတယ်။ မောင် အဲလို ဘူးကွယ်ညာနေတော့ ပိုခံစားရတယ်သိလား။ မေလေး မောင့်ကိုယုံကြည်ခဲ့တာတွေကို သဲထဲရေသွန် အဖြစ်မခံနိုင်ဘူး''

မေလေးကလည်း တစ်စခန်း ထလာပြန်သည်။

''မသိဘူး. . . ဘာမှမသိဘူး''

သူ ဆံပင်တွေကို ထိုးဖွပစ်ရင်း အရူးတစ်ယောက်လို အော်ပစ်လိုက်မိသည်။ ဘေးပတ်လည်မှာ ဝိုင်းရံနေသည့်မိန်းမ သုံးယောက်ကိုကြည့်ပြီး အော်ငိုချင်စိတ်ပင် ပေါက်လာရသည်။

''မောင့်ကိုပစ်ထားခဲ့ပြီး တမင်ထွက်သွားတာ မဟုတ်ပါဘူး မောင်။ ကိုယ် ပြန်လာခဲ့မယ်လို့ အတန်တန်မှာခဲ့တယ်



www.burmeseclassic.com

www.burmeseclassic.com



လေ။ သူ မပြောဘူးလားဟင်။ ရွှေရည်, မောင့်ကိုမပြောဘူးလား''

''ဘာတွေလာပြောနေတာလဲ၊ ဘာတွေပြောနေကြတာလဲဗျာ။ ကျွန်တော် တကယ်မသိတာပါ။ တောင်းပန်ပါတယ်။ ဘယ်သူ့ကိုမှ မသိချင်တော့ဘူး''

နှုတ်က အော်ရင်းဟစ်ရင်း လင်းထင် ထိုနေရာမှ တစ်ရှိန်ထိုး ပြေးထွက်လာခဲ့သည်။

''မောင်''

''ဆရာ''

''မောင်. . . နေဦးလေ''

နောက်မှာ အော်သံတွေ ဆူညံပြီး ကျန်ရစ်ခဲ့ပေမယ့် သူ ဂရုမစိုက် လှည့်မကြည့်တော့ချေ။

ကျောခိုင်းထွက်ပြေးသွားသော လင်းထင်ကိုကြည့်ပြီး သူမတို့အားလုံး အံ့သြထိတ်လန့်နေမိကြ၏။

မေလေးစိတ်ထဲမှာတော့ မောင့်အတွက် ယူကြုံးမရဖြစ်ခြင်း၊ ကြေကွဲဝမ်းနည်းခြင်းတို့ ပြည့်သိပ်နေရလေသည်။ အဖြစ်မှန်ကို မသိရသေးသည့်အတွက် သဒ္ဒါလည်း ခံပြင်းဒေါသဖြစ်နေမိ၏။





နေရောင်နီကတော့. . .

''မောင်''

လမ်းတစ်ဖက်ကိုပင် ဖြတ်ကူးပြီးဖြစ်နေသော လင်းထင်ကိုကြည့်ပြီး စူးစူးဝါးဝါးအော်ခေါ်လေသည်။

ထို့နောက်မှာတော့ လင်းထင် ဖြတ်ကူးသွားသော ကားလမ်းအတိုင်း ပြေးလွှားလိုက်ပါသွားလေတော့၏။

''နေရောင်နီ''

''အစ်မ. . . မလိုက်နဲ့''

ရှုပ်ယှက်ခတ် ပြေးလွှားနေသော ကားတွေကြားထဲ သွေးရူးသွေးတန်း ဖြတ်ဝင်သွားသော နေရောင်နီ့ကိုကြည့်ပြီး သူမတို့နှစ်ယောက် ထိတ်လန့်တကြားအော်ဟစ်လိုက်မိသည်။

ကားဟွန်းတီးသံတွေ၊ ဘရိတ်အုပ်သံတွေ ကျယ်ကျယ်လောင်လောင်ထွက်ပေါ်လာပြီးသည့်နောက် မေလေးမျက်နှာကို လက်ဝါးနှင့်အုပ်ရင်း ကြောက်ရွံ့တုန်လှုပ်စွာ ခေါင်းငုံ့ထားလိုက်၏။

ဆူဆူညံညံအသံတွေကြောင့် ပတ်ဝန်းကျင်ကို သတိဝင်လာသောရောင်နီမှာ ရုတ်တရက် Shock ရသွားကာ နေရာမှာတင် ခွေခနဲ လဲကျသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူမအာရုံထဲမှာ အလင်းရောင်တစ်စ ဖြာခနဲလက်သွား ပေမယ့် မှောင်မိုက်ခြင်းက တဖြည်းဖြည်း ချဉ်းနင်းဝင်ရောက်လာတာမို့...

ဂျူဂျူဂျူ



## အခန်း (၂၂)

"ရှင့်ကိုမုန်းတယ်၊ ဒီနေ့ကစပြီး မေ့လိုက်ပြီ" တဲ့။

စကားအဆုံးမှာ သူမက ဖုန်းချသွားခဲ့လေတော့သည်။ သူ ဘာမှပြန်မပြောမိချေ။

တောင်းပန်တာတွေ ရှင်းပြရတာတွေ ချော့မော့နှစ်သိမ့်ရတာတွေကို သူ့ဘဝမှာ အမုန်းတီးဆုံးပင်။

သူ မေလေးကို တကယ်ချစ်ခဲ့ပါသည်။ သို့သော် သူမနှင့် မတွေ့ရဘဲ နေနိုင်သွားပြီထင်၏။

လောလောဆယ် ဘယ်သူ့ကိုမှ သူမတွေ့ချင်ပါ။ စကားတွေလည်း မပြောချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်စာကြည့်ခန်းထဲသို့ ဝင်လာပြီး အခန်းဘေး ပြတင်းတံခါးကို အသာတွန်းဖွင့်လိုက်သည်။

ဘယ်တော့မှ ပိတ်မထားသော တစ်ဖက်အိမ်ရဲ့ပြတင်း ပေါက်က လေတိုးသောကြောင့် ပတ္တာက တကျွီကျွီမြည်နေသည်။ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေတာကိုကြည့်ပြီး သူ့ရင်ထဲ မှာ ခြောက်ခြားလာသယောင် ခံစားရ၏။ ထိုအိမ်နှင့်ပတ်သက် ပြီး သူ မသိနားမလည်သော ပဟေဠိတွေအကြောင်း သိချင်လာ သည်။

နေရောင်နီပြောသော တစ်ချိန်ကတို့၊ အတိတ်တို့ဆို တာတွေကို ပြန်စဉ်းစားကြည့်သည်။

လွန်ခဲ့သောနှစ်နှစ်ဆိုတာကို ပုံဖော်ကြည့်တော့. . .

ခုန တိတ်ဆိတ်နေခဲ့သော အိမ်အပေါ်ထပ်မှ ဝုန်းဝုန်း ဒိုင်းဒိုင်းအသံတွေကို ပီပီပြင်ပြင်ကြားလာရသည်။ အဲဒီနောက် မိန်းမနှစ်ယောက်ရဲ့ ရယ်မောစကားပြောသံတွေ။

အဲဒီနောက် ပြတင်းပေါက် လိုက်ဖွင့်သည့် တကျွီကျွီ အသံတွေ. . .

ဝုန်းခနဲပွင့်ဟသွားသော ပြတင်းတံခါးနောက်ကွယ်မှ ထွက်ပေါ်လာသော မိန်းမတစ်ယောက်ရဲ့မျက်နှာ။





သူမ ဘယ်သူလဲ. . .

နေရောင်နီဆိုတာ သူမပဲလား. . .

သူနှင့် 'စက္ကန့်ပိုင်းသာ မျက်ဝန်းချင်းဆုံခဲ့ဖူးသောမိန်းမ တစ်ယောက်ရဲ့မျက်နှာကို သူ ဂဃနဏ မမှတ်မိတော့ပါ။ အဲဒီ အချိန်တုန်းက သူမက သူ့ကို ပြုံးပြခဲ့သေးသည်ထင်၏။

သိပ်တော့ မသေချာပါ။

စဉ်းစားရင်း သူ့ခေါင်းတွေ တဆစ်ဆစ် ကိုက်လာလေ တော့သည်။

နားထဲမှာ ရယ်သံတွေ အကျယ်ကြီးကြားရပြန်သည်။ နေရောင်နီဆိုသော မိန်းမရဲ့ ကျယ်လောင်စူးရှသော ခပ်အက် အက်ရယ်သံတွေကို သူ ပီပြင်စွာ ကြားနေရ၏။

တမင်လှောင်ပြောင်ပြီး ရယ်နေသလို၊ ခြောက်လှန့်ပြီး ရယ်နေသလို ရယ်သံတွေကြောင့် သူထိတ်လန့်တုန်လှုပ်စွာ နား တွေကို ပိတ်ထားလိုက်မိ၏။

ထို့နောက်မှာတော့ သူ အခန်းထဲက ပြေးထွက်လာခဲ့ မိလေသည်။

အခန်းတံခါးကို ဖွင့်ဖွင့်ချင်း တွေ့လိုက်ရသူကား. . .

"ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



သူ နောက်ကို ခြေတစ်လှမ်းဆုတ်လိုက်မိသည်။

"ဘာလဲ. . . ဘယ်သူနဲ့မှ မတွေ့ချင်ဘူး"

"ခဏလေးပါ ဆရာ၊ သဒ္ဓါ့ ဆရာနဲ့အေးအေးဆေးဆေး စကားပြောပါရစေ။ ဒါမှ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုလွဲတဲ့ပြဿနာကို ဖြေရှင်းနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ ဘယ်ကိစ္စမဆို တစ်ယောက်ချင်းစီရဲ့အဖြစ်မှန် အမြင်မှန်ကို ပွင့်ပွင့်လင်းလင်းပြောမှ အဖြေမှန်ကို ရှာတွေ့မှာပါဆရာ။ အခု ရင်ဆိုင်နေရတဲ့ပြဿနာရဲ့နောက်ကွယ်မှာ လွဲချော်မှုတစ်ခုခု ရှိနေလိမ့်မယ်လို့ သဒ္ဓါ ထင်တယ်"

သူ သက်ပြင်းတစ်ချက်ရှိုက်ရင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် သဒ္ဓါချို၊ အခုဖြစ်နေတဲ့ကိစ္စမှာ လွဲချော်မှုအကြီးကြီးတစ်ခုရှိနေတယ်။ အဲဒါ နေရောင်နီမဟုတ်ရင် ကိုယ်ပဲဖြစ်မယ်"

သူ့စကားကြောင့် သဒ္ဓါချိုက သနားကရုဏာသက်သော စိတ်ရှုပ်ထွေးသော မျက်လုံးများနှင့် စူးစိုက်ကြည့်နေလေသည်။

အလွန်ရှင်းလင်းသည်ဟု ထင်ထားခဲ့သောကိစ္စတစ်ခုအတွင်း ကိုယ်တိုင်ပါဝင်ခဲ့မိပြီးမှ နားမလည်နိုင်စရာ ရှုပ်ထွေးမှုတွေကြောင့် သဒ္ဓါချိုကိုယ်တိုင်လည်း နောင်တရတာလိုလို စိတ်





ပျက်တာလိုလို ဖြစ်နေမိ၏။

"စိတ်မရှိနဲ့နော် ဆရာ၊ သဒ္ဓါ တစ်ခုလောက် မေးချင်လို့"

သူ အခန်းထဲ ပြန်လှည့်ဝင်ခဲ့ရင်း ခုံမှာ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်မိ၏။

"ဘာမေးမှာလဲ"

"ဟို. . . ဆရာ့ဘဝမှာ မတော်တဆမှုတစ်ခုခုကြောင့် အတိတ်မေ့ရောဂါမျိုး ဖြစ်ဖူးလားဟင်။ ဥပမာ ကိုယ်တိုင်ဖြစ်ဖူးတဲ့ကိစ္စတွေကို မေ့နေတာမျိုးဆိုပါတော့"

သူ မျက်မှောင်ကြုတ်ရင်း ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းလိုက်မိသည်။

"မဖြစ်ဘူးထင်တာပဲ"

"သေချာလို့လားဟင်"

"သေသေချာချာသိချင်ရင် ကိုယ့်အဒေါ်ကို မေးကြည့်ပေါ့။ ကိုယ့်သိစိတ်ထဲမှာတော့ မဖြစ်ဖူးဘူးဆိုတာပဲရှိတယ်။ ကိုယ့်စိတ်ထင်ပြောရရင်တော့ နေရောင်နီက neurosis ဖြစ်နေတာထင်တယ်"

လင်းထင်စကားအဆုံး သဒ္ဓါက ခပ်လွန့်လွန့်ပြုံးရင်း



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခါသည်။

"မဖြစ်နိုင်ပါဘူး၊ သူက ဆရာ့ကိုသိပ်ချစ်တဲ့သူပါ"

သူ ဂျွတ်ခနဲစုတ်သပ်ရင်း ခေါင်းရမ်းလိုက်သည်။

"ကိုယ် သူ့ကိုမချစ်ဖူးတာတော့ သေချာတယ်"

"မနေရောင်နီ အခု ဆေးရုံမှာဆိုတာ ဆရာ သိပြီးပြီလား"

"မနက်က မေလေး ဖုန်းဆက်လို့သိပြီးပြီ။ သိပ်မစိုးရိမ်ရဘူးဆို"

"စိုးရိမ်တတ်တဲ့လူအတွက်တော့ စိုးရိမ်စရာအခြေအနေပါပဲ။ သူ အခုထိ သတိမရသေးဘူး"

သဒ္ဒါ့စကားအဆုံး သူ ဘာမှမပြောဘဲ တစ်ဖက်အိမ်ရဲ့ ပြတင်းပေါက်ကိုငေးကြည့်မိရင်း တစ်စုံတစ်ရာကို ဖျတ်ခနဲသတိရလိုက်မိ၏။

"မင်းစိတ်ဝင်စားတယ်ဆိုတဲ့ ဟိုဘက်အိမ်မှာ ပြီးခဲ့တဲ့ နှစ်နှစ်ကျော်လောက်က မိန်းမတစ်ယောက် နေသွားဖူးတယ်။ ဒါပေမဲ့ သူ့ကို ကိုယ်မသိဘူး"

"အဲဒါ မနေရောင်နီပဲပေါ့။ သူနဲ့ဆရာ ချစ်သူတွေဖြစ်ခဲ့ကြတယ်လေ။ ပြီးတော့ သူ နယ်ကိုပြန်သွားခဲ့တယ်။ ပြန်လာတော့ ဆရာ့မှာ ချစ်သူအသစ်ရှိနေပြီ၊ အဲဒါကြောင့် ဆရာ သူ့ကို ဖွတ်အတင်းမေ့ပစ်ထားတာ မဟုတ်လား"





"မဟုတ်ဘူး၊ သူ့ကို ကိုယ် အဲ့ပြတင်းပေါက်နားမှာ တစ်ခါပဲမြင်ဖူးလိုက်တယ်၊ အဲဒါ နေရောင်နီဟုတ်မဟုတ် မသေချာဘူး"

သူ့စကားကို သဒ္ဒါက လုံးဝယုံကြည်ဟန်မပြဘဲ ခေါင်းကိုတွင်တွင်ခါရင်း. . .

"ဆရာမေ့နေတာပါ၊ သူနဲ့ဆရာ နေ့တိုင်း ဒီနေရာကနေ လှမ်းတွေ့ကြတယ်။ နောက်တော့ ချစ်သွားကြတယ်၊ သူက ဆရာ့ကိုသိပ်စွဲလန်းရူးသွပ်ခဲ့တာ၊ သူ သွားကိုက်တုန်းက ဆရာယူလာပေးတဲ့ လေးညှင်းပွင့်ကလေးတွေကိုတောင် ခုထိသိမ်းထားတုန်းတဲ့"

"မဖြစ်နိုင်တာ. . . ကိုယ် တစ်ခါမှ သူနဲ့မဆုံခဲ့ဖူးဘူး"

သဒ္ဒါက သက်ပြင်းတစ်ချက်ရှိုက်ရင်း သူ့မျက်နှာကို စေ့စေ့ကြည့်ကာ. . .

"ဆရာနဲ့ မနေရောင်နီ ချစ်သူတွေဖြစ်ခဲ့ကြတာ သိတဲ့သူတစ်ယောက်ရှိတယ်၊ အဲဒါကတော့ ဒီအိမ်ပိုင်ရှင် မရွှေရည်ထက်ပဲ။ သူနဲ့တွေ့ပြီး အဖြစ်မှန်သိရရင် ဆရာလက်ခံမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"သူပြောတာတွေရော အမှန်တွေလို့ မင်း အာမခံနိုင်လို့လား။ အခုလောလောဆယ်တော့ ကိုယ်နဲ့မေလေးက ဘုမသိဘမသိနဲ့ ပြဿနာတက်, လမ်းခွဲလိုက်ရပြီ။ ဒီ့ထက်ကြီးမားတဲ့ ဆုံးရှုံးမှု ထပ်မရှိနိုင်တော့ဘူး"

"သဒ္ဓါစိတ်မကောင်းပါဘူး ဆရာ။ မမေလေးကလည်း ဆရာ့ကိုသိပ်ချစ်တဲ့မိန်းကလေးပါ။ ဒါပေမဲ့ မနေရောင်နီဘက်ကကြည့်ရင်. . ."

"ကိုယ် သူ့နာမည်မကြားချင်တော့ဘူး။ သူက ကိုယ့်အတွက် ကြမ္မာဆိုးပဲ"

သဒ္ဓါက သူ့မျက်နှာကို ငေးမြဲငေးနေသည်။

သူကတော့ တစ်ဖက်အိမ်ရဲ့ပြတင်းတံခါးကိုသာ တိတ်တဆိတ်ကြည့်ရင်း ရင်ထဲမှာ တဖြည်းဖြည်း ရှုံ့မုန်းခါးသီးလာမိလေသည်။

"ဘာလို့ ဒီပြတင်းပေါက်က ဖွင့်ထားရတာလဲ"

သူ့နှုတ်က မခံချိမခံသာ ရေရွတ်လိုက်သံကြောင့် သဒ္ဓါချက ခေါင်းမော့လာရင်း တစ်စုံတစ်ခုပြောလိုက်လေသည်။ ဒါပေမဲ့ ဘာမှန်း သူ သဲကွဲစွာ မကြားလိုက်ပါ။

ဣဣဣ



## အခန်း (၂၃)

မေလေးစကားအဆုံး သူမမျက်လုံးတွေက တဖြည်းဖြည်း ပြူးကျယ်ဝိုင်းစက်လာတော့၏။ ထို့နောက် ဖဝေဖဝါပုံစံနှင့် မျက်မှောင်ကြုတ်သွားကာ. . .

"သေချာရဲ့လား။ သူ တကယ်ပဲ အဲလိုတွေ လျှောက်လုပ်ခဲ့သလား"

ဟု အက်ကွဲတုန်ယင်နေသောအသံနှင့် မေးလာလေသည်။ ဆေးရုံရဲ့ကုတင်ထက်မှာ မျက်လွှာချလျက် ငြိမ်သက်စွာ လဲလျောင်းနေသော နေရောင်နီ့မျက်နှာကို လှမ်းကြည့်ရင်း မေလေး ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရည်ထက်က နှုတ်ခမ်းကို ခပ်တင်းတင်းဖိကိုက်ရင်း ခေါင်းရမ်းသည်။

''ဖြစ်မှဖြစ်ရလေ''

နှုတ်က ခပ်တိုးတိုးညည်းညူရင်း ရွှေရည် မျက်ရည်လည်လာမိသည်။

''ဖြစ်ရလေ သူငယ်ချင်းရယ်''

ရောင်နီ့လက်ကလေးကို တင်းတင်းဆုပ်ရင်း ရွှေရည် တသိမ့်သိမ့် ရှိုက်ငိုချလိုက်တော့ မေစုမွန်က နားမလည်နိုင်ဟန်နှင့်. . .

''ဘာဖြစ်လို့လဲ မရွှေရည်ထက်ရယ်။ မေလေး ဘာမှ နားမလည်နိုင်တော့ဘူး။ နေရောင်နီ့အတွက်လည်း စိတ်မကောင်းဘူး။ အခုလည်း သူ့ဆန္ဒအတိုင်း မောင်နဲ့မေလေး လမ်းခွဲလိုက်ပါပြီ။ ဖြစ်သမျှအကြောင်း အကောင်းချည်းလို့ပဲ မှတ်ပါတယ်။ ဒီလောက်သစ္စာမဲ့ ရက်စက်တဲ့လူတစ်ယောက်နဲ့ လွဲရတာ ဝမ်းမနည်းပါဘူး။ သူ ဖောက်ပြန်နေတာ မေလေးမျက်စိနဲ့ တပ်အပ်တွေ့ခဲ့ရမှ နေရောင်နီပြောတာတွေကို ယုံခဲ့တာ''

ဟု မျက်ရည်လေး တစမ်းစမ်းနှင့် ပြောပြလေသည်။

''မဟုတ်ဘူး. . . အဲဒါတွေ တစ်ခုမှမဟုတ်ဘူး''





''ဘယ်လို! ''

မေလေး အံ့အားသင့်စွာ သူမမျက်နှာကို မော့ကြည့်လိုက်မိသည်။

ထိုစဉ် အခန်းထဲသို့ လင်းထင်နှင့်သဒ္ဒါချိုတို့ ဝင်လာသော ကြောင့် သူမတို့နှစ်ယောက် နှုတ်ဆိတ်ငြိမ်သက်သွားရ၏။

''အစ်မ, မနေရောင်နီ ဘယ်လိုနေသေးလဲ''

''ခုထိတော့ သတိမရသေးဘူး''

သဒ္ဒါချိုက မေလေးဘေးနားက ခုံမှာ ဝင်ထိုင်ပေမယ့် လင်းထင်ကတော့ မရယ်မပြုံးမျက်နှာနှင့်ပင် မတ်တပ်ရပ်လျက် နေရောင်နီ့မျက်နှာကို လှမ်းကြည့်နေလေသည်။

''အားလုံးကို သူ့ကိုယ်စား ရွှေရည် တောင်းပန်ပါရစေ''

''ဘာဖြစ်လို့လဲဟင်''

သဒ္ဒါချိုက မျက်လုံးအဝိုင်းသားနှင့် နားမလည်နိုင်သလို ပြန်မေးလေသည်။

ရွှေရည်က လင်းထင်မျက်နှာကို တစ်ချက်လှမ်းကြည့်ရင်း သက်ပြင်းချ၏။

''ဒီအဖြစ်အပျက်တွေ ဖြစ်ရတာ ရွှေရည့်ပယောဂလည်း မကင်းပါဘူး။ တကယ်တော့ အားလုံးသိထားကြသလို နေရောင်



www.burmeseclassic.com

www.burmeseclassic.com



နီဆိုတာ လောကမှာ တကယ်မရှိပါဘူး"

"ဗျာ!"

"ရှင်!"

အားလုံး ထင်မှတ်မထားသော စကားတစ်ခွန်းကြောင့် မျက်လုံးပြူးကုန်ကြတော့သည်။

"ဟုတ်ရဲ့လား မရွှေရည်ထက်၊ ကျွန်တော် ဟိုအိမ်မှာ မိန်းကလေးတစ်ယောက်ကို မြင်ဖူးလိုက်တယ်။ အဲဒါ နေရောင်နီမဟုတ်ဘူးလား"

အလျင်စလိုဝင်ပြောလိုက်သော လင်းထင်စကားကြောင့် ရွှေရည့်မျက်ဝန်းတွေက တွေတွေငေးငေး ဆွေးလျသွားပေမယ့် ချက်ချင်းပင် ခေါင်းကို ခပ်သွက်သွက်ခါရမ်းလိုက်ကာ. . .

"ဟင့်အင်း, မဟုတ်ပါဘူး။ နေရောင်နီဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ဖူးပါဘူး။ လင်းထင် မြင်လိုက်ရတယ်ဆိုတာ ရောင်ဝါ့ကိုပါ"

"ရောင်ဝါ"

လင်းထင်က တအံ့တသြနှင့် သံယောင်လိုက် ရွတ်လေသည်။

"ဟုတ်တယ်၊ သူ့နာမည်က လရောင်ဝါတဲ့။ လွန်ခဲ့တဲ့





နှစ်နှစ်ကျော်လောက်က ရွှေရည်နဲ့သိခဲ့ကြတာ။ သူက နယ်ကလေ။ ရွှေရည့်အိမ်မှာ စာရေးဖို့ရောက်လာတဲ့ စာရေးဆရာမလေးပေါ့။ သူရောက်လာတဲ့နေ့မှာပဲ လင်းထင်ကိုတွေ့သွားခဲ့တယ်။ သူရေးမယ့်ဇာတ်လမ်းထဲက protogonit က လင်းထင်လိုပုံစံမျိုးတဲ့။ အဲဒါနဲ့ ရွှေရည်လည်း လင်းထင်အကြောင်းတွေကို သိသလောက် ပြောပြလိုက်မိတယ်"

"ဩော်. . . ဒါကြောင့် သူက ဆရာ့အကြောင်းတွေကို သိနေတာကိုး"

"ဟုတ်တယ် ညီမ၊ ရောင်ဝါက ဇာတ်လမ်းတစ်ပုဒ်ရေးရင် အရမ်းစိတ်နှစ်ထားတတ်တာ။ သူ့ကိုယ်သူ ဇာတ်လမ်းထဲက ကောင်မလေးနေရာမှာ ဝင်ခံစားပြီး အဲ့ဝတ္ထုမပြီးမချင်း နေရောင်နီပုံစံအတိုင်း နေလိုက်တာ။ ဝတ္ထုထဲက ကောင်လေးနဲ့ ကောင်မလေး ဝေးရမယ့်အခန်းတောင်မှ တကယ့်စိတ်ခံစားမှုအစစ်ရအောင်ဆိုပြီး ခရီးထွက်လိုက်တာ။ အဲဒီမှာတင် သူ ကံဆိုးခဲ့တာပဲ"

"ဘာ. . . ဘာဖြစ်သွားလို့လဲဟင်"

လင်းထင် တစ်ခါမှမခံစားဖူးသော ခံစားမှုမျိုးနှင့် ရင်ထဲ တလှိုက်လှိုက် ဆို့နင့်ဝမ်းနည်းလာမိစွာ ကပျာကယာ ဝင်မေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



မိ၏။

"Accident ဖြစ်ပြီး သူ့ခေါင်းမှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားခဲ့တယ်။ နေကောင်းလာပေမယ့် သူ့စိတ်ထဲမှာ နေရောင်နီဆိုတဲ့ဇာတ်ကောင်က အရမ်းလွှမ်းမိုးနေတော့ လရောင်ဝါဆိုတဲ့ တကယ့်ဘဝအစစ်ကို လုံးဝမေ့သွားတယ်။ အဲဒီနောက်တော့ သူ့ကိုယ်သူ နေရောင်နီအမှတ်နဲ့ ထင်ရာတွေ လျှောက်လုပ်တော့တာပဲ။ အားလုံးစိတ်အနှောင့်အယှက်ဖြစ်ရတဲ့အတွက် ရောင်ဝါ့ကိုယ်စား တောင်းပန်ပါတယ်"

"ဖြစ်ရလေ အစ်မရယ်",

အားလုံး စိတ်မကောင်းဖြစ်စွာ ရေရွတ်ညည်းတွားလိုက်မိကြလေသည်။ မေလေးက လင်းထင်လက်တစ်ဖက်ကို ဆုပ်ကိုင်ရင်း. . .

"မေလေး အထင်လွဲမိတာတွေအတွက် တောင်းပန်ပါတယ်"

ဟု ခပ်တိုးတိုးပြောလာလေသည်။

လင်းထင် ဘာကိုမှမကြားနိုင်တော့ဘဲ သူမမျက်နှာကိုသာ တအံ့တဩငေးမောနေလိုက်မိ၏။

တစ်ခါမှ စေ့စေ့မကြည့်ခဲ့ဖူးသော သူမမျက်နှာမှာ ဘယ်





သူမှမသိသည့် လျှို့ဝှက်မှုတွေကို တရေးရေးမြင်လာရသလို ခံစားမိပေမယ် ဘာမှန်းလည်း ရေရေရာရာ မခွဲခြားတတ်ချေ။

ခဏလေးအတွင်းမှာ လင်းထင်စိတ်တွေက သူမရဲ့အာရုံတွေနှင့် ဆက်စပ်မိသွားသလိုလည်း ခံစားရလေသည်။

သဒ္ဒါချိုက ထိုင်ရာမှ ဖြည်းညင်းစွာ ထရပ်ရင်း ခေါင်းကို ဖြည်းလေးစွာ ခါလိုက်ကာ. . .

"ဘယ်လိုမှမယုံနိုင်စရာဘဲ"

ဟုပြောလိုက်၏။ ထို့နောက် လင်းထင်ဘက်သို့ လှည့်လိုက်ကာ. . .

"တကယ်တော့ ဘဝဆိုတာလည်း စိတ်ဝင်စားစရာကောင်းတဲ့ ဂိမ်းတစ်ခုပါပဲဆရာ။ သဒ္ဒါက ကစားပွဲတစ်ခုထဲ ဝင်တော့မယ်ဆိုရင် နိုင်ဖို့သေချာသလောက်ရှိမှ ဝင်တာ။ အခုလို အဖြစ်မျိုးကြုံမယ်မှန်းသိရင် ဒီစိန်ခေါ်မှုကို လက်ခံမိမှာမဟုတ်ဘူး။ တစ်ခုတော့ အသေအချာကိုယုံကြည်တယ်။ မနေရောင်နီပဲဖြစ်ဖြစ်, မလရောင်ဝါပဲဖြစ်ဖြစ် သဒ္ဒါနဲ့ဆုံခဲ့ဖူးတဲ့ အဲဒီအစ်မပြောတာ အမှန်တွေပဲလို့ယုံတယ်။ အဲ့အတွက် သဒ္ဒါ နိုင်ခြေရှိလာဦးမှာပါ"

စကားအဆုံး သူမက အခန်းထဲမှ ချာခနဲလှည့်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့၏။

အခန်းထဲမှာ တိတ်ဆိတ်ငြိမ်သက်ခြင်းနှင့်အတူ အားလုံး ကျန်နေရစ်ခဲ့ကြလေသည်။

''မလရောင်ဝါ အမြန်ဆုံး နေကောင်းလာပါစေလို့ ဆုတောင်းပါတယ်''

လင်းထင်စကားအဆုံး ရွှေရည်က ခေါင်းတစ်ချက်ညိတ်ရင်း . . .

''သူသတိရလာရင် အဖြစ်မှန်ကို မှတ်မိနိုင်လိမ့်မယ်လို့ မျှော်လင့်ရတာပဲ။ သူ့ကိုယ်သူ လရောင်ဝါဆိုတာ သိသွားရင် အားလုံးကို အမြင်ရှင်းသွားမှာပါ''

ဟု ပြန်ပြောလိုက်၏။

မေလေးနှင့်လင်းထင်မှာ လရောင်ဝါ၏ မျက်လွှာစင်းချလျက် ငြိမ်သက်နေသောမျက်နှာလေးကို ငေးမောရင်း ရင်ထဲမှာ ဝေဒနာကိုယ်စီနှင့် နှုတ်ဆိတ်နေမိကြလေသည်။

သူမ တကယ်ပဲ အဖြစ်မှန်တွေကို သတိရလာပါ့မလား။

ဂျူးဂျူးဂျူး



## အခန်း (၂၄)

လက်ထပ်ပြီးစီးခြင်းသတင်းလေးတစ်ပုဒ်ကိုဖတ်ပြီး သူမ နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်မိသည်။

ထိုသတင်းပါလာသောသတင်းစာကို dash Board ပေါ်ပစ်တင်ရင်း သဒ္ဒါ၊ ကားလေးကို တစ်နေရာသို့ ဦးတည်မောင်းနှင်လာခဲ့သည်။

ခြံတစ်ခြံရှေ့အရောက်မှာတော့ ကားလေးကိုရပ်ပြီး ခြံထဲသို့ လှမ်းကြည့်လိုက်သည်။ ပန်းပင်တွေကို ရေလောင်းနေသော မိန်းကလေးတစ်ယောက်၏နောက်ကျောကို တွေ့လိုက်ရတာမို့ ကားပေါ်က ဆင်းလိုက်ပြီး အသံပြုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ"

သဒ္ဒါ့အသံကြောင့် ပန်းပင်တွေ ရေလောင်းနေရာမှ လှမ်းကြည့်လာသူက ရွှေရည်ထက် ဖြစ်၏။

သဒ္ဒါ့ကိုမြင်တော့ အလွန်အမင်းအံ့ဩသွားဟန်ဖြင့်. . .

"ဟယ်. . . ညီမ၊ ညီမလေး . . . နာမည် ဘယ်သူ"

ဟု ဇဝေဇဝါနှင့် နှုတ်ဆက်လာလေသည်။

"သဒ္ဒါချိုပါ အစ်မ၊ မနေရောင်. . . အဲ. . . မရောင်ဝါရဲ့သူငယ်ချင်းဆိုပါတော့။ မှတ်မိတယ်မလား"

"ဩော်, မှတ်မိပြီ မှတ်မိပြီ၊ ရောင်ဝါ ဆေးရုံတက်နေတုန်းက နောက်ဆုံးတွေ့လိုက်ရတာဆိုတော့ ဇဝေဇဝါဖြစ်နေတာ။ လာ. . . ခြံထဲဝင်လေ ညီမ"

သဒ္ဒါက သံပန်းတံခါးကို တွန်းဖွင့်ရင်း ဝင်လာခဲ့သည်။ မြက်ခင်းစိမ်းစိမ်း၊ ဒန်းဖြူဖြူလေးနှင့် နှင်းဆီပန်းအိုးတွေ၊ စံပယ်ရုံပန်းတွေ ရှိနေသော ခြံကလေးရဲ့အလယ်က တစ်ထပ်တိုက်ဝါဝါလေးက နေချင့်စဖွယ်ပင်။

သဒ္ဒါက ဒန်းကလေးပေါ်မှာ ဇွေ့ခနဲဝင်ထိုင်ရင်း. . .

"ဟိုခြံက ပန်းပင်တွေ သယ်လာပြီလား အစ်မ"

ဟု ကောက်ခါငင်ခါမေးလိုက်သည်တွင် ရွှေရည့်မျက်နှာ





က ကွက်ခနဲပျက်ယွင်းသွားလေတော့၏။ ခဏအကြာမှာ. . .

"အင်း, ဟုတ်တယ်၊ ဟိုက ခြံရော အိမ်ရော ရောင်းလိုက်ပြီလေ"

ဟု ခပ်ဆိုင်းဆိုင်းဖြေလေသည်။

"ဒါဆို စာကြည့်စားပွဲထားတဲ့နေရာက ပြတင်းပေါက်ကို အိမ်ရှင်တွေက အပြီးပိတ်ပစ်လိုက်မှာပေါ့နော်"

"မ. . . မပြောတတ်ပါဘူး ညီမရယ်၊ အဲ့တံခါးက ပတ္တာသိပ်မကောင်းတော့ အရင်က ဖွင့်နေတာ။ အခု အိမ်ရှင်က ပိတ်ရင် ပိတ်မှာပေါ့။ အစ်မတို့လည်း ပွဲစားကတစ်ဆင့် ရောင်းတာ။ အိမ်ရှင်သစ်ကို သေသေချာချာတောင် မသိပါဘူး"

အလွန်အမင်း ထိတ်လန့်တုန်လှုပ်နေသော ရွှေရည်ထက် မျက်နှာကိုငေးကြည့်ရင်း တစ်ချက်ပြုံးလိုက်ကာ. . .

"အဲဒါဆိုရင်တော့ စိတ်မကောင်းစရာပဲနော်။ ဝတ္ထုထဲက နေရောင်နီဆိုတဲ့ကောင်မလေးက အဲ့ပြတင်းပေါက်ကလေးကို အမြဲဖွင့်ထားစေချင်တယ်မှတ်လား"

"ဒါတွေက စိတ်ကူးယဉ်ဖန်တီးမှုတွေပါ ညီမရယ်။ ပြီးခဲ့တာတွေ ပြီးပါစေတော့။ လင်းထင်လည်း မေစုမွန်နဲ့လက်ထပ်လိုက်ပြီမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သဒ္ဒါ့အတွက်တော့ အဲ့ပဟေဠိက မပြီးသေးဘူး အစ်မ ရဲ့။ ဒီနေ့ပဲ ဆရာ့အဒေါ်နဲ့တွေ့ခဲ့တယ်။ ဆရာ ငယ်ငယ်က ခေါင်းမှာ ပြင်းပြင်းထန်ထန်ဒဏ်ရာရဖူးတယ်တဲ့။ ပြီးတော့ မကြာခဏ မေ့တတ်တဲ့ရောဂါလည်း ရှိတယ်တဲ့"

"ဒါပေမဲ့ လင်းထင်က နေရောင်နီနဲ့ တကယ်မှမချစ်ခဲ့ ကြတာ ညီမရယ်"

ရွှေရည့်စကားအဆုံး သဒ္ဒါက ဟက်ခနဲ တစ်ချက်ရယ် လိုက်ကာ. . .

"အစ်မလည်း Story teller ပဲနော်"

ဟုပြောလိုက်လေသည်။

ရွှေရည် သူမမျက်နှာကို အေးစက်စူးနင့်စွာ စိုက်ကြည့် လိုက်မိ၏။

"ညီမ ဘာကိုဆိုလိုတာလဲ"

သဒ္ဒါ၊ ကျောပိုးအိတ်ထဲက ဒိုင်ယာရီစာအုပ်တစ်အုပ်ကို ထုတ်ပြီး သူမရှေ့ကို ထိုးပေးလိုက်သည်။

"ဒါ ဘယ်သူ့စာအုပ်လဲ အစ်မ သိမှာပါနော်"

သဒ္ဒါ့စကားအဆုံး ရွှေရည်ထက်မျက်နှာက ဖွေးခနဲ သွေးဆုတ်ဖြူလျော်သွားလေသည်။





"ဘာတွေအစဖော်ဦးမလို့လဲ ညီမရယ်။ ဒီစာအုပ်က ဘယ်ကရလာတာလဲ"

"အစ်မတို့အိမ်ကိုဝယ်လိုက်တာ တခြားလူမဟုတ်ပါဘူး အစ်မ၊ သဒ္ဒါကိုယ်တိုင်ပါပဲ။ အပေါ်ထပ်စာကြည့်စားပွဲအံ့ဆွဲထဲ က ရခဲ့တာ။ မလရောင်ဝါရဲ့ ရေးလက်စ ဝတ္ထုမဟုတ်တာတော့ သေချာပါတယ်။ အမှန်အတိုင်းပြောပါ အစ်မရယ်၊ မနေရောင်နီ ပေးထားခဲ့တဲ့ လေးညှင်းပွင့်လေးတွေရော ရှိသေးရဲ့လား"

သဒ္ဒါပြောသမျှစကားတွေကို နားထောင်ရင်း ရွှေရည် မျက်ရည်တွေ တလိမ့်လိမ့်စီးဆင်းကျလာလေတော့၏။

"ရောင်နီပေးခဲ့တဲ့ လေးညှင်းပွင့်ကလေးတွေ အစ်မ ဆီမှာ မရှိတော့ပါဘူး။ ရောင်ဝါ ယူသွားတာ ကြာပါပြီ"

"အခု မလရောင်ဝါရော ဘယ်မှာလဲ"

"ရောင်နီ့ဆီကို သွားတယ်"

သူမစကားအဆုံး သဒ္ဒါချိုက မျက်မှောင်ကြုတ်ရင်း. . .

"မနေရောင်နီဆီကိုသွားတယ်ဆိုတာ ဟုတ်လား။ လရောင်ဝါ နဲ့ နေရောင်နီဆိုတာ တစ်ယောက်တည်းပဲမဟုတ်ဘူးလား"

ရွှေရည်က မျက်ရည်အဝိုင်းသားနှင့် ခေါင်းကို ဖြည်းညှင်း စွာ ခါလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရောင်နီ့ကိုတွေ့ချင်ရင် လိုက်သွားလေ၊ အဲဒီမှာ ရောင်ဝါ ရှိနေလိမ့်မယ်"

ရွှေရည်ထက်က လိပ်စာတစ်ခုကို ခပ်တိုးတိုးရွတ်ပြ၏။ သဒ္ဒါ့ရင်ထဲ ဒိန်းခနဲတုန်သွားမိရင်း ဒိုင်ယာရီစာအုပ်ကလေးကို ကောက်ယူပြီး ထိုခြံထဲမှ အပြေးထွက်လာခဲ့၏။

ရွှေရည်ထက်ငိုသံက နောက်နားဆီမှာ တိုးတိမ် နစ်ဝင်လျက် ကျန်ခဲ့လေသည်။ သဒ္ဒါကိုယ်တိုင်လည်း မျက်ရည်ကျမှန်းမသိ ကျလာမိ၏။

ဣဣဣ



## အခန်း (၂၅).

"အစ်မ. . . ရောင်ဝါ"

သဒ္ဒါ့ခေါ်သံကြောင့် လရောင်ဝါက ကျောခိုင်းရပ်နေရင်းမှ ဖြည်းညှင်းစွာ လှည့်ကြည့်လာသည်။

နေကာမျက်မှန်အနက်ရောင်အောက်မှ သူမမျက်လုံးတွေကို မမြင်ရပေမယ့် ဒီလိုနေရာမျိုးမှာ ဘယ်သူမှ ပြုံးရွှင်ရယ်မောနိုင်မည်မဟုတ်မှန်း အလိုလိုနားလည်လိုက်မိ၏။

အုတ်ဂူဖြူဖြူရှေ့မှာ အနီရောင်နှင်းဆီပန်းစည်းကြီးကို ပွေ့ပိုက်ထားသော လရောင်ဝါကိုကြည့်ပြီး သဒ္ဒါ့ရင်ထဲ တလှိုက်လှိုက် ငိုချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ. . . ဒါ. . . မနေရောင်နီရဲ့. . ."

ရောင်ဝါ ခပ်ယဲ့ယဲ့ပြုံးရင်း ခေါင်းညိတ်ပြ၏။

"မင်းက တကယ်တော်တဲ့ Gamester လေးပဲ သဒ္ဓါ ချို။ ကိုယ်တို့ညီအစ်မနှစ်ယောက်ရဲ့ လျှို့ဝှက်ချက်ကို ရအောင် ဖော်ထုတ်နိုင်ခဲ့တယ်နော်။ ကေန္တ ရွှေရည်တစ်ယောက် ဘယ်လို မှ ဆက်မညာရဲတော့ဘူးထင်တယ်"

"သူက ခုထိညာနေတုန်းပဲ မရောင်ဝါရဲ့။ သဒ္ဓါ ဒီစာ အုပ်ကိုသာ မတွေ့ခဲ့ဖူးဆိုရင် ဒီလျှို့ဝှက်ချက်ကို သိရမှာမဟုတ် ဘူး"

သူမစကားအဆုံး ရောင်ဝါက သက်ပြင်းတစ်ချက် ရှိုက် လိုက်ရင်း. . .

"တကယ်တော့ ရောင်နီ မရှိတော့ဘူးဆိုတဲ့အဖြစ်ကို ကိုယ်က အမြဲလျှို့ဝှက်ထားချင်တာ။ ကိုယ်တို့က အမြွှာညီအစ်မ တွေလေ။ တခြားအမြွှာတွေထက် ထူးဆန်းတာလေးတစ်ခုက ကိုယ်တို့က ရုပ်တင်မကဘူး, စိတ်ဓာတ်ချင်းပါ တူတယ်။ ရောင် နီမရှိတော့ပေမယ့် ရောင်နီ့စိတ်ဝိညာဉ်က ကိုယ့်နှလုံးအိမ်မှာ အမြဲ ကိန်းအောင်းနေတယ်လို့ ကိုယ်ထင်တယ်။ ယုံလည်းယုံကြည် တယ်။ ဒါကြောင့် နေရောင်နီအဖြစ် ကိုယ် ပိပိရိရိသရုပ်ဆောင်





နိုင်ခဲ့တာပေါ့"

"ဒါနဲ့ မရောင်နီက ဘယ်လိုဆုံးသွားတာလဲဟင်"

"စာမေးပွဲဖြေပြီး ပြန်အလာ ဆိုင်ကယ်မှောက်ပြီး ဆုံး သွားတာ။ သူပြန်လာမယ်ဆိုတော့ ကိုယ်အရမ်းဝမ်းသာခဲ့ရတာ။ ကိုယ်မောင်းတဲ့ဆိုင်ကယ်ကို စီးမိလို့ သူသေရလိမ့်မယ်လို့ တစ် ခါမှ မထင်မိဘူး။ ဘယ်လိုမှမယုံနိုင်စရာဘဲ။ သူမသေခင် ကိုယ့် ကို လမ်းတစ်လျှောက်လုံး လင်းထင်အကြောင်းတွေ ပြောပြလာ တယ်။ လင်းထင်ဆီကို အမြန်ဆုံးပြန်မယ်ဆိုတာ မသေခင် တဖွ ဖွပြောသွားခဲ့တာ။ ဒါကြောင့် ရောင်နီ့ကိုယ်စား ကိုယ်ရောက်လာ ခဲ့တာပဲ။ အလာကောင်းပေမယ့် အခါနှောင်းသွားတယ်။ လင်း ထင်မှာ ချစ်သူသစ်ရှိနေပြီ။ သေသွားတဲ့ကိုယ့်အစ်မအတွက် ကိုယ် ဘယ်လောက်စိတ်ဝိုက် ရှုံးသွပ်သွားမယ်ဆိုတာ မင်း ကိုယ်ချင်း စာတတ်မှာပါ။ ဒါကြောင့် သူချစ်တဲ့သူနဲ့မပေါင်းရအောင် ရောင် နီ့အချစ်ကို ကျိန်စာတစ်ခုလိုသုံးပြီး နှောင့်ယှက်ခဲ့တာ။ အဲ့အတွက် ကိုယ်လုပ်တာ တရားတယ်လို့ထင်တယ်"

"အခုရောဟင်"

ရောင်ဝါ ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်သည်။

"ကိုယ် မှားသွားတယ်။ နောက်ကျမှ သိရပေမယ့် ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ရည်ရဲ့လိမ္မာပါးနပ်မှုကြောင့် သူတို့အဆင်ပြေသွားကြပါပြီ။ အခုတော့ ကိုယ်လည်း ရွှေရည်ဆင်တဲ့ Plot ထဲမှာပဲ နေသားတကျဖြစ်သွားပြီလေ။ အဲဒါအကောင်းဆုံးလို့ ကိုယ်ထင်ပါတယ်''

သူမစကားတွေကို နားထောင်ရင်း သဒ္ဒါ နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်မိ၏။

''သဒ္ဒါကစားလာသမျှဂိမ်းတွေထဲမှာ ဒီဂိမ်းက အဓိပ္ပာယ်အရှိဆုံးနဲ့ အနှစ်သာရအရှိဆုံးပါပဲ။ ဘဝအတွက် သင်ခန်းစာယူစရာတွေ၊ မှတ်သားစရာတွေလည်း ရလိုက်တယ်။ သဒ္ဒါ နောက်ထပ်ကစားမယ့်ဂိမ်းတွေကို Cancel လုပ်လိုက်တော့မယ်''

ရောင်ဝါပြုံးရင်း ခေါင်းညိတ်ပြလိုက်သည်။

''ဘဝအတွက် အဓိပ္ပာယ်ရှိတာတွေကိုပဲ လုပ်မယ်ဆိုရင်တော့ အကောင်းဆုံးပေါ့ ညီမလေးရယ်။ လူတစ်ယောက်ကိုချစ်ရတာပဲဖြစ်ဖြစ် မုန်းရတာပဲဖြစ်ဖြစ် ပူလောင်ပါတယ်''

''သဒ္ဒါ ဒီစာအုပ်လေး မရောင်ဝါကိုပေးခဲ့မယ်နော်။ ဒါနဲ့ အစ်မက တကယ်စာရေးဆရာမလားဟင်''

''ဘာဖြစ်လို့ မေးတာလဲ''

''မရွှေရည်အိမ်ကို သဒ္ဒါဝယ်လိုက်တယ်လေ။ တကယ်လို့ မရောင်ဝါ အေးအေးဆေးဆေး စာရေးချင်တယ်ဆိုရင် အဲ့





အိမ်မှာ လာရေးလို့ရတာပေါ့''

''ကျေးဇူးပါပဲ၊ ဒါနဲ့ အိမ်အပေါ်ထပ် ပြတင်းပေါက်ကိုရော ပိတ်လိုက်ပြီလား''

''ဟင့်အင်း''

''ဒါဆို ပိတ်လိုက်တော့နော်၊ ဖြစ်ခဲ့သမျှတွေအားလုံးပြီးဆုံးသွားပြီဆိုတဲ့ အဓိပ္ပာယ်ပေါ့''

သူမစကားကြောင့် သဒ္ဒါက ခေါင်းညိတ်ပြရင်း လှည့်ထွက်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"မေမေ"

"လာပြီ သမီး၊ လာပြီ"

မေလေး မီးဖိုပေါ်မှ ဟင်းအိုးကို ကပျာကယာချခဲ့ရင်း သမီးလေးအသံကြားရာ အပေါ်ထပ်စာကြည့်ခန်းသို့ ပြေးတက်လာခဲ့မိ၏။

"မေမေ"

"ဟယ်! သမီးရယ်၊ အဲဒီပြတင်းပေါက်နားမှာ ဘာလုပ်နေတာလဲ။ မတော်တဆ ပြုတ်ကျသွားမှဖြင့်"

"မကျပါဘူး မေမေရဲ့။ ကျသွားတာက သမီး ပုံဆွဲထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့စာရွက်။ ဟိုမှာ. . . ဟိုဘက်အိမ်ထဲ လွင့်သွားလို့''

''ဖြစ်ရမယ် အလင်းအိမ်ရယ်၊ စာပဲရေးရေး, ပုံပဲဆွဲဆွဲ အောက်ထပ်မှာလုပ်ပါ။ ညည်းဖေဖေပြန်လာရင် အရိုက်ခံရလိမ့်မယ်။ သူ့စာကြည့်ခန်းထဲကိုမဝင်နဲ့လို့ ပြောထားတယ်မှတ်လား''

''အခု ဖေဖေမှမရှိဘဲ။ ဖေဖေပြန်လာခါနီးရင် အောက်ထပ်ပြန်ဆင်းမှာပေါ့''

သမီးက ငါးနှစ်ပင် မပြည့်သေးသော်လည်း စကားအလွန်တတ်ပြီး လည်လွန်းလှသည်။

''အဲလိုကြပ်ကြပ်လုပ်ပေး, သိလား အလင်းအိမ်။ ညည်းဖေဖေ ငယ်ငယ်တုန်းက အမြင့်ကြီးက ပြုတ်ကျဖူးတယ်။ ကံကောင်း လို့မသေတာ''

ဘွားအေဖြစ်သူ စကားအဆုံး သမီးငယ်က ဆတ်ခနဲ ခေါင်းထောင်ကြည့်ရင်း. . .

''ကံကောင်းလို့ဆိုတာ ဘာကိုပြောတာလဲဟင်''

ဟု မေးလိုက်လေသည်။

''အမယ်လေး. . . လျှာရှည်လိုက်တာ။ ဒီနားမနေနဲ့ဆို မနေနဲ့ပေါ့''

မေလေး ခပ်မာမာဝင်အော်မှ သူမလေးက ငြိမ်သွား





တော့၏။

''မေမေ, သမီးစာရွက် ပြန်လိုချင်တယ်''

''ဘယ်လိုယူပေးရမလဲ၊ အဲ့အိမ်မှာ လူမှမနေ. . . အဲ''

မေလေးစကားက တစ်ပိုင်းတစ်စနှင့် ရပ်သွားရသည်။

''ဒါ သမီးစာရွက်ထင်တယ်''

ပြတင်းဘောင်ကို လက်ထောက်ရပ်နေသော လရောင်ဝါကိုကြည့်ပြီး မေလေး အံ့အားသင့်နေမိ၏။

''ဘယ်. . . ဘယ်တုန်းက ရောက်နေတာလဲဟင်''

''မနေ့ကပဲ ရောက်တယ် မေစုမွန်။ ဒါ မေစုမွန်သမီးလေးလား''

''ဟုတ်တယ်, လရောင်ဝါ၊ သမီးနာမည်က အလင်းအိမ်တဲ့''

မေလေးစကားအဆုံး သမီးက လရောင်ဝါကို ခင်မင်နှစ်လိုစွာကြည့်ရင်း. . .

''အန်တီ့နာမည်က လရောင်ဝါတဲ့လား။ သမီးမှာလည်း အန်တီနဲ့ဆင်တဲ့နာမည်တစ်မျိုး ရှိသေးတယ်။ ဖေဖေက တစ်ခါတလေ သမီးကို 'နေရောင်နီ'လို့ခေါ်တယ်။ ဟုတ်တယ်နော် မေမေ''



www.burmeseclassic.com

www.burmeseclassic.com



"အို! သမီးကလည်း ဘာတွေလျှောက်ပြောနေတာလဲ"

"ရှေ့, သမီး၊ သမီးက ပန်းချီဆွဲတာ သိပ်တော်တာပဲ။ နေရောင်နီဆိုတဲ့နာမည်နဲ့ သမီးက လိုက်ပါတယ်"

"ကျေးဇူးတင်ပါတယ် အန်တီ၊ နေရောင်နီဆိုတာ ပုံပြင်ထဲက မင်းသမီးတဲ့၊ သမီးက မင်းသမီးနဲ့တူတာပေါ့နော်"

စကားတတ်လှသော သမီးလေးကိုကြည့်ပြီး ရောင်ဝါသဘောကျစွာ ပြုံးလိုက်မိ၏။

"သမီးရေ"

"ဟော! ဖေဖေပြန်လာပြီထင်တယ် သမီး။ သွားကြိုလိုက်ဦးလေ"

"ဟုတ်ကဲ့, အန်တီ တာ့တာနော်၊ သမီးနဲ့အန်တီ နောက်နေ့ကျမှ သူငယ်ချင်းလုပ်ကြမယ်"

ချစ်စဖွယ်နှုတ်ဆက်စကားဆိုရင်း သမီးလေးက အောက်ထပ်သို့ ပြေးဆင်းသွားသည်။

လရောင်ဝါက ပြုံးလျက် မေးဆတ်ပြရင်း. . .

"အဆင်ပြေရဲ့လား မေစုမွန်"

ဟု မေးလေသည်။ ဘာကိုဆိုလိုမှန်းမသိပေမယ့် မေလေး ခေါင်းညိတ်ပြလိုက်ပါသည်။





"လရောင်ဝါရော, နေကောင်းတယ်မှတ်လား"

"တစ်ခါတစ်ရံ နှာစေးချောင်းဆိုးတာကလွဲရင် ကောင်းပါတယ် မေစုမွန်"

အဲဲဖြေစကားအဆုံး သူမက ပြတင်းပေါက်မှလှည့်ထွက်သွားလေတော့သည်။ ခဏအကြာ လင်းထင်က သမီးကိုချီလျက် အပေါ်ထပ်သို့ တက်လာ၏။

"မေလေး, ဒီမှာ ဘာလုပ်နေတာလဲ"

မေလေး တစ်ဖက်အိမ် ပြတင်းပေါက်ကို လက်ညှိုးထိုးပြလိုက်၏။ မောင်က ဇဝေဇဝါကြည့်ရင်း ဘာမှမထူးဆန်းပုံနှင့်.

"အဲဒီတံခါးပွင့်နေတာသာ အထူးအဆန်းလုပ်ကြည့်နေရင် အလုပ်တောင် လုပ်ရမှာမဟုတ်ပါဘူး မေလေးရယ်"

ဟု ခပ်တိုးတိုးရေရွတ်နေလေသည်။

"အဲ့အိမ်မှာ ဟိုစာရေးဆရာမ ရောက်နေတယ် မောင်"

"ဘယ်က စာရေးဆရာမလဲ"

"လရောင်ဝါလေ"

မောင်က လုံးဝမသိသလို ခေါင်းခါပြလေသည်။

"မောင် မမှတ်မိဘူးလားဟင်"

"အင်း. . . မသိခဲ့ဘူးထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မေလေး သမီးနဲ့မောင့်ကိုသိုင်းဖက်ရင်း မျက်ရည်လည်လာမိသည်။

"ဘယ်သူ့မှမမှတ်မိလည်းဖြစ်ပါတယ် မောင်။ မေလေးနဲ့သမီးကိုတော့ မေ့မသွားပါနဲ့နော်"

ခပ်တိုးတိုးရေရွတ်လိုက်သော မေလေးစကားအဆုံး မောင်က မည်သို့မျှပြန်မဖြေဘဲ မေလေးပခုံးကို တင်းတင်းပွေ့ဖက်ထားရင်း ငြိမ်သက်ငေးမောနေလေသည်။

အဲဒီအချိန်မှာ မေလေး တစ်စုံတစ်ရာကို အသေအချာ ယုံကြည်လိုက်မိပါရဲ့။ မောင့်ရဲ့သိစိတ်အာရုံထဲမှာ မေလေးနဲ့ သမီးကလွဲပြီး ဘာမှနောက်ထပ်မရှိနိုင်ဘူးဆိုတာပါပဲ။

တကယ်တော့ မိသားစုဘဝဆိုတာ တစ်ယောက်နဲ့တစ်ယောက် ချစ်ခြင်းမေတ္တာ သံယောဇဉ်တွေနဲ့ အခိုင်အမာ ရစ်ပတ်ချည်နှောင်ထားပြီးသားမဟုတ်လား။ တခြား ဘာများလိုအပ်ဦးမှာ ပါလိမ့်။ ။

ပြီးပါပြီ။

*17.5.2010*

*4:00 PM*

BURMESE CLASSIC .com
www.burmeseclassic.com